တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

# မြန်မာ့အလင်း

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။ ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅] အမှတ် [၁၀၂]

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် [10-1-2016]

MYANMA ALINN SUNDAY ISSUE


# ကချင်ပြည်နယ်အတွင်းငြိမ်းချမ်းရေးရောင်ခြည်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ရရှိနေပြီဖြစ် ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူများ ပူးပေါင်းကြိုးပမ်းဆောင်ရွက်

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၆၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်

**ချစ်ခင်လေးစားအပ်ပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ အားလုံး မင်္ဂလာပါခင်ဗျား။**

ယနေ့ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျရောက်သော (၆၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပထမဆုံးကျင်းပသော ကချင်ပြည်နယ်ကောင်စီအစည်းအဝေးမှ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့မှုအား ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ ၁၀ ရက်နေ့ကို "ကချင်ပြည်နယ်နေ့" အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၆၈)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေးမတည်ငြိမ်မှုများ၏ ရိုက်ခတ်မှုကြောင့် လက်နက်ကိုင်ပဋိပက္ခများကို မိမိတို့ ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ ယနေ့အချိန်အခါကာလသည် ထိုကဲ့သို့ မလိုလားအပ်သော အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွယှဉ်တွဲနေထိုင်နိုင်ရန်တို့အတွက် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါလည်း ဖြစ်ပါသည်။

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းကို ကာလရှည်ကြာစွာဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ရသည့်အတွက် ပြည်နယ်၏ ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရပါသည်။ ယနေ့အချိန်တွင် ကချင်ပြည်နယ်အတွင်း

*စာမျက်နှာ ၃ ကော်လံ ၁* ✻



ရန်ကုန်မြို့လယ်ရှိ ဆူးလေမီးပွိုင့်အနီး ရုံးဆင်းချိန်ကိုတွေ့ရစဉ်။

# ရန်ကုန်မြို့အတွင်း အမြန်ယာဉ်စနစ်ဖြင့် အများပိုင်ဘတ်စ်ကားများအသုံးပြု၍ ဇန်နဝါရီလအတွင်း စတင်ပြေးဆွဲရန်စီစဉ်

သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်မြို့အတွင်း အမြန်ယာဉ်စနစ် (BRT- Bus Rapid Transit) အား အသုံးပြု၍ အများပိုင်ဘတ်စ်ကားများအား ပြေးဆွဲပေးနိုင်ရန် လုပ်ဆောင်လျက်ရှိရာ ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း ပြေးဆွဲနိုင်ရန် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သောကုမ္ပဏီ(BRT) ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ဒေါက်တာမောင်မောင်အောင်က ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## တနင်္ဂနွေ ဖတ်စရာများ


ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်
ရ ရထားကြီး ပျော်ပျော်စီးဖို့ ရန်ကုန်ဘူတာကြီး — စာ - ၁၅

နိုင်ငံတကာရေးရာသတင်းဆောင်းပါး
စိုးရိမ်ဖွယ်ရာပြဿနာဖြစ်လာနိုင်သည့် ဆော်ဒီ-အီရန် တင်းမာမှု — စာ - ၁၇

ခရီးသွားဆောင်းပါး
သီပေါ၊ ဘော်ကြိုနှင့် စိမ်းရိပ်ညိုသည့် ဒုဋ္ဌဝတီ — စာ - ၁၆

မြန်မာ့ရိုးရာအားကစား
တစ်နှစ်ကျော်ကြာ မကျင်းပနိုင်ခဲ့သည့် မြန်မာပြည်ချန်ပီယံလုပွဲ အထမြောက်ပြီ — စာ - ၁၈



Warranty for 2-years or 3000 working hours whichever comes first.
Complimentary maintenance Kits, including Lube up to 3000 working hours maintenance.
7 times maintenance services FOC.
Complimentary unlimited repair services during warranty period.
Hire purchase through AYA bank is available.
SPECIAL DEAL
2 Years Warranty
Complimentary Maintenance Kits including Lube
Free Maintenance & Repair Service
DOOSAN
Block - 246, Q-1, Corner of Min Gyi Mahar Min Khaung Street & Myin Wun U Aung Thu Street, Hlaing Tharyar Industrial Zone - 2, Hlaing Tharyar Township, Yangon, Myanmar.
TEL : 09 54 06627, 09 40 277 0563
HTUN NAY WUN
THITSAR COMPANY LIMITED




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လျှပ်စစ်နှင့် မီးဘေးအန္တရာယ်

မီးလောင်မှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများတွင် လျှပ်စစ်ကြောင့် မီးလောင်မှုဖြစ်စဉ်များသည်လည်း အပါအဝင်ဖြစ်ပါသည်။ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပေါ့ဆခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားလျက်ရှိပါသည်။ သို့သော် နေအိမ်တိုက်တာနှင့်နေသူအများစုမှာ လျှပ်စစ်ကြောင့် မီးလောင်နိုင်ခြေနည်း၍ ပေါ့ဆစွာနေတတ်ကြပါသည်။

လျှပ်စစ်ကြောင့် မီးလောင်ရခြင်း၏အဓိကအကြောင်းအရင်းများတွင် ရာသီဥတုအပူရှိန်လွန်ကဲခြင်း၊ မီးအားအတက်အကျ မမှန်ခြင်း၊ သုံးစွဲမှုပေါ့ဆခြင်းတို့ကြောင့် ဖြစ်ပွားနိုင်ပါသည်။

ထို့အပြင် သုံးစွဲသော လျှပ်စစ်ပစ္စည်းများ အရည်အသွေး ပြည့်မီမှု မရှိခြင်း၊ ချွတ်ယွင်းမှုများရှိနေခြင်း၊ လျှပ်စီးပတ်လမ်းကြောင်းနှင့် ဝိုင်ယာကြိုးများ ပေါက်ပြဲခြင်းစသော အကြောင်းတရားများကြောင့်လည်း လျှပ်စစ်မီးလောင်မှုများ ဖြစ်ပွားလျက်ရှိပါသည်။

လတ်တလောလျှပ်စစ်မီးလောင်မှုတစ်ခုမှာ ရန်ကုန်မြို့ မင်္ဂလာဈေးကြီး၌ ဇန်နဝါရီ ၉ ရက် လင်းအားကြီးချိန်တွင် လောင်ကျွမ်းခဲ့သောမီး ဖြစ်ပါသည်။ မီးလောင်မှုမှာ အလွန်ဆိုးရွားစွာလောင်ကျွမ်းခဲ့ပြီး မွန်းတည့် ၁၂ နာရီတိုင်အောင် မီးသတ်တပ်ဖွဲ့ဝင်များက အင်အားအပြည့်ဖြင့် ငြိမ်းသတ်နေသော်လည်း မီးခိုးငွေ့များ တငွေ့ငွေ့ထွက်ပေါ်လျက်ရှိပါသည်။

ဈေးများမီးလောင်မှုသည် အခြားမီးလောင်မှုများနှင့်မတူပေ။ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော ဆိုင်ပိုင်ရှင်များ စီးပွားရေးအရ များစွာထိခိုက်နိုင်ပြီး ဈေးများ၌အလုပ်လုပ်နေသော အလုပ်သမားများအတွက်လည်း အလုပ်အကိုင်များဆုံးရှုံးနိုင်သည့် အနေအထားဖြစ်ပါသည်။ မင်္ဂလာဈေးမီးလောင်မှုသည် ၂၀၁၀ ပြည့်နှစ် မေ ၂၄ ရက်ကလည်း မီးတစ်ကြိမ်လောင်ကျွမ်းခဲ့ပါသည်။ ဈေးမီးဘေးလုံခြုံမှုအဆင့်အတန်း လိုအပ်ချက်များရှိနိုင်ပါသည်။

နေအိမ်တိုက်တာနှင့် ယခုကဲ့သို့ဈေးကြီးများ မီးလောင်မှုသည် သာမန်အားဖြင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်သည်ဟုသာ ပြောဆိုလျက်ရှိပါသည်။ ဝိုင်ယာရှော့ခ်ဖြစ်၍မီးလောင်ခြင်းသည် အမှုကို ပေါ့စေသည်ဟု ယူဆကြသည့်အတွက် နေအိမ်တိုက်တာများနှင့် ဈေးများ မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းအများစုကို လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်သည်ဟု အလွယ်တကူပြောဆိုလျက်ရှိပါသည်။ အမှန်မှာ မည်သည့်အတွက်ကြောင့် လောင်သည်ဖြစ်စေ လူတို့၏ပေါ့ဆမှုကြောင့်သာ ဖြစ်ပါသည်။

ယခုအခါ နေအိမ်တိုက်တာများ၊ စတိုးဆိုင်များ၊ ဈေးများ တိုးချဲ့ဖွင့်လှစ်လာမှုနှင့်အတူ လျှပ်စစ်သုံးစွဲမှုမှာလည်း တစ်နေ့တခြားများပြားလျက်ရှိပါသည်။

တစ်ချိန်တည်းမှာပင် လျှပ်စစ်ကြောင့် မီးလောင်မှုများသည်လည်း တိုးပွားဖြစ်ပေါ်လျက်ရှိပါသည်။ သို့ဖြစ်၍ ပြည်သူတို့အနေဖြင့် လျှပ်စစ်ကြောင့် မီးလောင်မှုများမဖြစ်ပွားစေရေး အထူးသတိပြုသုံးစွဲသင့်ပါကြောင်း။ ။

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**


**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၉**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ အမျိုးသားပရဆေးဥယျာဉ် ရှင်းလင်းဆောင်၌ မြန်မာနိုင်ငံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ရွှေက မြန်မာနိုင်ငံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် အသိအမှတ်ပြုလက်မှတ် GAP Certificate ထုတ်ပေးနိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် လျှောက်ထားလိုသော တောင်သူများအားလည်း ဌာနတွင်း တာဝန်ရှိသူများက လိုအပ်သည်များကို ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ GAP သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသော ဌာနခြံ၊ ပုဂ္ဂလိကခြံများမှ သီးနှံများကို အသိအမှတ်ပြုလက်မှတ် အမြန်ဆုံး ထုတ်ပေးသင့်ကြောင်း၊ GAP အသိပညာများကို တောင်သူများနှင့် ဒေသခံ ပြည်သူများအား ဖြန့်ဝေပေးရန်နှင့် တောင်သူများနှင့် ချိတ်ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင် လုပ်ဆောင်ရမည်မှာ သက်ဆိုင်ရာ ဝန်ထမ်းများ၏ တာဝန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (တိုင်းဒေသကြီး/ပြည်နယ်)၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (နည်းပညာ) ဥယျာဉ် ဇီဝဌာနခွဲမှ ပညာရှင် ဒေါက်တာလှလှမြင့်၊ သရက်သီးနှံ ပညာရှင် ဦးတင့်နိုင်နှင့် တက်ရောက်လာသော ပညာရှင်များက ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ရွှေနှင့်အဖွဲ့သည် အမျိုးသားပရဆေးဥယျာဉ်အတွင်း စိုက်ပျိုးပြသ ထားသော စိုက်ခင်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောင်းဆောင်များ ယိုယွင်းပျက်စီး၍ ပညာသင်ကြားရေး ခက်ခဲနေ

**ထင်သာမြင်သာပြုပြင်စရာ**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြို့မ(၂) ရပ်ကွက် ရွှေပေါက်ကံအပိုင်းရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲသည် မူလတန်းပညာရေးကို ၁၉၄၅ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုး တည်ထောင်ဖွင့်လှစ်သင်ကြားပေးခဲ့ရာမှ ၁၉၅၄ ခုနှစ် အစိုးရအခြေခံပညာမူလတန်း ကျောင်းအဆင့်၊ ၂၀၀၂ ခုနှစ် မူလွန်၊ ၂၀၁၄ ခုနှစ် အလက(ခွဲ) အဆင့်တိုးမြှင့်မှုများဖြင့် ပညာရေးဌာနမှ သင်ကြားခွင့် ပေးထားသော ကျောင်းတစ်ကျောင်းဖြစ်သည်။

ယခုအခါ အဆိုပါ ကျောင်းဝင်းအတွင်း တည်ဆောက်ထားသော စာသင်ဆောင်များမှာ ဆိုးရွားစွာ ယိုယွင်းပျက်စီးလျက်ရှိသည်။

ကျောင်းအကျိုးတော်ဆောင် ဦးအောင်မင်းက “ဒီကျောင်းဆောင်တွေဟာ ရပ်ရွာက အလှူခံပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားတာပါ။ ရပ်ရွာထဲမှာလည်း အများစုက နွမ်းပါးတဲ့အတွက် ပြုပြင်ဖို့ အခက်အခဲရှိနေတယ်။ ဒီကြားထဲ ပင်မ ကျောင်းဆောင်အတွင်းမှာ အကာအရံ လုံခြုံမှုမရှိဘဲ သင်ကြားနေရတော့ စာအော်သံတွေ ဆူညံပြီး ခက်ခဲမှုတွေဖြစ်နေတယ်။ ဒေသခံပြည်သူတွေက သင့်တင့်တဲ့ ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးနိုင်ဖို့ အတွက် မျှော်လင့်နေကြပါတယ်” ဟု ပြောပြသည်။ **ပိန်းဇလုပ်သိန်းညွန့်**






# သားဖွားဒီပလိုမာ(ဒုတိယအကြိမ်)ပေးအပ်

**ပြည် ဇန်နဝါရီ ၉**

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန သူနာပြုနှင့် သားဖွားသင်တန်းကျောင်းပြည်မြို့၏ (ဒုတိယအကြိမ်မြောက်) သားဖွားဒီပလိုမာ အောင်လက်မှတ်ပေးအပ်ပွဲကို ဇန်နဝါရီ ၈ ရက်က ပြည်မြို့ ဗိုလ်ချုပ်လမ်း သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

ထို့နောက် သူနာပြုသားဖွားသင်တန်းကျောင်း၏ ကျောင်းအုပ်ကြီး ဒေါ်ခင်မို့မို့ဦးက သားဖွားဒီပလိုမာအောင်လက်မှတ်ရ ဆရာမ ၅၉ ဦးတို့အား အဓိဋ္ဌာန်ပြုကတိသစ္စာကိုရွတ်ဆိုစေပြီး ဒီပလိုမာအောင်လက်မှတ်များကို တစ်ဦး ချင်းပေးအပ်ခဲ့သည်။ အခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သူနာပြုသားဖွားသင်တန်းကျောင်း၏ စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | မန္တလေး |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၃ |
| ဥရောပ | တစ်ယူရို | ၁၃၉၉.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၁၄.၆၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၄၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၈၉ |
| တရုတ် | တစ်ယွမ် | ၁၉၉.၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၇၁ |

ခင်ရတနာ-စုစည်းသည်။

**✻ ရှေ့ဖုံးမှ**

ငြိမ်းချမ်းရေးရောင်ခြည်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ရရှိနေပြီဖြစ်ရာ ယင်းအခြေခံကောင်းများနှင့်အတူ ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော် အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်အဖြစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အလျောက်ရရှိပြီး တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံးက လက်တွဲကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

# အိန္ဒိယနိုင်ငံသားများ တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံဖွား အိန္ဒိယနိုင်ငံသားများနှင့် အိန္ဒိယနိုင်ငံဖွားနိုင်ငံသားများ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်အတွက် နှစ်စဉ်ကျင်းပသည့် အိန္ဒိယနိုင်ငံသားများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ အိန္ဒိယသမ္မတနိုင်ငံ သံရုံး၌ ကျင်းပသည်။

"နိုင်ငံပေါင်းစုံမှာရှိနေတဲ့ အိန္ဒိယနွယ်ဖွားအားလုံး၊ နေရာတစ်နေရာစီမှာရှိနေတဲ့သူတွေအားလုံး တွေ့ဆုံတဲ့ပွဲဖြစ်ပါတယ်၊ နိုင်ငံပေါင်းစုံမှာ အိန္ဒိယနွယ်ဖွားတွေ အများကြီးရှိတယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးစေဖို့အတွက် ပြုလုပ်တဲ့ပွဲပါ၊ ယဉ်ကျေးမှုတွေကိုလည်း ထိန်းသိမ်းရာ ရောက်တယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya က ပြောသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားတွင် အိန္ဒိယနိုင်ငံ ရိုးရာအကများဖြင့် ကပြဖျော်ဖြေပြီး ရိုးရာအစားအစာများ တည်ခင်းဧည့်ခံသည်။ အဆိုပါပွဲသို့တက်ရောက်လာသည့် ဒေါက်တာသရင်းသိန်းက "မြန်မာနိုင်ငံမှာရှိတဲ့ အိန္ဒိယနွယ်ဖွားတွေ တစ်နှစ်တစ်ခါ တွေ့ဆုံတဲ့ပွဲပါ။ တွေ့ဆုံပွဲမှာ အဖွဲ့အစည်းအများကြီးထဲက ကိုယ်စားပြုတက်ကြပြီး အသိပညာဗဟုသုတတွေ ဖလှယ်ကြတယ်။ အိန္ဒိယနွယ်ဖွားတွေအားလုံး တစ်ဦးနဲ့တစ်ဦး ပိုမိုရင်းနှီးမှုရှိတယ်။ လူငယ်တွေအတွက်လည်း ရင်းနှီးမှုပိုရစေတယ်"ဟု ပြောသည်။ အိန္ဒိယနိုင်ငံသားများတွေ့ဆုံပွဲကို ၂၀၀၂ ခုနှစ်က စတင်ကျင်းပခဲ့ကာ (၁၄)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း အိန္ဒိယသံရုံးမှ သိရသည်။

**မင်းသစ်**

# မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ တွေ့ဆုံပွဲကျင်းပနိုင်ရေး စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ အားကစားလောက တိုးတက်အောင်မြင်စေရေး၊ မြန်မာ့လက်ရွေးစင်ဟောင်းများ ချစ်ခင်ညီညွတ်စွာစုစည်း၍ အချင်းချင်း လူမှုရေးလိုအပ်ချက်များ ကူညီစောင့်ရှောက်ရေးနှင့် နိုင်ငံတော်၏ အားကစားဆိုင်ရာ အရေးကိစ္စများတွင် တတ်စွမ်းသမျှ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးရည်ရွယ်ချက်များဖြင့် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများ တွေ့ဆုံပွဲကျင်းပနိုင်ရေး စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏအသင်းရုံးခန်းမ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများအသင်း ယာယီကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် ဦးနန္ဒကျော်စွာက ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲကြီးတွင် လက်ရွေးစင်အားကစားသမားဟောင်းကြီးများ တစ်နေရာတည်း စုရုံးရောက်ရှိ ပါဝင်ဆင်နွှဲခဲ့စဉ် နိုင်ငံတော်၏ အားကစားမြှင့်တင်နိုင်ရေးအတွက် လက်ရွေးစင်အားကစားသမားဟောင်းများအနေဖြင့် မိမိတို့တတ်စွမ်းသမျှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တစ်ထောင့်တစ်နေရာကပါဝင်နိုင်ရေး ယခုကဲ့သို့ အသင်းကို ဖွဲ့စည်းခဲ့ရခြင်းဖြစ်ကြောင်း၊ အသင်းရည်ရွယ်ချက်အနေဖြင့် အားကစားသမားဟောင်းကြီးများ၏ လူမှုရေးကိစ္စရပ်များကို ကူညီစောင့်ရှောက်ပေးရန် နိုင်ငံတော်၏ အားကစားဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ အားကစားလောက တိုးတက်မြင့်မားရေးအတွက် မိမိတို့ရရှိပြီးသား အတွေ့အကြုံများကို နောင်တက်လာမည့် အားကစားသမားလူငယ်အသစ်များကို လက်ဆင့်ကမ်းပေးရန်၊ မိမိတို့အတွေ့အကြုံများသည် မည်သည့်အရာနှင့်မျှ လဲယူ၍မရနိုင်သောကြောင့် ထိုအတွေ့အကြုံများကို အားကစားသမားဟောင်းကြီးများမှ လက်ဆင့်ကမ်း မျှဝေပေးရန်တို့ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားသမားဟောင်းကြီးများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် မြန်မာ့အားကစားသမား လက်ရွေးစင်ဟောင်းများအသင်း အတွင်းရေးမှူး၊ ယာယီဒုတိယဥက္ကဋ္ဌ ဦးကျော်ခင်၊ အသင်းဘဏ္ဍာရေးမှူးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ ယာယီဒုတိယဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)၊ အမှုဆောင် ဒေါ်ဂျင်နီဖာတင်လေးတို့က ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အသင်းဝင်လိုသူ အားကစားသမားဟောင်းကြီးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ဆက်သွယ်ကာ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာရေးကို ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသော မီဒီယာသမားများက သိလိုသည်များကိုမေးမြန်းကြရာ အသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင်၊ အတွင်းရေးမှူး ဦးစိုးသိမ်းနှင့် ဘဏ္ဍာရေးမှူးတို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❊ ရှေ့ဖုံးမှ**

အများပိုင်ဘတ်စ်ကား ပြေးဆွဲနိုင်ရန်အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းမှစတင်၍ ရှယ်ယာများအား ပြည်သူတစ်ဦးလျှင် အနည်းဆုံး ငွေကျပ်တစ်သိန်းမှစတင်၍ ကျပ်သိန်းတစ်ထောင်ဖိုးအထိ အများပြည်သူများအား ရောင်းချခဲ့သည်။ ယင်းသို့ရောင်းချခဲ့ရာတွင် ယခုအခါ၌ ပြည်သူ ၅၀၀ ကျော်ကမြန်မာကျပ်ငွေ တစ်ဘီလီယံဖိုးအထိ ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သောကုမ္ပဏီမှ သိရသည်။

"ကားတွေက ဇန်နဝါရီလ ဒုတိယပတ်ဆိုရောက်ပြီ။ တပ်ဆင်တာနဲ့ ကားတွေ စစ်ဆေးမှုလုပ်တာက တစ်ပတ်ကျော်လောက်တော့ ကြာမယ်။ တရုတ်ကားနဲ့ ဟွန်ဒိုင်းတွေ အရင်ရောက်မယ်။ ကိုရီးယားကနေမှာထားတာတော့ နည်းနည်းနောက်ကျမယ်။ အများပိုင်ဘတ်စ်ကားတွေ ပြေးဆွဲဖို့အတွက် ဇန်နဝါရီလ နောက်ဆုံးပတ်လောက် စတင်နိုင်အောင်ကြိုးစားမယ်။ အခုယာဉ်မောင်းခေါ်တဲ့အဆင့်ပေါ့။ ယာဉ်မောင်းကို လုံလောက်တဲ့ လစာပေးမယ်လို့တော့ ပြောထားတယ်။ ယာဉ်မောင်းတော့ လိုသလောက် မရသေးဘူး။ မသိတဲ့အပိုင်းလည်း ပါမယ်ထင်တယ်"ဟု ဒေါက်တာမောင်အောင်က ပြောသည်။

အများပိုင် ဘတ်စ်ကားများ စတင်ပြေးဆွဲရန်အတွက် ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းကြောင်း နှစ်ခုကို ရွေးချယ်ထားပြီး လမ်းညာဘက် ယာဉ်ကြောမှ ပြေးဆွဲသွားမည်ဖြစ်သည်။ မူလတွင် အများပိုင်ကားလိုင်းအား ထိုင်ခုံ ၃၈ ခုံ ပါဝင်သည့် ဘတ်စ်ကား ၆၅ စီးဖြင့် စတင်ပြေးဆွဲရန် စီစဉ်ထားသော်လည်း ဘတ်စ်ကားတင်သွင်းမှု ကြန့်ကြာနေခြင်းကြောင့် ဘက်စ်ကားများအားလုံး ပြေးဆွဲနိုင်မည်မဟုတ်ဟု သိရသည်။

ဒေါက်တာ မောင်အောင်က "လမ်းနှစ်ခုမှာ ပြည်လမ်းက စတင်ပြေးဆွဲဖို့များပါတယ်။ Bus Stand (ခရီးသည်စောင့်တဲ့မှတ်တိုင်) တော်တော်များများကတော့ ပြီးနေပြီ။ ဘတ်စ်ကားပြေးဆွဲမယ့် လမ်းကြောင်းပြ ခရီးစဉ်မြေပုံကပ်တာနဲ့ ဆိုင်းဘုတ်လုပ်တာလေးတွေ ကျန်မယ်။ လက်မှတ်စနစ်အတွက် လုပ်ဆောင်ဖို့ အချိန်နည်းနည်း ယူနေရတယ်။ မှတ်တိုင် အသွားအပြန် ၄၄ ခုရှိမယ်" ဟု ဇန်နဝါရီလ နောက်ဆုံးပတ်တွင် အများပိုင် ဘတ်စ်ကားများ စတင်ပြေးဆွဲနိုင်ရန် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ပြောသည်။

ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်များအား အမြန်ယာဉ်စနစ် BRT(Bus Rapid Transit)စနစ် အသုံးပြုကာ အကောင်အထည်ပေါ်လာနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဇူလိုင်လကတည်းက စတင်အကောင်အထည်ဖော်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြိုးစားခဲ့ရာ ယခုအချိန်တွင် အကောင်အထည်ပေါ်ပေါက်လာပြီဖြစ်သည်။ ယခုကဲ့သို့ BRT စနစ်ကို အသုံးပြုခြင်းအားဖြင့် ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့ ကျပ်တည်းမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်ကို ကျင့်သုံးနိုင်မည်သာမက ဘတ်စ်ကားပြေးဆွဲမှုများ စနစ်တကျ ဖြစ်လာနိုင်မည်ဖြစ်သည်။

"ကျွန်တော်နဲ့ သိပ်မဆိုင်ပေမယ့် အများပိုင်ဘတ်စ်ကားတွေ ဖြစ်လာရင်တော့ ကောင်းတာပေါ့။ မှတ်တိုင်ရပ်စောင့်စရာမလိုဘူး။ လက်မှတ်စနစ်နဲ့ဆိုတော့ ကားစပယ်ယာမျက်နှာ ကြည့်စရာမလိုဘူး။ နောက်ကားတွေက အသစ်ဖြစ်လာမယ်။ လူနေမှုစနစ်တစ်ခု မြင့်လာမယ်လို့ထင်တယ်"ဟု သာကေတမြို့နယ်၌ နေထိုင်သူ ကိုသန်းဦးက ပြောသည်။

ရန်ကုန်မြို့တော်တွင် လွတ်လပ်ရေးရစဉ်အချိန်ကာလက လူဦးရေ ခြောက်သိန်းခန့်သာ ရှိခဲ့သော်လည်း ယခုအခါတွင် ရန်ကုန်မြို့ပြ၌ လူဦးရေငါးသန်းကျော်ကျော် နေထိုင်လျက်ရှိသည်။ ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများနှင့် ယာဉ်သွားလာမှု နှောင့်နှေးကြန့်ကြာခြင်းတို့သည် မြို့နေပြည်သူများ၏ လူနေမှုဘဝများကိုသာမက စီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်မှုများ ရှိလာနိုင်သဖြင့် BRT စနစ်ကို အမြန်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

# ဆူးလေစေတီတော်၌ အသံမစဲ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီး၏ (၁၀၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် အသံမစဲ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ပြာသိုလဆန်း ၆ ရက်(ဇန်နဝါရီ ၁၅ ရက် သောကြာနေ့)မှ ပြာသိုလဆန်း ၁၄ ရက် (ဇန်နဝါရီ ၂၃ ရက် စနေနေ့)ထိ ကျင်းပမည်ဖြစ်သည်။

ပြာသိုလဆန်း ၁၁ ရက် (ဇန်နဝါရီ ၂၀ ရက် ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး အောင်ပွဲအခမ်းအနားအဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပြာသိုလပြည့်(ဇန်နဝါရီ ၂၄ ရက် တနင်္ဂနွေနေ့) ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**



# ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဖွဲ့စည်း

**နေပြည်တော် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဖွဲ့စည်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ခိုလမ်မြို့၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စောအိုင်းဇက်ဖိုးက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**(မြဝတီ)**

# ပင်လယ်နီအပန်းဖြေစခန်းရှိ ဟိုတယ်၌ ခရီးသွားများ တိုက်ခိုက်ခံရ

**ကိုင်ရို ဇန်နဝါရီ ၉**

အီဂျစ်နိုင်ငံ ပင်လယ်နီအပန်းဖြေစခန်းရှိ ဟိုတယ်တစ်လုံး၌ သောကြာနေ့က သေနတ်ကိုင်ဆောင်ထားသည့် လူနှစ်ဦးဝင်ရောက်တိုက်ခိုက်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားသုံးဦးဒဏ်ရာရရှိခဲ့သည်ဟု အီဂျစ်အာဏာပိုင်များက ပြောသည်။

ဒဏ်ရာရရှိသူများမှာ ဩစတြီးယားနိုင်ငံသားနှစ်ဦးနှင့် ဆွီဒင်နိုင်ငံသား တစ်ဦးဖြစ်ပြီး တိုက်ခိုက်သူများမှာ ထွက်ပြေးလွတ်မြောက်ရန်ကြိုးပမ်းခဲ့သည်ဟု အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

တိုက်ခိုက်သူနှစ်ဦးအနက် တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ပြီး ကျန်တစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။ တိုက်ခိုက်သူများသည် လေသေနတ်နှင့်ဓား တစ်ချောင်းသယ်ဆောင်လာခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။ တိုက်ခိုက်သူများသည် သေနတ်တစ်လက်၊ ဓားတစ်ချောင်းအပြင် အသေခံဗုံးခွဲသည့် ခါးပတ်ကို သယ်ဆောင်လာခဲ့သည်ဟု လုံခြုံရေးဆိုင်ရာ သတင်းအရင်းအမြစ်က အစောပိုင်းတွင် ပြောခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေခံဗုံးတပ်ဆင်ထားသည့်လူကို ပစ်သတ်ခဲ့သည်။ တိုက်ခိုက်သူနှစ်ဦးအနက် တစ်ဦးမှာ ကျောင်းသားဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။ ဆိုင်းနိုင်းကျွန်းဆွယ်နှင့် ဝေးလံခေါင်သီသော နေရာများတွင် စစ်သွေးကြွများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခဲ့ကြပြီး ကမ္ဘာလှည့်ခရီးသွားများ အများဆုံးလာရောက်သည့် ပင်လယ်နီစခန်း



ကဲ့သို့သော နေရာမျိုးတွင် တိုက်ခိုက်ခြင်းပြုလုပ်ရန် စစ်သွေးကြွများက စဉ်းစားလာကြသည်။ အီဂျစ်နိုင်ငံတွင် ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးကို အဓိကထောက်ပံ့ ပေးသောအရာဖြစ်သည်။ **(ရိုက်တာ)**



# ထွက်ပြေးခဲ့သော မက္ကဆီကို မူးယစ်ရာဇာအား ပြန်လည်ဖမ်းမိ

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၉**

လွန်ခဲ့သောခြောက်လက အချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်သွားသော ဂွတ်ဇ်မန်းဟု လူသိများသော ကမ္ဘာ့ထိပ်တန်း မူးယစ်ရာဇာအား မက္ကဆီကိုရဲအဖွဲ့က ပြန်လည်ဖမ်းဆီးလိုက်သည်။

စီနာလိုယာ မူးယစ်အဖွဲ့အကြီးအကဲအား စီနာလိုယာပြည်နယ် အနောက်တောင်ပိုင်း လော့စ်မိုချစ်မြို့နေအိမ်၌ လူငါးဦးသေဆုံးသည့် စစ်ဆင်မှုအပြီး လမ်းဘေးမိုတယ်တစ်ခု၌ ဖမ်းဆီးလိုက်သည်။

ဂျိုအာကွင်းဂွတ်ဇ်မန်းလိုရာကို ဖမ်းဆီးလိုက်ပြီဖြစ်သည်ကို မိမိအနေဖြင့် အသိပေးလိုကြောင်း သမ္မတအန်းနရစ်ပီနာနီတိုက ၎င်း၏ တွစ်တာဝက်ဘ်ဆိုက် အကောင့်မှ တစ်ဆင့်ပြောကြားသည်။

အမေရိကန်က အဆိုပါ မူးယစ်ရာဇာကို နေရပ်ပြန်ပို့ရန် မေတ္တာရပ်ခံခဲ့ပြီး ဂွတ်ဇ်မန်းအား ဖမ်းဆီးနိုင်ခဲ့သဖြင့် အမေရိကန်နှင့် မက္ကဆီကို ဆက်ဆံရေးတိုးတက်ရန် အထောက်အပံ့ဖြစ်စေနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဂွတ်ဇ်မန်းသည် တစ်ချိန်က ဖောဘီးစ်မဂ္ဂဇင်း၏ အချမ်းသာဆုံးဘီလျံနာစာရင်းတွင် ထည့်သွင်းခံရသူဖြစ်ပြီး ကိုကင်း၊ ဘိန်းဖြူ၊ ဆေးခြောက်နှင့် မက်သာဖက်တမင်းတို့ကို အမေရိကန်သို့ မှောင်ခိုတင်သွင်းခြင်းဖြင့် ဒေါ်လာဘီလီယံပေါင်းများစွာ ချမ်းသာနေသူဖြစ်သည်ဟု သိရသည်။ **(ရိုက်တာ)**

# ဂျပန်နှင့်ဗြိတိန်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

**တိုကျို ဇန်နဝါရီ ၉**

ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နာခါတာနီနှင့် ဗြိတိသျှ ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖော်လွန်းတို့သည် စနေနေ့က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။

အထူးသဖြင့် ဝန်ကြီးနှစ်ဦးသည် ကမ္ဘာ့အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် ဒေသတွင်းတည်ငြိမ်ရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

နာခါတာနီနှင့် ဖော်လွန်းတို့သည် စနေနေ့က နှစ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးများ တွေ့ဆုံခဲ့သည့် အဆိုပါနေ့တွင် တိုကျိုမြို့၌ တွေ့ဆုံခဲ့ကြသည်။

မြောက်ကိုရီးယားက ဟိုက်ဒရိုဂျင်ဗုံး အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပြီးနောက် ပိုမိုပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် နှစ်နိုင်ငံဝန်ကြီးများက ပြောသည်။ ကာကွယ်ရေးဝန်ကြီးနှစ်ဦးသည် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အပြင် သဘာဝဘေးဆိုင်ရာ ကဏ္ဍများတွင်လည်း တပ်ဖွဲ့ဝင်များ အပြန်အလှန်ဖလှယ်ကြရန် သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။ **(ဆင်ဟွာ)**

# အာဖဂန်တပ်မတော်က ၂၄ နာရီအတွင်း စစ်သွေးကြွ ၃၀ ကို သုတ်သင်

**ကဘူးလ် ဇန်နဝါရီ ၉**

အာဖဂန်နိုင်ငံ ပဋိပက္ခဖြစ်ပွားမှုနယ်မြေများတွင် အာဖဂန် အမျိုးသားတပ်မတော်က စစ်သွေးကြွနှိမ်နင်းဆန့်ကျင်ရေး စစ်ဆင်ရေးလုပ်ဆောင်ရာ ၂၄ နာရီအတွင်း စစ်သွေးကြွ ၃၀ ကို သုတ်သင်နိုင်ခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၉ ရက် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ထို့အပြင် အာဖဂန်အမျိုးသားတပ်မတော်က လက်နက်ခဲယမ်းမီးကျောက်အမြောက်အမြားကို အဆိုပါစစ်ဆင်ရေးတွင် သိမ်းဆည်းနိုင်ခဲ့ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြခဲ့သည်။

အကြမ်းဖက်စစ်သွေးကြွများနှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မှုများပြုလုပ်ရာတွင် အာဖဂန် အမျိုးသားတပ်မတော်မှ တပ်ဖွဲ့ဝင်ခုနစ်ဦးလည်း အသက်ပေးဆပ်ခဲ့ရကြောင်း အဆိုပါကြေညာချက်တွင် ထပ်မံဖော်ပြသည်။

လွန်ခဲ့သော ဧပြီလကတည်းက အကြမ်းဖက်သမားများနှင့် အကြမ်းဖက် တန်ပြန်တိုက်ခိုက်ရေးသမားများသည် အာဖဂန် ပဋိပက္ခဇုန်တွင် သူတစ်ပြန်ကိုယ်တစ်ပြန် အပြန်အလှန် ထိုးစစ်ဆင်နွှဲနေခဲ့ရာ ယင်းအခြေအနေမှာ ဆက်လက်ပြင်းထန်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# လူ ၇၇ ဦးသေဆုံးခဲ့သည့် ရှန်ကျန်းမြေပြိုမှုနှင့်သက်ဆိုင်သော ကုမ္ပဏီ တာဝန်ရှိသူ ငါးဦးကို ထပ်မံဖမ်းဆီး

**ရှန်ဟိုင်း ဇန်နဝါရီ ၉**

တရုတ်ရဲအရာရှိများက လွန်ခဲ့သောလက ကွမ်တုံဒေသ ရှန်ကျန်းမြို့မြေပြိုမှုကြောင့် လူ ၇၇ ဦးသေဆုံးမှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူငါးဦးကို ထပ်မံဖမ်းဆီးလိုက်ကြောင်း၊ ယခုဖမ်းဆီးလိုက်သူများအပါအဝင် စုစုပေါင်း ၁၆ ဦးရှိပြီဖြစ်ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ပြောခဲ့သည်။

နိုင်ငံတော်ကောင်စီလေ့လာစုံစမ်းရေးအဖွဲ့က ရှန်ကျန်းမြို့ မြေပြိုခြင်းသည် ဘူမိဗေဒသဘောတရားထက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရေးစီမံခန့်ခွဲမှု အားနည်းခြင်းကြောင့်ဖြစ်သည်ဟု ပြောခဲ့သည်။ ဥပဒေကိုယ်စားလှယ်တစ်ဦး၊ ရှန်ကျန်းရီရှန်လောင်ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး ဒုတိယမန်နေဂျာနှင့် ကြီးကြပ်သူ အကြီးအကဲများအပါအဝင် စုစုပေါင်း ၁၁ ဦးကို ယခုလတွင် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ရှန်ကျန်းမြေပြိုမှုကြောင့် ဖမ်းဆီးထားသူ စုစုပေါင်း ၁၆ ဦးစလုံးကို လုပ်ငန်းခွင်ပေါ့လျော့မှုဖြင့် တရားစွဲဆိုထားကြောင်း ရှန်ကျန်းရှေ့နေ၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာက သောကြာနေ့တွင် ဖော်ပြခဲ့သည်။ ရှန်ကျန်းရီရှန်လောင်ရင်းနှီးမြှုပ်နှံမှုကို ဖုန်းဆက်သွယ်မှုများ ပြုလုပ်ရာတွင်လက်ခံဖြေကြားခြင်းမရှိကြောင်း၊ ရှန်ကျန်းမြေပြိုခြင်းသည် တရုတ်နိုင်ငံ စက်မှုလုပ်ငန်းနှင့်ဆိုင်သော ဘေးကင်းလုံခြုံမှုစံနှုန်းနှင့် နှစ်ပေါင်းများစွာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးအပေါ် ကြီးကြပ်မှုတာဝန်ပေါ့လျော့လာခြင်းများကို မေးခွန်းထုတ်စရာများဖြစ်စေခဲ့ကြောင်း ဆိုသည်။ **(ရိုက်တာ)**



# မလေးရှားဗီဇာကြေးတိုးမြှင့်မှု ညှိနှိုင်းဆောင်ရွက်သွားမည်

သတင်း-မင်းသစ်
ဓာတ်ပုံ-နေလင်း

ရန်ကုန် ဇန်နဝါရီ ၉

**မလေးရှားဗီဇာကြေး တိုးမြှင့်လိုက်မှုအပေါ် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောသည်။**

“ဒီကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးပွဲတွေလုပ်မယ်၊ နိုင်ငံခြားရေးလည်း ပါတယ်၊ ဝန်ဆောင်တဲ့ ကုမ္ပဏီတွေလည်းပါတယ်၊ အလုပ်သမားတွေ ထိခိုက်နစ်နာမှုရှိတယ်ဆိုရင် မေတ္တာရပ်ခံရမှာပေါ့၊ ဒါက နိုင်ငံအားလုံးကို အဲဒီလို လုပ်တယ်ဆိုရင်တော့ မတတ်နိုင်ဘူး”ဟု ၎င်းကပြောသည်။

မလေးရှားနိုင်ငံက ဗီဇာကြေး တိုးမြှင့်ကောက်ခံမှုအပေါ် မြန်မာနိုင်ငံရှိ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ စုပေါင်းပြီး မလေးရှားပြည်ထဲရေးဝန်ကြီးဌာနသို့ မလေးရှားသံရုံးမှတစ်ဆင့် စာပို့တင်ပြထားကြောင်း မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ သိရသည်။

“ဗီဇာကြေးအရ မလေးရှားသံရုံးက ခြောက်ဒေါ်လာကောက်တာ၊ အခု ၅၁ ဒေါ်လာတက်သွားတယ်။ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁၈ သိန်းနဲ့ ညီမျှတဲ့ မြန်မာငွေဆုံးရှုံးရတယ်”ဟု မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမင်းလှိုင်က ပြောသည်။

မြန်မာနိုင်ငံရှိ မလေးရှားသံရုံးမှ ၎င်းတို့နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာလုပ်သားများအတွက် မလေးရှားပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားမှုကို ယခင်က ခြောက်ဒေါ်လာကောက်ခံခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်က OSC(One Stop Center) ဖွင့်လှစ်ခဲ့ပြီး ၅၁ ဒေါ်လာ ကောက်ခံရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ၅၁ ဒေါ်လာတွင် ဗီဇာစစ်ရန်အတွက် ကွန်ပျူတာခ ၂၆ ဒေါ်လာ၊ဝန်ဆောင်ခအတွက် ၂၅ဒေါ်လာနှင့်သံရုံးဗီဇာအတွက်ခြောက်ဒေါ်လာ စုစုပေါင်း ၅၇ ဒေါ်လာ ကောက်ခံကြောင်း အဖွဲ့ချုပ်မှ သိရသည်။

“မလေးရှားပို့တဲ့ ဝန်ဆောင်ခကတော့ဈေးမတက်ပါဘူး။ မလေးရှားအတွက် ဝန်ဆောင်ခကို အမေရိကန်ဒေါ်လာ ၈၅၀ သတ်မှတ်ထားတယ်။ ငွေဈေးတက်လို့ ဈေးတက်သွားတဲ့သဘောပါ”ဟု ဥက္ကဋ္ဌက ပြောသည်။




**မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့် မြန်မာလုပ်သားများ မြောက်ဒဂုံမြို့နယ်ရှိ ပင်လုံခန်းမ၌ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဖွင့်လှစ်ထားသည့် သင်တန်းတက်ရောက်နေကြစဉ်။**

မြန်မာနိုင်ငံရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ အလုပ်သမားများပို့ဆောင်ရာတွင် ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံအစိုးရတို့နှင့် MoU ရေးထိုးထားကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် ထိုင်းနိုင်ငံသို့ အများဆုံးသွားရောက်ပြီး မလေးရှားနိုင်ငံသို့ ဒုတိယအများဆုံး သွားရောက်ကာ ဂျပန်နိုင်ငံသို့ တတိယအများဆုံး သွားရောက်ကြောင်း သိရသည်။

“၂၀၁၆ မှာတော့ ပြည်ပသွားတဲ့ အလုပ်သမားတွေက မြန်မာနိုင်ငံမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ကောင်းလာမယ်။ နိုင်ငံခြားလုပ်ခ လစာအတိုင်း နိုင်ငံခြားကုမ္ပဏီတွေက မြန်မာနိုင်ငံမှာ လာလုပ်ပြီး ပေးမယ်ဆိုရင် ပြည်ပသွားမယ့်သူ နည်းသွားမှာပါ”ဟု ဥက္ကဋ္ဌကပြောသည်။

မြန်မာနိုင်ငံတွင် ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်း တရားဝင်လိုင်စင်ရ အေဂျင်စီ ၂၄၅ ခုရှိပြီး ၂၃၇ ခုမှ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ မြန်မာလုပ်သားသွားရောက်မှု ၇၂၀၀၀ ၊ မလေးရှားနိုင်ငံသို့ ၃၉၀၀၀ ၊ ဂျပန်နိုင်ငံသို့ ၃၂၀၀၊ စင်ကာပူနိုင်ငံသို့ ၉၁၅ ဦး၊ UAE နိုင်ငံသို့ ၇၆၆ ဦးနှင့် မကာအိုသို့ ၁၅ ဦး သွားရောက်အလုပ်လုပ်ကိုင်ကြကြောင်း မြန်မာနိုင်ငံပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်ရုံးမှ သိရသည်။

မြန်မာနိုင်ငံရှိ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များမှ ဝန်ဆောင်ခအဖြစ် မလေးရှားနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၈၅၀ ဒေါ်လာ နှင့် မြန်မာကျပ်ငွေ ၂၁၅၀၀၊ ဂျပန်နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၂၅၀၀ဒေါ်လာနှင့် ထိုင်းနိုင်ငံအတွက် မြန်မာငွေကျပ် ၁၅၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

# အားလုံးပါဝင်ပျော်ရွှင်စွာဆင်နွှဲ မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ

**မန္တလေး ဇန်နဝါရီ ၉**

နှစ်စဉ်ကျင်းပပေးလျက်ရှိသော မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၆ နာရီခွဲက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးရှေ့ စုရပ်လမ်းမပေါ်၌ စတင်တာလွှတ် ကျင်းပခဲ့သည်။

ပြိုင်ပွဲဝင်အားကစားသမားများက (၇၁)လမ်းနှင့် (၇၂) လမ်းကြား ကျုံးတောင်ဘက်ရှိ (၂၆)လမ်း မန္တလေးစည်ပင်ရုံးရှေ့ စုရပ်မှပန်တိုင်းဖြစ်သည့် လမ်း(၃၀×၇၁) လမ်းထောင့်ရှိ ဗထူးအားကစားကွင်းသို့ ယှဉ်ပြိုင်ပြေးခဲ့ကြရာ လမ်းတစ်လျှောက်တွင် မှတ်တမ်းဒိုင်များ၊ ဆေးဖျန်းဒိုင်များအပြင် ရေသန့်ဘူးများ၊ အချိုရည်များ အားပေးတိုက်ကျွေးနေကြသည့် မန်းစည်ပင်နှင့် ဒေသခံပြည်သူများ၊ အားပေးကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ယင်းပြိုင်ပွဲသို့ ဒေသခံအားကစားသမားများသာမက မြန်မာနိုင်ငံအနှံ့အပြားမှ ဝါသနာရှင်များနှင့် နိုင်ငံတကာ ဧည့်သည်များပါ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ အလွတ်တန်းပြိုင်ပွဲတွင် အမျိုးသား ၅၆ ဦးနှင့် အမျိုးသမီး ၃၉ ဦး၊ လူသစ်တန်းပြိုင်ပွဲတွင် အမျိုးသား ၁၂၄၄ ဦးနှင့် အမျိုးသမီး ၅၅၉ ဦး စုစုပေါင်းပြိုင်ပွဲဝင် ၁၈၉၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက ပြောသည်။ ဗထူးအားကစားကွင်းတွင် အမျိုးသားအလွတ်တန်း ၂၀၊ အမျိုးသမီး အလွတ်တန်း ၁၅ ဦး၊ အမျိုးသားလူသစ်တန်း ၂၄၀၊ အမျိုးသမီး လူသစ်တန်း ၂၇ ဦး စုစုပေါင်း ၃၀၂ ဦး ပန်းဝင်လာကြရာ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးပြုစုစောင့်ရှောက်ပေးပြီး ဆုရအားကစားသမားများကို တားမြစ်ဆေးဝါးများ သုံးစွဲထားခြင်း ရှိ မရှိ ဆေးစစ်ချက်များရယူသည်။ လူသစ်တန်းပြိုင်ပွဲမှ မောင်ဆန်းလင်းနှင့် အလွတ်တန်းပြိုင်ပွဲမှ မမြင့်မြင့်အေးတို့ကလည်း ပထမဆုကို ဆွတ်ခူးနိုင်ခြင်းအတွက် ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းတစ်ဦး ဖြစ်လာစေရေး နိုင်ငံတကာပြိုင်ပွဲများသို့ ထပ်မံကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆုများကို မန္တလေးမြို့တော်ဝန်က အတန်းလိုက် ပထမဆုရရှိကြသောသူများအား ပထမတံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး အတန်းလိုက် ဒုတိယ၊ တတိယနှင့် အခြားနှစ်သိမ့်ဆုများကို လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ စာရင်းစစ်ချုပ် ဦးကျော်ဝင်း၊ မြန်မာဘောလုံးအကယ်ဒမီ ကျောင်းအုပ်ကြီး ဦးစိုးညွန့်၊ ဒုတိယမြို့တော်ဝန် ဦးညွန့်မောင်၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ အလွတ်တန်းပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)တွင် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ကိုးသိန်း၊ တတိယဆုငွေကျပ် ရှစ်သိန်းနှင့် နှစ်သိမ့်ဆုများကိုလည်းကောင်း၊ အလွတ်တန်းပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)တွင် ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၄ သိန်း၊ တတိယဆု ငွေကျပ် ၁၃ သိန်းနှင့် နှစ်သိမ့်ဆုများကိုလည်းကောင်း၊ သက်ကြီးပြိုင်ပွဲဝင်များကို ဂုဏ်ပြုငွေနှင့် နိုင်ငံခြားသားများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

# နဘားနှင့် အင်းတော်ဘူတာကြား ကုန်ရထားတွဲချော်

**မော်လူး ဇန်နဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားဘူတာနှင့် အင်းတော်ဘူတာအကြား ဇန်နဝါရီ ၉ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ် တွင် အမှတ် ၉၃၄ အစုန်ကုန်ရထား တွဲချော်မှုဖြစ်ပွားခဲ့သည်။

မြစ်ကြီးနားမှ မန္တလေးဘက်သို့ ထွက်ခွာလာသော စက်ခေါင်း အမှတ် DF-2041 စက်ခေါင်း မောင်း ဦးဘုန်းနိုင်၊ ရထားထိန်း ဦးဝင်းလှိုင် မောင်းနှင်လာသည့် ရထားအမှတ် ၉၃၄ အစုန်ကုန်ရထားသည် နဘားဘူတာမှ မွန်းလွဲ၁၂ နာရီ ၃၅ မိနစ်တွင် ထွက်ခွာလာပြီး ရထားမိုင်တိုင် အမှတ် (၅၈၇/၂၀)နှင့် (၅၈၇/ ၁၉) ကြားအရောက် GBHAH-40819သည် သံလမ်း၏ ၁ နှင့် ၂ အတွင်း ကပ်ကျကာ ၇ နှင့် ၈ ဘီးသည် အပြင်ကပ်ကျပြီး GBHAH 40878, GBHAH 40831, GBHAH 40833, GBHAH 40857 တွဲလေးတွဲသည် တုံးလုံးလဲကျခဲ့သည်။ **(ယာပုံ)**



ယင်းဖြစ်ပွားရာနေရာသို့ နဘား-အင်းတော် မီးရထားလမ်းအင်ဂျင်နီယာများသည် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ထွက်ခွာလာခဲ့ပြီး ကောလင်းမှ ကရိန်းရထားအမှတ် DD-1514 ဖြင့် မီးရထားလက်ထောက် တိုင်းအရာရှိကြီးကြပ်ရေးဝန်ထမ်းများ၊ လမ်းအင်ဂျင်နီယာများ လိုက်ပါလာမည်ဟုလည်း သိရသည်။ အမှတ် ၉၃၄ အစုန်ရထားတွဲချော်မှုကြောင့် နဘားဘူတာတွင် အမှတ် ၄၂ အစုန်ရထားကို ရပ်နားထားကြောင်း၊ ရထားဝန်ထမ်းများ တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ-မော်လူး**



# မောင်ဖား၊ မောင်ဖွား၊ မောင်ဘွား

မောင်ခင်မင်(ဓနုဖြူ)

"ဦးလေးရေ၊ မေးစရာတစ်ခုပေါ်လာလို့"

"ဘာများမေးစရာပေါ်လာလို့လဲ ငါ့တူရဲ့"

"သတင်းစာထဲက စာလုံးတစ်လုံးပါ။ ပထမတော့ ပုံနှိပ်မှားတယ်ထင်တာ။ ဒါပေမယ့် အဲဒီစာလုံးက တစ်ခါမကပါနေတော့ ပုံနှိပ်မှားတာလား၊ ရေးတဲ့သူကပဲ မှားရေးတာလား၊ စာလုံးကမှန်နေတာကို ကျွန်တော်ကပဲ မှားတယ်ထင်နေတာလား၊ မသဲမကွဲဖြစ်နေလို့ပါ"

"ဟ. . . မင်းမေးခွန်းတွေကလည်း များလှချည်လား။ ဘယ်စာလုံးလဲကွ"

"မောင်ဖားဆိုတဲ့စကားလုံးပါ။ ဟိုနေ့ကပဲ သတင်းစာထဲမှာပါသေးတယ်"

"မင်းကဘယ်လိုထင်လို့လဲ"

"ကျွန်တော်က 'မောင်ဖွား'လို့ သုံးတာအမှန်လို့ထင်တာ။ 'မောင်ဖား' ဆိုတော့ ပုံနှိပ်မှားတာလား၊ မှားရေးတာလား၊ တစ်ခုခုပဲလို့ တွေးမိတာပေါ့။ ဒါပေမယ့် တစ်နေရာတည်းမဟုတ်ဘဲ 'မောင်ဖား'လို့ပဲ ထပ်တွေ့ရတော့ မှားသလား မှန်သလား သေသေချာချာမသိလို့ ဦးလေးကိုမေးတာပါ"

"ဟုတ်ပါပြီ။ အများအားဖြင့်တော့ ပြောကြဆိုကြရင် 'မောင်ဖွား'လို့ ပြောတာမျိုးလည်းကြားရတယ်။ 'မောင်ဘွား'လို့ ပြောတာမျိုးလည်း ကြားရတယ်။ ဒါပေမယ့် 'မောင်ဖား'က အသုံးမှန်ပဲကွ။ ဦးလေးသတိထားမိသလောက် အင်းဝခေတ် ပျို့ကဗျာတွေမှာကတည်းက သုံးလာတာလေ"

"ဘယ်နေရာပါလိမ့်။ ဩော်. . . ဟုတ်ကဲ့။ တွေ့ပါပြီ။ 'အိမ်ထောင်မချ၊ သားမိန်းမအား၊ မြင်းရှည်ထားသော်၊ မောင်ဘားမိဘ၊ ထိန်းယခပဲ၊ အရှက်ကွဲသို့' တဲ့"

"အင်း . . . 'သားမိန်းမ' ဆိုတာ 'သမီး'ကို ဆိုလိုတာ။ ရှေးကအသုံးပေါ့။ သမီးကို အိမ်ထောင်ချမပေးဘဲ အကြာကြီးထားရင် မိဘမောင်ဘားတွေ အရှက်ကွဲတတ်သလိုပဲလို့ ဥပမာပေးထားတာ"

"ဒီမှာတော့ 'မောင်ဘား'လို့ ရေးတယ်နော်"

"အေး . . . 'မောင်ဖား'လို့ လည်းရေးတယ်။ 'မောင်ဘား'လို့လည်း ရေးတယ်။ 'ဖနဲ့ဘ'က အလဲအလှယ်သုံးနိုင်တာ မင်းသိသားပဲ။ ဒီပျို့တွေ ပုံနှိပ်တဲ့ ပုံနှိပ်တိုက်ရဲ့မူအရ 'ဖ'ကို ကြိုက်တဲ့တိုက်က 'မောင်ဖား'လို့ ရေးတယ်။ 'ဘ'ကို ကြိုက်တဲ့သူက 'မောင်ဘား'လို့ရေးတယ်။ သေချာတာကတော့ ဘယ်မူမှာမှ ဝဆွဲမပါဘူး။ 'မောင်ဖွား'လို့လည်း မသုံးဘူး။ 'မောင်ဘွား'လို့လည်း မသုံးဘူးလေ"

"ဒီလိုဆိုရင် ပြောတဲ့ဆိုတဲ့အခါ 'မောင်ဖွား'တို့၊ 'မောင်ဘွား'တို့ ပြောတာဟာ မှားတာပေါ့နော်"

"မှားတာပေါ့။ 'မောင်ဖား'ကနေ 'မောင်ဖွား'လို့ ပြောင်းသွားတာပါ။ အရင်းခံက 'မောင်ဖား' ပါပဲ"

> ■ အများအားဖြင့်တော့ ပြောကြဆိုကြရင် 'မောင်ဖွား'လို့ ပြောတာမျိုးလည်း ကြားရတယ်။ 'မောင်ဘွား' လို့ ပြောတာမျိုးလည်း ကြားရတယ်။ ဒါပေမယ့် 'မောင်ဖား'က အသုံးမှန်ပဲကွ။ ဦးလေးသတိထားမိသလောက် အင်းဝခေတ် ပျို့ကဗျာတွေမှာကတည်းက သုံးလာတာ 'မတစ်ထောင်တစ်ကောင်ဖွား'ဆိုတဲ့ 'ဖွား' ကတော့ ဖွားမြင်တာကို ဆိုလိုတာပါ။
>
> ■ အဲဒီလို 'ဖွား' အသုံးတွေရှိနေတော့ 'မောင်ဖွား'တို့၊ 'မောင်ဘွား' တို့ပဲ အသုံးတွင်လာပြီး 'မောင်ဖား'က အသုံးတိမ်မြုပ်နေတာပါ။ တကယ်တော့ 'မောင်ဖား'ကမှ အရင်းခံလည်းကျတယ်။ မှန်လည်းမှန်ပါတယ်။
>
> ■ "ကဲ. . . မြန်မာအဘိဓာန်မှာ "မောင်ဖား"ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်သလဲဆိုတာ ကြည့်လိုက်ပါဦး" "ကျွန်တော်ရှာလိုက်ဦးမယ်။ တွေ့ပြီ ဦးလေး။ "မောင်ဖား"လို့ တည်ပုဒ်ပေးထားပါတယ်။ အသံထွက်ကိုတော့/မောင်ဗား/ /မောင်ဗွား/ဆိုပြီး နှစ်မျိုးပြထားတယ်။ "မွေးချင်းဖြစ်သောမောင်" လို့ အဓိပ္ပာယ်ဖွင့်ထားပါတယ်"

"ဟင် . . . ဟုတ်လားဦးလေး။ ကျွန်တော်က 'မောင်ဖား'ဆိုတာ မကြားဖူးတော့ မှားများမှားသလားလို့ပါ"

"ကဲ. . . ကဲ. . . မင်းက သက်သေအထောက်အထားနဲ့ သိချင်တတ်တဲ့သူဆိုတော့ ခဏစောင့်။ အင်း. . . တွေ့ပြီ။ ဟောဒီမှာ။ ရှင်အဂ္ဂသမာဓိရေးတဲ့ နေမိငရဲခန်းပျို့မှာ အပိုဒ် ၂၇ က ဟောဒီနေရာကို ဖတ်လိုက်စမ်း"

"ဟုတ်ကဲ့။ 'မိထွေးမိကြီး၊ ဦးရီးမောင်ဖား၊ ဆွေငါးမြတ်နိုး၊ ဘွားဘေးဘိုး၌'တဲ့ ဦးလေး"

"ဒီမှာလည်းကြည့်၊ စတုဓမ္မသာရကိုးခန်းပျို့၊ ရှင်မဟာရဋ္ဌသာရရေးတာ မင်းလည်းသိမှာပါ။ ကဲ. . . ဒီအပိုဒ် ၁၀၂ ကို ဖတ်ပါဦး"

"ပျို့တွေထဲကအသုံးက မှန်တာပေါ့နော်"

"မှန်ပါတယ်။ အဲဒီပျို့တွေက ရှေးကတည်းက နာမည်ထင်ရှားတဲ့ ဟံသာဝတီတို့၊ ပြည်ကြီးမဏ္ဍိုင်တို့လို ပုံနှိပ်တိုက်ကြီးတွေက မြန်မာပညာရှိကြီးတွေ သေသေချာချာ တည်းဖြတ်ထားတာပါ"

"စာလုံးပေါင်းသတ်ပုံကျမ်းတို့၊ အဘိဓာန်တို့မှာရော ဦးလေး"

"မင်းကတော်တော်သေချာပါကလား. . .။ မြန်မာစာအဖွဲ့က ထုတ်ထားတဲ့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို ပြောတာမဟုတ်လား။ ဒီမှာရှာကြည့်လေ"

"တွေ့ပါပြီ ဦးလေး" 'မောင်ဖားမိဘ'တဲ့ "

"ကဲ. . . မြန်မာအဘိဓာန်မှာ 'မောင်ဖား'ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်သလဲ ဆိုတာ ကြည့်လိုက်ပါဦး"

"ကျွန်တော်ရှာလိုက်ဦးမယ်။ တွေ့ပြီ ဦးလေး။ 'မောင်ဖား'လို့ တည်ပုဒ်ပေးထားပါတယ်။ အသံထွက်ကိုတော့/မောင်ဗား/ /မောင်ဗွား/ဆိုပြီး နှစ်မျိုးပြထားတယ်။ 'မွေးချင်းဖြစ်သောမောင်' လို့ အဓိပ္ပာယ်ဖွင့်ထားပါတယ် ဦးလေး"

"ရှင်းပါတယ်။ 'မောင်ဖား'ကို /မောင်ဗား/လို့လည်း အသံထွက်ကြတယ်။/မောင်ဗွား/လို့လည်း အသံထွက်ကြတယ်။ မွေးချင်းဖြစ်တဲ့ မောင်ကို ဆိုလိုတာပဲပေါ့"

"ဟုတ်ကဲ့ပါ။ တစ်ခုထပ်မေးပါရစေ ဦးလေး"

"မေးလေ"

" 'မောင်ဖား'မှာ'ဖား'က ဘာအဓိပ္ပာယ်လဲ ဦးလေး"

"မင်းကိုမေးရဦးမယ်။ 'ကြောင်ဖား' ဆိုတာ ဘယ်လိုကြောင်မျိုးလဲ"

"ကြောင်ထီးကြီးကို 'ကြောင်ဖား'လို့ ခေါ်ပါတယ်။ 'ကြောင်ဖားရယ် မြီးတံတို' သီချင်းထဲကလေ"

"အေးပါ၊ 'စားနေကျကြောင်ဖား'ဆိုတာလည်း ရှိတယ်မဟုတ်လား။ 'ကြောင်ဖား'ကို 'ကြီးထွားသောကြောင်ထီး'လို့ အဘိဓာန်မှာဖွင့်တယ်။ 'သမင်ဖား'ဆိုတာ 'သမင်ထီး'တဲ့။ ဒီတော့'ဖား'ဆိုတာ ကြီးထွားတဲ့ အထီးသတ္တဝါလို့ အဓိပ္ပာယ်ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ 'မောင်ဖား'ဆိုတာလည်း 'မောင်ကြီး'ဆိုတဲ့အဓိပ္ပာယ်မျိုးပါ။ မောင်ကိုအထူးပြုပြီး ခေါ်တဲ့အသုံးပဲပေါ့"

"ဟုတ်ကဲ့ပါ"

"စဉ်းစားမိတာတစ်ခုက 'ဖ'ရယ်၊ 'ဖား'ရယ်၊ 'ဖို'ရယ်ဟာ အဓိပ္ပာယ်ချင်း ဆက်စပ်နေပုံရတယ်"

"ပြောပြပါ ဦးလေး"

"ဒီလိုလေ။'ကြက်ဖ'ဆိုတာ ကြက်အဖို၊ ကြက်အထီးပဲ မဟုတ်လား။ 'အဖ၊ ဖခင်'ဆိုတဲ့ စကားကိုက ယောကျ်ားကိုရည်ညွှန်းတာလေ။ 'ကျီးဖို တို့၊ သမင်ဖို'တို့ဆိုရင်လည်း အထီးကိုပြောတာလေ။'ဖား'နဲ့ ဗျည်းသံချင်း လည်းတူတယ်"

"ဟုတ်ကဲ့ပါ"

"တစ်ခါ လူပျိုကြီးဖားဖားဖြစ်နေပြီ၊ အပျိုကြီးဖားဖားဖြစ်နေပြီ ဆိုတာကျတော့ အရွယ်ရောက်နေပြီ။ ကိုယ်ခန္ဓာကြီးမားထွားကျိုင်းနေပြီဆိုတဲ့ အဓိပ္ပာယ်ရတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ 'ဖား'ဆိုတာ ယောကျ်ားကိုရော ကြီးမားထွားကျိုင်းတာကိုရော ရည်ညွှန်းတဲ့စကားဆိုတာ ထင်ရှားပါတယ်။ 'မောင်ဖား'လို့ သုံးတာလည်း မိန်းကလေးရဲ့မွေးချင်းဖြစ်တဲ့ မောင်ကြီးကိုဆိုလိုတာပါ။ ဒါပေမယ့် အဲဒီ 'ဖား'ဆိုတဲ့စကားလုံးဟာ အခုခေတ်မှာ အသုံးနည်းသွားတော့ အဓိပ္ပာယ် ငုပ်နေတာပေါ့ကွာ၊ အဓိပ္ပာယ်မထင်ရှားတော့ဘူးပေါ့"

"ဟုတ်ကဲ့ပါ"

"ခုနပြောသလို 'မောင်ဖား'ကို ဝဆွဲသံနဲ့အသံထွက်တော့'မောင်ဖွား'ဖြစ်သွားတာပေါ့။ တချို့ကလည်း 'မောင်ဘွား'လို့ ရေးတာပေါ့။ 'မိဘမောင်ဘွား၊ အစ်ကိုတွေကြားဝယ်'ဆိုတဲ့ သီချင်းစာသား ရှိတယ်မဟုတ်လား။ 'မောင်ဖွား' တို့၊ 'မောင်ဘွား'တို့ကို ကြည့်ပြီး အတူတူဖွားမြင်တဲ့သူလို့ အဓိပ္ပာယ်ကောက်ကြတာတွေလည်း ရှိတယ်။ အဲဒီကနေ 'မယ်ဖွား'တို့၊ 'နောင်ဖွား'တို့၊ 'ညီဖွား'တို့၊ နောက်တော့ 'ဇာနည်ဖွား'တို့လို အသုံးတွေကျယ်ပြန့်လာတာပေါ့။ အဲဒီတော့ 'မောင်ဖွား'၊ 'မောင်ဘွား' လို့ရေးမှ မှန်တယ်လို့ထင်တတ်ကြတာဟာ ဒီစကားလုံးရဲ့ အရင်းအမြစ်ကို သတိမပြုမိကြလို့ပါ"

"ဟုတ်ကဲ့ပါ"

" 'မတစ်ထောင်တစ်ကောင်ဖွား' ဆိုတဲ့ 'ဖွား'ကတော့ ဖွားမြင်တာကို ဆိုလိုတာပါ။ အဲဒီလို 'ဖွား'အသုံးတွေရှိနေတော့ 'မောင်ဖွား'တို့၊ 'မောင်ဘွား' တို့ပဲအသုံးတွင်လာပြီး 'မောင်ဖား'က အသုံးတိမ်မြုပ်နေတာပါ။ တကယ်တော့ 'မောင်ဖား'ကမှ အရင်းခံလည်းကျတယ်။ မှန်လည်းမှန်ပါတယ်။ ဒါကြောင့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာရော၊ မြန်မာအဘိဓာန်မှာရော၊ 'မောင်ဖား' လို့ ပြထားတာပေါ့ကွာ"

"ဟုတ်ကဲ့၊ နားလည်ပါပြီ။ ကျေးဇူးတင်ပါတယ် ဦးလေး"

# မှုခင်းဥပဒေဆိုင်ရာအသိပညာပေးမှု ရဲတပ်ဖွဲ့နှင့် ရွှေလုပ်ငန်းရှင်များအသင်းပြုလုပ်

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)




**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရွှေလုပ်ငန်းရှင်များအသင်းမှ ပြုလုပ်သည့် မှုခင်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI အဆောက်အအုံ ပထမထပ် ခန်းမ၌ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။**(ဓာတ်ပုံ)**

"ရွှေလုပ်ငန်းရှင်တွေအနေနဲ့ ကာကွယ်လို့မရတဲ့ မှုခင်းဖြစ်စဉ်တွေအပေါ် ဆုံးရှုံးနစ်နာမှုတွေရှိတာကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဘယ်လိုအကြံပြုပေးနိုင်မလဲဆိုတာတွေ၊ အသိပညာပေးနိုင်မှုတွေကို သိရှိနိုင်ဖို့အတွက် အခုလို ဆွေးနွေးပွဲပြုလုပ်ရတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်ဝင်းက ဆွေးနွေးပွဲ၌ ပြောကြားသည်။

ရွှေဆိုင်များအနေဖြင့် အမှန်တကယ်မဝယ်ဘဲ ခိုးယူသူက လက်ညှိုးထိုးကာ ဤဆိုင်မှ ဝယ်ယူခဲ့သည်ဆိုမှု၊ ရွှေဆိုင်များက သက်သေခံပစ္စည်းများ သိမ်းဆည်းမှုဖြစ်စဉ်များ၊ မိသားစုဝင်အချင်းချင်း လာရောက်ရောင်းချမှုများ၊ ရွှေဆိုင်များက ပြင်ပရွှေများကို ရောင်းမှားဝယ်မှားဖြစ်မှုများစသည့်ဖြစ်စဉ်များအပေါ် မှုခင်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးမှုများကို မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက မေးမြန်းခဲ့ကြသည်။

"ရွှေလုပ်ငန်းရှင်တွေအနေနဲ့ ရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး ဖြစ်စဉ်အမှန်အတိုင်း ယုံကြည်စွာပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ရွှေဆိုင်တွေမှာ CCTV ကင်မရာ တပ်ဆင်ထားသလို သီးသန့်တာဝန်ချထားသူတစ်ဦးရှိရင် ပိုကောင်းပါတယ်။ ပြင်ပက ရွှေလာရောက်ရောင်းချသူတွေကို သံသယဖြစ်ရင် ရဲတပ်ဖွဲ့ကို ချက်ချင်းအကြောင်းကြားဖို့လိုပါတယ်။ ပြင်ပက ရွှေဝယ်ရင် အထူးသတိပြုဝယ်ယူဖို့လိုပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က ပြောကြားသည်။ ဆက်လက်၍ ရွှေလုပ်ငန်းနှင့်ပတ်သက်သော မှုခင်းရေးရာကိစ္စများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှတာဝန်ရှိသူများက ရှင်းပြခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သိရှိလိုသော အချက်များကို ဆွေးနွေးမေးမြန်းခဲ့ကြသည်။ **(မြန်မာ့အလင်း)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ CYCLOTRON စက် တပ်ဆင်ပြီး၍ ကင်ဆာရောဂါများ ကုသနိုင်တော့မည်



**ရန်ကုန် ဇန်နဝါရီ ၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အဆင့်မြင့် ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ခေတ်မီကုသရေးစက်ကိရိယာပစ္စည်းများ ထပ်မံတပ်ဆင်နေမှု ကိုသွားရောက်ကြည့်ရှုစစ်ဆေးရာ ဗဟိုအဆင့်ဆေးရုံကြီးများ ကြီးကြပ်ကွပ်ကဲရေးမှူး (အောက်မြန်မာပြည်) ဒေါက်တာလှမြင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုတို့က ရှင်းလင်းပြသကြသည်။**(ယာပုံ)**

ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏အရေးပေါ်ဆေးကုသမှုဌာန ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ CT Scan၊ ဓာတ်ရောင်ခြည်ဆေးကုဌာနရှိ Linear Accelerator စက်ခန်း၊ PET / CT & CYCLOTRON CENTER တွင် စက်ပစ္စည်းများအသုံးပြုနေမှု၊ CYCLOTRON စက်တပ်ဆင်မှုများကို ကြည့်ရှုစစ်ဆေးပြီး စက်တပ်ဆင်နေသော ပြည်ပပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ အဆိုပါ CYCLOTRON စက်ကို နိုင်ငံတော်မှ အမေရိကန်ဒေါ်လာငါးသန်း အကုန်အကျခံတပ်ဆင်ပေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးတပ်ဆင်ခြင်းဖြစ်ကာ ကင်ဆာရောဂါများကို ရှာဖွေကုသပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကင်ဆာရောဂါဆေးကုသဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင် အဆင့်မြင့်ပြုပြင်မွမ်းမံပြီးစီးမှုများကို လည်းကောင်း၊ အထူးကြပ်မတ်ကုသဌာနကိုလည်းကောင်း၊ တိုးချဲ့ငါးထပ်ဆောင်ရှိ ခွဲစိတ်ကုသခန်းများ နှင့် Operating Modular Theatre Complex တို့တွင် ခေတ်မီကုသမှုနည်းစနစ်များ အသုံးပြုနေမှုများကိုလည်းကောင်း၊ နှလုံးရောဂါဆေးကုသဆောင်၊ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသဆောင်၊ အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဌာနတို့တွင် ခေတ်မီစက်ကိရိယာများ တပ်ဆင် အသုံးပြုမှုများကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခ/ဌာနမှူးများက ရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ပါမောက္ခ၊ ဌာနမှူးများ၊ တာဝန်ခံဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ သူနာပြုများနှင့် တွေ့ဆုံပြီး ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးမူဝါဒများနှင့်အညီ ပြည်သူလူထု၏ ကျန်းမာရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှုပြန်လည်ထူထောင်ရေးလုပ်ငန်းစသည့် လုပ်ငန်းလေးရပ်ကို တာဝန်ယူဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံရေးကို သက္ကရာဇ် ၂၀၃၀ တွင် အောင်မြင်စွာကျင့်သုံးနိုင်ရေး ပန်းတိုင်ကို ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရက ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးအသုံးစရိတ်ကို အဆများစွာတိုးမြှင့် ခွဲဝေသတ်မှတ်ပေးခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံး သာတူညီမျှ တိုးတက်လွှမ်းခြုံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အထူးသဖြင့် ကုသရေးပိုင်းတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ ဆေးဝါး၊ ဓာတ်ခွဲ၊ ဓာတ်မှန်စသော သုံးကုန်ပစ္စည်း (Expendables) များကို လူနာခုတင်တစ်လုံးလျှင် ၂၂ သိန်းခန့်သုံးစွဲခဲ့ပြီး လူနာတစ်ဦး နာမကျန်းဖြစ်၍ ပြည်သူ့ဆေးရုံများသို့ လာရောက်ပြသပါက အခြေခံဆေးဝါးများ၊ ခွဲစိတ်ခန်းသုံး ပစ္စည်းများကို အခမဲ့ထောက်ပံ့ခဲ့ရာမှ ယခုနှစ်တွင် ဓာတ်ခွဲစမ်းသပ်မှု၊ ဓာတ်မှန်စမ်းသပ်မှုများကို အခမဲ့ရရှိအောင် တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၀ ပြည့်နှစ်တွင် Out of Pocket Expenditure (OOP) သည် Total Health Expenditure ၏ ၈၀ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း အောက်သို့ ကျလာခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဆေးရုံ၊ ဆေးခန်းများသို့ အားကိုးတကြီး လာရောက်ပြသသော လူနာများကို တာဝန်ကျသည့် ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများက တာဝန်ကျေပွန်စွာ စေတနာထား၍ ပြုစုကုသပေးနေသည်များကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

# ဟောင်သရေမြစ်ကူးတံတား(ကြာအင်း)မကြာမီဖွင့်လှစ်မည်

မြဝတီ ဇန်နဝါရီ ၉

**မုဒုံ-မြဝတီလမ်းပိုင်းတွင်ရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ဆက်သွယ်သည့် အဓိကလမ်းကြောင်းဖြစ်သည့် မုဒုံ-မြဝတီ လမ်းမကြီးပေါ်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ကော့ကရိတ်-ကြာအင်းဆိပ်ကြီး လမ်းပိုင်းရှိ ဟောင်သရေမြစ်ကိုဖြတ်လျက် တောင်ကြာအင်းကျေးရွာနှင့် မြောက်ကြာအင်းကျေးရွာသို့ဆက်သွယ်သော ပေ ၉၂၀အရှည်ရှိ သံကူကွန်ကရစ်မြစ်ကူးတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၉) ပဲခူးက အောင်မြင်စွာတည်ဆောက်ပြီးစီးပြီး မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။** (အောက်ပုံ)



ဟောင်သရေ မြစ်ကူးတံတား (ကြာအင်း)၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ဒီဇင်ဘာလကုန်တွင် ပြီးစီးသွားပြီဖြစ်သည်။ တံတားမှာ အချင်း ၁ ဒသမ ၀ မီတာရှိ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်နှင့် ကိုယ်ထည်ပေ ၄၀ အာစီရက်မ နှစ်ခန်းနှင့် ပေ ၁၂၀ plate girder ရက်မ ခုနစ်ခန်း၊ သံကူကွန်ကရစ် ကြမ်းခင်းနှင့် သံပေါင်လက်ရန်းများ တပ်ဆင်ထားပြီး ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေနှစ်ရပ်ပေါင်းကျပ်သန်း ၃၅၀၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခင်ကော့ကရိတ်-မော်လမြိုင် လမ်းဟောင်းမှာ ၆၄ မိုင်ကွာဝေးပြီး ဂျိုင်း (ကော့ကရိတ်)၊ ဂျိုင်း (ဇာသပြင်)၊ အတ္တရံမြစ်ကူးတံတား သုံးစင်းကိုဖြတ်သန်း၍ ၃ နာရီခန့် အချိန်ယူသွားလာရပြီး အဆိုပါတံတားများမှာလည်း ခံနိုင်ဝန်အား ကျဆင်းနေသဖြင့်နယ်စပ်ကုန်သွယ်ရေးတွင် တန်များသော ၁၀ ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်ကြီးများဖြတ်သန်းမှုတွင် ကန့်သတ်မှုများရှိခဲ့သည်။

ဟောင်သရေ မြစ်ကူးတံတား (ကြာအင်း)နှင့် အရှည်ပေ ၉၀၀ ရှိ ချောင်းနှစ်ခွ တံတားတို့မှာ တန် ၆၀ ထိ ခံနိုင်ဝန်အားရှိသဖြင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကို ပိုမိုအထောက်အကူပြုနိုင်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် လူမှုဘဝများစွာဖွံ့ဖြိုး တိုးတက်လာပြီး ကုန်စည်ကူးသန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း တံတားအထူးအဖွဲ့ (၉) ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဦးက ရှင်းလင်းပြောကြားပြီး အဆိုပါ ဟောင်သရေမြစ်ကူး (ကြာအင်း)တံတားကို ယခုလ တတိယပတ်တွင် ဖွင့်လှစ်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**
**ဓာတ်ပုံ-ထွန်းထွန်းထွေး(ဘားအံ)**

# မန္တလေးခရိုင်အတွင်း ၂၀၁၅ ခုနှစ် အမှုဖြစ်စဉ်များ ယခင်နှစ်ထက်လျော့နည်း

**မန္တလေး ဇန်နဝါရီ ၉**

၂၀၁၅ခုနှစ်တွင် မန္တလေးခရိုင်အတွင်း အမှုကြီး ၁၀ မျိုးအနက်လူသတ်မှု အများဆုံး ဖြစ်ပွားခဲ့သော်လည်း အမှုကြီး ၁၀ မျိုးဖြစ်ပွားမှု၏ အဓိကဖြစ်သော ကြိုတင်ကာကွယ်မှု ၁၀ မျိုးဖြင့် ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် အမှုဖြစ်စဉ်များမှာ ယခင်နှစ်ထက်လျော့နည်းခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့ မှူးရုံးမှ သိရသည်။ အမှုကြီး ၁၀ မျိုးတွင် လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ ပြန်ပေးမှု၊ ဖောက်ထွင်းမှု၊ တိရစ္ဆာန်ခိုးမှု၊ မုဒိမ်းမှု၊ နိုင်ငံ/ပုန်ကန်မှု၊ လက်နက်မှုနှင့် မတရားသင်းအမှုတို့ပါဝင်ပြီး ၂၀၁၄ ခုနှစ်က လူသတ်မှုနှင့် မုဒိမ်းမှုတို့မှာ အများဆုံးဖြစ်ပွားခဲ့သော်လည်း၂၀၁၅ ခုနှစ်တွင် လျော့နည်းသွားခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးစိန်ထွန်းက ပြောကြားသည်။

၂၀၁၅ ခုနှစ်အတွင်း အမှုကြီး ၁၀ မျိုးအနက် လူသတ်မှု ၃၀ ၊ မုဒိမ်းမှု ၁၁ မှု၊ဖောက်ထွင်းမှု သုံးမှု၊ လုယက်မှု ၁၁ မှုနှင့် မတရားသင်းမှုတစ်မှုတို့ဖြစ်ပွားခဲ့ပြီး၂၀၁၄ခုနှစ်အတွင်း၌ လူသတ်မှု ၃၀၊ ဓားပြမှုတစ်မှု၊ လုယက်မှုတစ်မှု၊ ဖောက်ထွင်းမှုတစ်မှု၊ တိရစ္ဆာန်ခိုးမှုတစ်မှု၊ မုဒိမ်းမှု ၁၆ မှုနှင့် မတရားသင်းနှစ်မှုတို့ဖြစ်ပွားခဲ့ရာ ယခင်နှစ်ထက်အမှုဖြစ်စဉ်များလျော့နည်းခဲ့သည်။

အမှုကြီး ၁၀ မျိုးဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းဖြစ်သော ကြိုတင်ကာကွယ်မှု ၁၀ မှုတွင် ၂၀၁၄ခုနှစ်အတွင်း လက်နက်ပုန်းမှု ၁၄၁ မှု၊လောင်းကစားမှု ၁၆၆ မှု၊ ပြည့်တန်ဆာမှု ၄၆ မှု၊ ကျင့် ၅၄ အမှု ၈၃၀၊ ယစ်မျိုးမှု ၆၃၇ မှု၊ ရဲအက် ၃၈၅၈ မှု၊ ခြေချုပ်မှု ၂၀၊ မူးယစ်ဆေးဝါးမှု ၂၅၈ မှု၊ အရေးပေါ်စီမံမှုငါးမှုနှင့် ဆင်ဆာမဲ့ ၃၇ မှုတို့ ဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း လက်နက်ပုန်းမှု ၁၀၉ မှု၊ လောင်းကစားမှု ၁၁၈မှု၊ ပြည့်တန်ဆာမှု ၁၈ မှု၊ ကျင့် ၅၄ မှု ၈၅၁ မှု၊ ယစ်မျိုးမှု ၃၃၀ မှု၊ ရဲအက် ၂၉၅၂ မှု၊ ခြေချုပ်မှု ၁၄ မှု၊ မူးယစ်ဆေးဝါးမှု ၁၅၄ မှု၊ အရေးပေါ်စီမံမှုတစ်မှုနှင့် ဆင်ဆာမဲ့ ၂၉ တို့ဖြစ်ပွားခဲ့ကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# မိတ္ထီလာ စည်ပင်အဖွဲ့ အိတ်ဖွင့်လေလံများရောင်းချမည်

**မိတ္ထီလာ ဇန်နဝါရီ ၉**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် အိတ်ဖွင့်လေလံများ၊ ကြော်ငြာစာများထုတ်ပြန်ထားသည်။ လေလံကြော်ငြာများ၌ လေလံတင်ရောင်းချမည့်ရက်အဖြစ် ဇန်နဝါရီ ၁၈ ရက်တွင် ကန်တော်မင်္ဂလာခန်းမတွင် ပြုလုပ်မည်ဖြစ်သည်။

လေလံအမျိုးအစားမှာ မြို့ပေါ်အမဲလိုင်စင်၊ ကျေးရွာအမဲလိုင်စင်၊ မြို့ပေါ်ဝက်လိုင်စင်၊ ကျေးလက်ဝက်လိုင်စင်၊ မြို့ပေါ်ဆိတ်လိုင်စင်များပါဝင်ပြီး မြို့ပေါ်ခုနစ်ဈေး၊ ကျေးလက် ၁၉ ဈေးတို့ပါဝင်သည်။ ထို့အပြင် အပေါင်ဆိုင်လိုင်စင်၊ အခြား ယာဉ်ရပ်နားနှင့်ညအိပ်ရပ်နားခွန်၊ ဈေးကြီးဗဟိုဈေး စက်ဘီးခွန်၊ ဈေးကြီးဗဟိုဈေးကောက်၊ လမ်းဘေးဈေးကောက်၊ ကျေးလက်ဈေးကောက်၊ စုပေါင်းကားဝင်း အိမ်သာနှင့် နွားပွဲဈေးအခွန်နှင့်အရိပ်ထီးများပါဝင်ပြီး အခြားအခွင့်အရေး လိုင်စင် ၃၂ မျိုးကို ဇန်နဝါရီ ၁၈ ရက်တွင် လေလံတင်ရောင်းချသွားမည်ဖြစ်သည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယခုနှစ်လေလံပွဲတွင် မိလ္လာသိမ်းဆည်းခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ တင်ဒါချထားလုပ်ကိုင်ခွင့်ပြုထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၉**

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဇန်နဝါရီ ၁၀ ရက်တွင် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မြန်မာ့အလင်း)**

# ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ရှမ်းပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးသို့ ရောက်ရှိပြီး ရှမ်းပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများအား တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ ညွှန်ကြားကာ အမှာစကားပြောကြားသည်။

ပြည်ထောင်စု ရှေ့နေချုပ်က ဥပဒေအရာရှိများအနေဖြင့် တရားစွဲနှင့်အမှုလိုက်လုပ်ငန်းများကို တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန်၊ စိတ်ထားကောင်း မွေးမြူကြရန်၊ ခေတ်စနစ် ပြောင်းလဲလာသည်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် နေထိုင်လုပ်ဆောင်ကြရန်၊ ရိုးသားဖြောင့်မတ်မှုနှင့် လှုံ့လဝီရိယစိုက်ထုတ်မှုကို မည်သည့်အခါမျှ မလျှော့ရန်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များကို အရှိန်အဟုန်မပျက် ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းပြောကြားသည်။ **(သတင်းစဉ်)**

# ညောင်တုန်းရေကာတာ ကွဲအက်နိမ့်ကျမှု အချိန်မီတည်ဆောက်သွားမည်

**ညောင်တုန်း ဇန်နဝါရီ ၉**

ညောင်တုန်းမြို့ မြို့ပတ်ရေကာတာမြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်စဉ် ညောင်တုန်းမြို့ အမှတ်(၄) ရပ်ကွက်၊ ၉ လမ်းမှ ၁၁ လမ်းအထိ ရေကာတာကွဲ အက်နိမ့်ကျမှု ဇန်နဝါရီ ၂ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ရာ မြို့နေပြည်သူများ စိုးရိမ်မှုရှိခဲ့ကြောင်း သိရသည်။



အဆိုပါ ကွဲအက်နိမ့်ကျသွားသောနေရာကို ကမ်းလျှောခြင်း၊ ဘိုးပိုင်များရိုက်ခြင်း၊ သဲအိတ်များထည့်ခြင်းစသည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့သို့ ရောက်ရှိပြီး ညောင်တုန်းမြို့နယ် အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် ဖွံ့/ထောက်အဖွဲ့တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကွဲအက်နိမ့်ကျသွားသော နေရာနှင့် မြစ်ကမ်းအောက်ခြေ စိုးရိမ်ရသည့်နေရာများသို့ လှည့်လည်စစ်ဆေးခဲ့သည်။

ညောင်တုန်းမြို့ မြစ်ကမ်းရေကာတာကို မိုးရာသီမြစ်ရေကြီးချိန်တွင် ကြံ့ခိုင်သော ရေကာတာဖြစ်ရန် အချိန်မီပြုပြင်ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် မြို့နယ်မှ တာဝန်ရှိသူများနှင့် ဆည်မြောင်းဦးစီးဌာနတို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ညောင်တုန်းရေကာတာသည် ရေကာတာအပေါ်ယံ မြှင့်တင်ခြင်းလုပ်ငန်းအပြင် အောက်ခြေမြစ်ကမ်းပြိုကျမှုအန္တရာယ်ကိုပါ စနစ်တကျ ကာကွယ်သွားရန်လည်း လိုအပ်လျက်ရှိရာ နည်းလမ်းကောင်းများဖြင့် စိတ်ချရအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၉**

ကျောင်းသား ကျောင်းသူများကို ရှေးဦးပြုစုခြင်း ပညာရပ်များ တတ်မြောက်ပြီး မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်ပါက နည်းစနစ်ကျနစွာ ပြုစုစောင့်ရှောက်တတ်စေရန်နှင့် လူသားချင်းစာနာထောက်ထားသောစိတ် ကိန်းအောင်းစေရန်ရည်ရွယ်၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်၉နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရေဆင်း၊ နေပြည်တော်၌ ကျင်းပသည်။ အဆိုပါ သင်တန်းသို့ တိရစ္ဆာန်ဆေးပညာ သင်တန်းနှင့် မွေးမြူရေးပညာ သင်တန်းပထမနှစ်နှင့် ဒုတိယနှစ် ဘွဲ့ကြိုကျောင်းသား ကျောင်းသူ ၁၃၀ ခန့် တက်ရောက်လျက်ရှိပြီး ယင်းသင်တန်းကို ဇန်နဝါရီ ၂၄ ရက် အထိ ရုံးပိတ်ရက်များတွင် နေပြည်တော် ကြက်ခြေနီကြီးကြပ်မှု ကော်မတီမှ တာဝန်ရှိသူများက လာရောက်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။



**(သတင်းစဉ်)**

# သဘာဝဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မင်းတပ် ဇန်နဝါရီ ၉**

လူသရမ်ဝေါလ်ဖက်ဒရေးရှင်းမြန်မာလူ့အခွင့်အရေး အခြေပြုစွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်းမှ ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သဘာဝဘေးဒဏ်သင့်အိမ်ထောင်စုများအား ငွေကြေးနှင့်အခြားပစ္စည်းများ ပေးအပ်ပွဲကို ဇန်နဝါရီ ၈ ရက်က မင်းတပ်မြို့နယ်ထွေ/အုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုးက အမှာစကားပြောကြားပြီး LWF- Myanmar Yangon, Programgordirator MR. Krishna က အလှူငွေပစ္စည်းများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး Mr. Krishna၊ ဦးလွင်အောင်ဇော်နှင့် ဦးစံသိန်းမောင်တို့က အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများအား သဘာဝဘေးဒဏ်သင့်အိမ်ထောင်စုများကို ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သဘာဝဘေးဒဏ်သင့်အိမ်ထောင်စု စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကနဦးလေ့လာဆန်းစစ်ခြင်း ဆွေးနွေးပွဲကျင်းပ

**မအူပင် ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကျင်းပသည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကမ်းရိုးတန်းဒေသရပ်ရွာလူထု ဘေးဒဏ်ခံနိုင်မှု ကနဦးလေ့လာဆန်းစစ်မှုအဖွဲ့အလိုက် ဆွေးနွေးပွဲကို ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဖွဲ့လိုက်ဆွေးနွေးပွဲတွင် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်နှင့် ဆက်စပ်သည့် ရုတ်တရက်တွေ့ကြုံရသော အခက်အခဲများ၊ အဓိကဖြစ်ပေါ်တတ်သည့် ပြဿနာအကြောင်းအရင်းများ၊ ယင်းအခက်အခဲများ ထပ်မံမကြုံတွေ့ရန် ဆောင်ရွက်ရမည့် လိုအပ်မှုများ၊ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန် ကြိုတင်ကာကွယ်မှုနည်းလမ်းအတွက် လိုအပ်ချက်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကနဦးလေ့လာသုတေသနစစ်ဆေးမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဆင်ခြေထောက်ရောဂါကင်းဝေးရေး အသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်း ဆင်ခြေထောက်ရောဂါကင်းဝေးရေးလုပ်ငန်း (လူကုန်ဆေးတိုက်ကျွေးခြင်း) ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ ဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးဆွေးနွေးပွဲနှင့် ဆေးတိုက်အဖွဲ့များအား သင်တန်းပေးခြင်းကို ဗဟန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထိန်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နီနီသော်က ဆင်ခြေထောက်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖတို့က သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန္တာမေ(ပြန်/ဆက်)**

# ဒေသတွင်းကုန်စည်စီးဆင်းမှုအထောက်အကူပြုရေး ဆမီးချောင်းကူးတံတားတည်ဆောက်

**နေပြည်တော် ဇန်နဝါရီ ၉**

စေတုတ္တရာမြို့အနီး ကွေ့ဝိုက်စီးဆင်းလျက်ရှိသည့် ဆမီးချောင်းကူးတံတားကို မကွေးတိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစတင်၍ တည်ဆောက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အပြီးသတ်နိုင်ရေး နေ့ညမပြတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

၂၀၁၅-၂၀၁၆ ခွင့်ပြုရန်ပုံငွေကျပ် ၂၅၅၁ ဒသမ ၇ သန်း အကုန်အကျခံ တည်ဆောက်လျက်ရှိသည့် ဆမီးချောင်းကူးတံတား တည်ဆောက်ပြီးစီးပါက ဒေသတွင်းကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့ရုံသာမက စေတုတ္တရာမြို့နယ်အတွင်းရှိဒေသခံများ သွားလာမှုအဆင်ပြေချောမွေ့စေရေး အထောက်အကူပြုနိုင်မည်ဖြစ်သည်။ တံတားအရှည်ပေ ၁၀၀၀ ရှိပြီး နှစ်လမ်းသွား RC သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ ကားလမ်းအကျယ် ၂၄ ပေနှင့် ဘေးတစ်ဖက်တစ်ချက် လူသွားလမ်း အပါအဝင် ပေ ၃၀ အကျယ်အဝန်း ရှိမည်ဖြစ်ပြီး တံတားအထူးအဖွဲ့(၆) နေပြည်တော်က တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ရေးအတွက် ၂၀၁၅ ခုနှစ် ဧပြီလအတွင်း ဆောက်လုပ်ရန် လျာထားခဲ့သော်လည်း ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် စေတုတ္တရာမြို့နယ်နှင့် ဆမီးချောင်းအတွင်း ရေကြီးမှု နှစ်ကြိမ်ဖြစ်ပေါ်ခဲ့သည့်အတွက် အောက်တိုဘာလအတွင်းမှသာ လုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း လုပ်ငန်းများအပြီးသတ်ဆောင်ရွက်နိုင်ရေး နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း ယင်းတံတားကို ဆောက်လုပ်နေသည့် တံတားအထူးအဖွဲ့ (၆)မှ တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်ဖြိုးဝင်းထံမှ သိရသည်။

"အခုလို ဆမီးချောင်းတံတားတည်ဆောက်လိုက်တဲ့အခါမှာ ငဖဲ၊ မင်းဘူးတို့ သွားမယ်ဆိုရင် လွယ်လွယ်ကူကူသွားလို့ရတယ်။ အရင်က မင်းဘူးကိုသွားချင်တယ်ဆိုရင် စလင်းကနေကွေ့ပြီး သွားနေရတော့ တစ်မနက်ခင်းလုံးသွားမှ မင်းဘူးကိုရောက်တယ်။ တံတားတည်ဆောက်လိုက်တဲ့အတွက် မင်းဘူးကို နှစ်နာရီလောက်နဲ့ ခရီးရောက်နေပြီဖြစ်တဲ့အတွက် ဝမ်းသာပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**ဇင်ဦး(မြန်မာ့အလင်း)**





ကမ္ဘာကျော် ဦးပိန်တံတားသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများအား တွေ့ရစဉ်။ ဓာတ်ပုံ-သက်ထက်

# မန္တလေးသို့ ကမ္ဘာလှည့်ခရီးသွားလာရောက်မှု ၂၆ ရာခိုင်နှုန်းတိုး

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုသည် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည် စုစုပေါင်း ၃၀၆၄၃၂ ဦး လာရောက်လည်ပတ်ခဲ့ရာ ၂၀၁၄ ခုနှစ်က ၂၄၂၅၆၆ ဦးလာရောက်လည်ပတ်မှုထက် ၂၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနက ဇန်နဝါရီ ၉ ရက်က ပြောကြားသည်။

မန္တလေးမြို့သည် မြန်မာလူမျိုးတို့၏ ရှေးဟောင်းမြို့တော်ဖြစ်သည့်အလျောက် ရှေးဟောင်းအမွေအနှစ်များ စုစည်းရာဒေသတစ်ခုဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားအများ အပြားလာရောက်လည်ပတ်ရာမြို့ဖြစ်သည်။

မန္တလေးမြို့သို့ အဓိကလာရောက်လည်ပတ်သော နိုင်ငံသားများမှာ တရုတ်၊ ထိုင်း၊ ပြင်သစ်၊ ဂျာမနီနှင့် အမေရိကန်နိုင်ငံတို့မှ ဖြစ်ကြသည်။

၂၀၁၆ ခုနှစ် မြန်မာနိုင်ငံခရီးသွားကဏ္ဍသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် အခြေခံလျက်ရှိရာ ကမ္ဘာနှင့် အာဆီယံစီးပွားရေးမှာ တိုးတက်လာရန် ရှိသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ရင်းနှီးမြှုပ်နှံမှုကြောင့် ခရီးသွားလုပ်ငန်းများ တိုးတက်လာနိုင်ကြောင်း ပညာရှင်များကခန့်မှန်းထားသည်။ ယခုအခါ မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုတိုးလာ၍ အပြည်ပြည်ဆိုင်ရာလေကြောင်းပျံသန်းမှုနှင့် လေကြောင်းလိုင်းသစ်များ တိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လောလောဆယ်တွင် ပြည်တွင်းလေကြောင်းလိုင်း ရှစ်ခုနှင့် နိုင်ငံတကာလေကြောင်းလိုင်းငါးခုတို့ မန္တလေးမြို့သို့ ပျံသန်းပြေးဆွဲလျက်ရှိသည်။ မန္တလေးမြို့သည် မြန်မာမင်းများ၏ ရှေးဟောင်းမြို့တော်ဖြစ်ပြီး ၂၀၁၄ သန်းခေါင်စာရင်းအရ လူဦးရေ ၁ ဒသမ ၂ သန်းနေထိုင်လျက်ရှိသည်။

**သတင်း-ကြဲတိုင်းအောင်**

# နှစ်ဟောင်းတွင် ယာဉ်မတော်တဆမှုကြောင့် ၂၅၆၁၄ ဦး ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူ ၄၂၃၃ ဦးရှိခဲ့

**သန်းဦး(လေးမျက်နှာ)**

**နေပြည်တော် ဇန်နဝါရီ ၉**

နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေခြင်းကြောင့် မကြွေသင့်ခင် ကြွေလွင့်သွားသော အသက်ပေါင်းများစွာ ရှိနေသည်။ ယာဉ်မတော်တဆ ဖြစ်ပြီဆိုလျှင် အနည်းဆုံးတော့ ကျိုးပဲ့၊ ဖူးရောင်ဒဏ်ရာအနာတရများ ရရှိမည်ဖြစ်သည်။ သို့ဖြစ်၍ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်တပ်ယာဉ်များ မောင်းနှင်မည်ဆိုပါက အမြဲသတိရှိရန် လိုအပ်ပေသည်။ ယာဉ်မောင်းသူ သတိတစ်ချက်လွတ်ပါက အချိန်တိုအတွင်း ကိုယ်ခန္ဓာနှင့် အသက်ပေါင်းများစွာ ပေးဆပ်ရမည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကြည့်မည်ဆိုပါက တစ်နှစ်ထက်တစ်နှစ် သေဆုံးဒဏ်ရာရရှိသူဦးရေ ပိုများလာသည်ကို တွေ့ရသည်။ ၂၀၁၁ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၉၇၆၂ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၁၇၃၇၉ ဦး၊ သေဆုံးသူ ၂၈၁၁ ဦး ရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၁၁၆၄၉ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၁၉၇၂၅ ဦး၊ သေဆုံးသူ ၃၃၂၆ ဦး ရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၁၃၉၀၇ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၂၃၄၃၅ ဦး၊ သေဆုံးသူ ၃၆၁၂ ဦး ရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၁၄၇၈၁ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၂၅၀၁၄ ဦး၊ သေဆုံးသူ ၄၁၆၃ ဦး ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ၁၅၄၀၆ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၂၅၆၁၄ ဦး၊ သေဆုံးသူ ၄၂၃၃ ဦး ရှိခဲ့ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

ထို့အပြင် မှတ်တမ်းရေးသွင်းနိုင်ခြင်းမရှိသော ယာဉ်မတော်တဆမှုများလည်း ရှိပေဦးမည်။ အဆိုပါ ယာဉ်မတော်တဆမှုများမှာ ကားချင်းတိုက်မှု၊ ကားက လူကိုတိုက်မှု၊ ကားနှင့်ဆိုင်ကယ်တိုက်မှု၊ ဆိုင်ကယ်က လူကိုတိုက်မှု၊ ဆိုင်ကယ်အချင်းချင်းတိုက်မှု၊ ကားနှင့် ထော်လာဂျီတိုက်မှု၊ ထော်လာဂျီနှင့် ဆိုင်ကယ်တိုက်မှု၊ မီးရထားလာချိန်တွင် လွတ်မည်အထင်နှင့် မော်တော်ကားဖြတ်မောင်း၍ ကားနှင့်ရထားတိုက်မှု၊ ရာသီဥတုဆိုးရွားနေချိန်တွင် မော်တော်ကားအား မဆင်မခြင်မောင်းနှင်မှု၊ အိမ်မွေးတိရစ္ဆာန် ကျွဲ၊ နွား၊ ခွေး၊ ဆိတ်၊ ဝက် စသည်များ လမ်းပေါ်ရောက်ရှိဖြတ်သန်းမှုကြောင့် ယာဉ်နှင့်တိုက်မိ၍ ယာဉ်တိမ်းမှောက်မှု၊ ယာဉ်အရှိန်မထိန်းနိုင်၍ ယာဉ်မှောက်မှုနှင့် အခြားယာဉ်တိုက်မှုများကြောင့်ဖြစ်ကြောင်း သိရသည်။ အထူးသဖြင့် အမြန်လမ်းများတွင် လမ်းကောင်း၊ လမ်းရှင်းခြင်းကြောင့် သတ်မှတ်အရှိန်လွန်မောင်းနှင်မှုကြောင့် တိမ်းမှောက်ခြင်း၊ ယာဉ်မောင်းအိပ်ငိုက်၍ လမ်းဘေးထိုးကျခြင်း၊ လမ်းလယ်ကျွန်းတိုက်မိပြီး တိမ်းမှောက်ခြင်းများဖြစ်သည်။ လမ်းတွင် ယာဉ်အချင်းချင်း မတော်တဆမှုဖြစ်ပါက ဘယ်သူမှားမှား မှားသူရော မှန်သူပါ နစ်နာဆုံးရှုံးမည်ဖြစ်သည်။ ထို့ကြောင့် စက်တပ်ယာဉ်များ စီးနင်းမောင်းနှင်မည်ဆိုပါက ပထမဦးစွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အထူးလိုက်နာမောင်းနှင်ရမည်ဖြစ်သည်။

"တချို့ ယာဉ်မောင်းတွေက အရက်သေစာသောက်စားပြီး မောင်းကြတယ်။ အရက်သောက်ထားတော့ စိတ်ကပုံမှန်မဟုတ်တော့ဘူး။ ကားကို စည်းမရှိ၊ ကမ်းမရှိမောင်း၊ အဝိုင်းမှာဆိုလည်း အဝိုင်းပတ်ယာဉ်ကို ဦးစားမပေး၊ ကြမ်းတမ်းစွာ မောင်းနှင်ကြပြီး ယာဉ်မတော်တဆမှုများဖြစ်ပွားကြတယ်။ လမ်းစည်းကမ်းမသိတော့ အလွတ်မောင်းလမ်း (FREE WAY)ကို ဖြတ်ဝင်တယ်။ တစ်ဖက်က အရှိန်မြင့်မောင်းလာရင် ယာဉ်တိုက်မှုဖြစ်ပြန်ရော၊ တချို့ကျတော့ ဖြူနီ၊ ဝါနက် မျဉ်းတွေရဲ့အကြောင်း အဓိပ္ပာယ်ကိုတောင် မသိကြဘူး။ ယာဉ်မရပ်ရမယ့်နေရာမှာရပ်လို့ ကားလမ်းတွေပိတ်ပြီး မလိုလားအပ်တဲ့ ယာဉ်တိုက်မှုတွေ ဖြစ်ကြတယ်။ တချို့ဆိုရင် မိုးကရွာနေတယ်။ ရှေ့လမ်းကြောင်းကိုတောင် ကောင်းကောင်းမမြင်ရဘူး။ ဒါပေမယ့် တချို့ကားတွေက လုံးဝအရှိန်မလျှော့ဘူး။ ဒီတော့ ရှေ့ကရပ်ထားတဲ့ကားကို ဝင်တိုက်တာမျိုးလည်းရှိတယ်။ ဒါက ယာဉ်မောင်းတွေရဲ့ပေါ့လျော့မှုတွေပါ၊ တစ်ခါတလေကျတော့လည်း အမြန်လမ်းဘေးက ရွာတွေက ကျွဲ၊ နွားတွေထွက်ကျောင်းကြတယ်။ တိရစ္ဆာန်တွေက လမ်းမပေါ်ဖြတ်ပြေးတာတို့ရှိတယ်။ ဒါကတော့ ကျေးရွာနေ ပြည်သူတွေက မိမိပိုင် ကျွဲ၊ နွားတွေနဲ့ ယာဉ်မတော်တဆမဖြစ်စေဖို့ အထူးကြပ်မတ်ဖို့ လိုအပ်ပါတယ်။ ဒါတွေအားလုံး ပြန်ကြည့်မယ်ဆိုရင် လူတွေ စည်းကမ်းမရှိလို့ ဖြစ်တာပါ။ လူတွေသာ စည်းကမ်းရှိပြီး လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းတွေ လိုက်နာမယ်ဆိုရင် ယာဉ်မတော်တဆမှုက အတော်လေးလျော့နည်းသွားမှာပါ။ ဒါပေမယ့် လမ်းတွေကလည်း ကောင်းဖို့လိုအပ်ပါတယ်။ လမ်းမကောင်းရင်လည်း လမ်းကြောင့် ယာဉ်မတော်တဆမှုဖြစ်နိုင်တာပဲ၊ ဒါတွေအားလုံးကို နည်းစနစ်တကျလုပ်ဆောင်ပြီး အားလုံးက စည်းကမ်းရှိကြမယ်ဆိုရင် ယာဉ်မတော်တဆမှုတွေ လျော့နည်းသွားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"ဟု နေပြည်တော်ရှိ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ အားလုံးကို ခြုံငုံသုံးသပ်ရလျှင် ယာဉ်မတော်တဆမှုများမှာ သတ်မှတ်အရှိန်ထက် ပိုမိုမောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာခြင်း၊ လမ်းကြောင့်ဖြစ်ခြင်းနှင့် ယာဉ်မောင်းပေါ့ဆမှုတို့ကြောင့် ဖြစ်ကြသည်။

တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှုဖြစ်စဉ်များ လျော့နည်းစေရန် ပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးခြင်း၊ စည်းကမ်းဖောက်ဖျက်သည့် ယာဉ်များကို အရေးယူခြင်း၊ လူစည်ကားရာနေရာများနှင့် လမ်းများတွင် ယာဉ်ကြောရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား ၂၇၃၆ ဦးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှူးထံမှ သိရသည်။

၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယာဉ်မတော်တဆမှုများကို ဇယားဖြင့် ဖော်ပြထားသည်။

### တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေ

| စဉ် | တိုင်း/ပြည်နယ် | ဖြစ်ပွားမှု | ဒဏ်ရာရ | သေဆုံး |
|---|---|---|---|---|
| ၁။ | နေပြည်တော် | ၃၇၂ | ၅၈၅ | ၁၈၆ |
| ၂။ | ကယား | ၁၃၈ | ၁၉၅ | ၃၈ |
| ၃။ | ပဲခူး | ၁၈၅၈ | ၃၂၈၄ | ၄၅၆ |
| ၄။ | မကွေး | ၁၅၀၅ | ၂၉၄၃ | ၂၅၅ |
| ၅။ | ရခိုင် | ၃၀၂ | ၅၅၆ | ၇၂ |
| ၆။ | ရန်ကုန် | ၂၆၂၄ | ၃၆၄၀ | ၅၇၄ |
| ၇။ | ကရင် | ၄၄၇ | ၇၆၅ | ၁၁၅ |
| ၈။ | တနင်္သာရီ | ၅၀၈ | ၉၅၉ | ၁၉၀ |
| ၉။ | မွန် | ၇၁၆ | ၁၂၄၂ | ၂၆၄ |
| ၁၀။ | ဧရာဝတီ | ၁၇၂၉ | ၃၁၂၇ | ၃၇၅ |
| ၁၁။ | မန္တလေး | ၁၉၄၇ | ၃၁၉၉ | ၆၀၉ |
| ၁၂။ | ကချင် | ၃၃၃ | ၅၃၅ | ၁၀၆ |
| ၁၃။ | ချင်း | ၃၉၆ | ၅၅၁ | ၉၀ |
| ၁၄။ | စစ်ကိုင်း | ၁၄၀၉ | ၂၃၆၉ | ၄၁၀ |
| ၁၅။ | ရှမ်း | ၁၁၂၂ | ၁၆၆၄ | ၄၉၃ |
| | စုစုပေါင်း | ၁၅၄၀၆ | ၂၅၆၁၄ | ၄၂၃၃ |

## တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ယာဉ်မတော်တဆမှုများ

| စဉ် | လအမည် | မော်တော်ယာဉ် | | | ဆိုင်ကယ် | | | မော်တော်ကားနှင့်ဆိုင်ကယ် | | | အခြားစက်တပ်ယာဉ် | | | ပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဖြစ်ပွားမှု | ဒဏ်ရာရ | သေဆုံး | ဖြစ်ပွားမှု | ဒဏ်ရာရ | သေဆုံး | ဖြစ်ပွားမှု | ဒဏ်ရာရ | သေဆုံး | ဖြစ်ပွားမှု | ဒဏ်ရာရ | သေဆုံး | ဖြစ်ပွားမှု | ဒဏ်ရာရ | သေဆုံး |
| ၁။ | ဇန်နဝါရီ | ၄၄၇ | ၇၀၇ | ၁၀၃ | ၄၉၀ | ၈၂၉ | ၁၀၇ | ၁၈၀ | ၂၉၀ | ၅၅ | ၂၄၆ | ၃၉၃ | ၇၉ | ၁၃၆၃ | ၂၂၁၉ | ၃၄၄ |
| ၂။ | ဖေဖော်ဝါရီ | ၄၃၂ | ၈၀၁ | ၁၀၃ | ၄၈၆ | ၈၀၁ | ၁၁၂ | ၁၆၁ | ၂၄၅ | ၆၀ | ၂၄၉ | ၃၇၀ | ၈၂ | ၁၃၂၈ | ၂၂၁၇ | ၃၅၇ |
| ၃။ | မတ် | ၄၂၇ | ၈၆၂ | ၁၁၈ | ၆၁၀ | ၁၀၂၂ | ၁၄၂ | ၁၉၈ | ၁၆၂ | ၈၉ | ၂၄၂ | ၄၅၉ | ၉၆ | ၁၄၇၇ | ၂၆၀၅ | ၄၄၅ |
| ၄။ | ဧပြီ | ၅၁၉ | ၁၂၇၉ | ၁၈၄ | ၆၉၆ | ၁၂၇၈ | ၁၈၁ | ၂၃၄ | ၄၂၀ | ၆၈ | ၁၉၂ | ၃၄၂ | ၇၂ | ၁၆၄၀ | ၃၃၁၉ | ၅၀၅ |
| ၅။ | မေ | ၄၂၇ | ၇၄၀ | ၁၂၀ | ၅၁၁ | ၈၂၉ | ၁၁၂ | ၁၉၄ | ၂၈၆ | ၇၃ | ၁၄၄ | ၂၁၆ | ၅၅ | ၁၂၇၆ | ၂၀၇၁ | ၃၆၀ |
| ၆။ | ဇွန် | ၃၅၇ | ၅၇၄ | ၈၈ | ၅၁၄ | ၈၀၄ | ၁၁၂ | ၁၆၁ | ၂၂၄ | ၄၁ | ၁၀၆ | ၁၅၄ | ၃၆ | ၁၁၃၈ | ၁၇၅၆ | ၂၇၈ |
| ၇။ | ဇူလိုင် | ၃၂၂ | ၅၁၈ | ၇၇ | ၄၆၈ | ၇၁၅ | ၁၀၂ | ၁၄၅ | ၂၃၈ | ၃၉ | ၈၄ | ၁၄၂ | ၄၀ | ၁၀၁၉ | ၁၆၁၀ | ၂၅၉ |
| ၈။ | ဩဂုတ် | ၃၃၀ | ၅၄၇ | ၈၁ | ၄၄၈ | ၇၇၃ | ၈၃ | ၁၆၀ | ၂၃၆ | ၄၀ | ၁၀၄ | ၁၃၅ | ၃၅ | ၁၀၄၂ | ၁၆၉၁ | ၂၃၉ |
| ၉။ | စက်တင်ဘာ | ၃၄၁ | ၅၀၇ | ၆၅ | ၅၁၀ | ၈၃၀ | ၁၀၉ | ၁၅၂ | ၂၀၈ | ၆၀ | ၈၈ | ၁၆၁ | ၄၁ | ၁၀၉၁ | ၁၇၀၆ | ၂၇၅ |
| ၁၀။ | အောက်တိုဘာ | ၄၀၈ | ၅၆၅ | ၁၁၄ | ၆၀၅ | ၁၀၆၉ | ၉၇ | ၁၉၂ | ၂၇၇ | ၈၆ | ၉၄ | ၁၄၁ | ၄၅ | ၁၂၉၉ | ၂၀၅၂ | ၃၆၂ |
| ၁၁။ | နိုဝင်ဘာ | ၄၄၁ | ၆၈၂ | ၁၁၂ | ၆၁၈ | ၁၀၅၁ | ၁၅၁ | ၂၀၆ | ၂၉၇ | ၇၅ | ၈၅ | ၁၄၁ | ၃၈ | ၁၃၅၀ | ၂၁၇၁ | ၃၈၆ |
| ၁၂။ | ဒီဇင်ဘာ | ၄၁၂ | ၆၅၈ | ၁၃၈ | ၅၇၈ | ၉၄၇ | ၁၅၂ | ၂၈၉ | ၃၉၈ | ၉၄ | ၁၀၃ | ၁၉၄ | ၃၉ | ၁၃၈၂ | ၂၁၉၇ | ၄၂၃ |
| | ပေါင်း | ၄၈၆၃ | ၈၄၄၀ | ၁၃၁၅ | ၆၅၃၄ | ၁၀၉၄၈ | ၁၄၇၇ | ၂၂၇၂ | ၃၃၇၈ | ၇၈၃ | ၁၇၃၇ | ၂၈၄၈ | ၆၅၈ | ၁၅၄၀၆ | ၂၅၆၁၄ | ၄၂၃၃ |

**မှတ်ချက် - ၂၀၁၅ ခုနှစ်အတွင်း သင်္ကြန်လဖြစ်သော ဧပြီလတွင် ယာဉ်မတော်တဆမှုအများဆုံး ဖြစ်ပွားခဲ့ပြီး သေဆုံးသူလည်း အများဆုံးဖြစ်ခဲ့သည်။**

◆ ကျောဖုံးမှ

ဆိုင်ကပါတော့မယ်ဆိုတာ ကြိုသိပြီးသားပါ။ ပထမတစ်ကြိမ်တုန်းက လောက် မတုန်လှုပ်တော့ပါဘူး။ အနိစ္စသဘောလို့ပဲ တရားနှလုံးသွင်းထားပါတယ်။ ဆိုင်က ထောင့်ခန်းဆိုတော့ မီးသတ်ပိုက် လှမ်းထိုးနေတာကိုကြည့်ရင်း အူလှိုက်သည်းလှိုက်ငိုချင်လာတယ်။ ကျွန်မတို့အားလုံး ဆုံးရှုံးသွားပြီ။ တစ်ကနေပြန်စရတော့မယ်ဆိုတဲ့အသိနဲ့ မနက်ဆိုင်လာကြမယ့် ဆိုင်က ဝန်ထမ်းကလေးတွေကို ပြန်ဖျောင်းဖျရတယ်။ အိမ်လည်း မပြန်ချင်သေးတော့ နံနက် ၂ နာရီကတည်းက အခုချိန်ထိ ဒီနေရာမှာပဲ ရပ်နေမိတယ်" ဟု ဆေးပစ္စည်းအရောင်းဆိုင်ပိုင်ရှင် မတင်နီလာအေးက နံနက် ၁၁ နာရီခန့်တွင် မီးညွန့်ကျိုးသွားသော်လည်း မီးခိုးများအူထွက်နေသေးသည့် မင်္ဂလာဈေးသစ်ကြီးကို ကြည့်ကာ ပြောသည်။ ၎င်း၏အနီး၌ ဆိုင်ဝန်ထမ်း အမျိုးသမီးငယ်နှစ်ဦးနှင့် အမျိုးသားငယ်တစ်ဦးက မျှော်လင့်ချက်မဲ့မျက်ဝန်းများဖြင့် သူတို့၏သူဌေးကို ကြည့်နေသည်ကို မြင်ရသည်။

အလူမီနီယံတံခါးများကို စနစ်တကျပိတ်ရန် ညနေဈေးကွဲချိန်ရောက်တိုင်း မှာကြားတတ်သည့် သူဌေးကိုကြည့်ရင်း စိတ်ဓာတ်များကျလာကြောင်းပြောကြားကာ မင်္ဂလာဈေးအလှကုန်တန်း၌ ဈေးဟောင်းကြီးကတည်းကစတင်၍ ၁၁ နှစ်ကြာ လုပ်ကိုင်လာခဲ့သော ကိုအေးထွန်းက အိတ်ကပ်ထဲမှ ဆိုင်ခန်းသော့ကို အသံမမြည်အောင် အိတ်အတွင်းသို့ ပြောင်းထည့်သည်။ ဆိုင်ခန်းသော့ အသံတချွင်ချွင်ကို မီးသတ်ကား ဥဩဆွဲသံကြားမှ သူဌေးကြားသွားပါက သောကအပူမီး ပိုတောက်နိုင်သည်ကို ပထမအကြိမ် လောင်ခဲ့ဖူးသည့် အတွေ့အကြုံများအရ သူသိသည်။

**ပထမအကြိမ်ထက် ပမာဏကြီးမား**

မွန်းတည့်ချိန်ကျော်သည်အထိ မီးသတ်သမားများက မီးဆက်လက်ငြိမ်းသတ်နေရဆဲဖြစ်သည်။ အများစုသော ဆိုင်ခန်းပိုင်ရှင်များကလည်း မိမိတို့ဆိုင်ခန်းများကို မျှော်ကြည့်ရင်း ပထမအကြိမ်မီးကြီးထက်ပင် ပိုမိုများပြားသည့် မီးလောင်ကျွမ်းမှုပမာဏကို တွက်ချက်ကာ မီးအာမခံထားရှိခဲ့သူများက အာမခံလျော်ကြေးငွေ လျင်မြန်စွာ ရရှိနိုင်ရေးအတွက် အချင်းချင်းတိုင်ပင်သံများ၊ အာမခံမထားသူများကလည်း အချင်းချင်း ဝမ်းနည်းစကားဆိုကြသည်များကို ကြားရသည်။

"မီးသတ်တွေ ရောက်သွားချိန်မှာတော့ မီးအင်အားကောင်းနေပါပြီ။ စလောင်တဲ့အချိန်နဲ့ ကျွန်တော်တို့ရောက်တဲ့အချိန် နာရီဝက်လောက်ကွာမယ်ထင်ပါတယ်။ မြင်မြင်ချင်းမှာ သုံးလွှာက မီးတော်တော်ကူးနေတာမို့ ကျွန်တော်တို့တစ်တွေက အလယ်နဲ့ လေးဖက်လေးတန်ကနေ အတင်းဝင်ပြီး မီးအားကို ခွဲထုတ်ကြပါတယ်။ မီးငြိမ်းနေတဲ့အချိန်မှာပဲ မီးကလေးလွှာကို ကူးစက်တယ်။ အတွင်းလိုက်ပြီး လောင်နေတာမို့ အတွင်းကို အရင်မီးသတ်ခဲ့ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း ၅၉၀ ကျော်ပါတယ်။ အားလုံးတက်ညီလက်ညီ ငြိမ်းသတ်ခဲ့တာမို့ အရုဏ်တက်မှာ မီးညွန့်ကျိုးသွားခဲ့ပါတယ်။ အပြီးသတ်မီးငြိမ်းမှုကိုတော့ နေ့လယ်ပိုင်းအထိ ဆောင်ရွက်ခဲ့ရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသော်တာက ပြောကြားသည်။

**သုံးလွှာမှစတင်လောင်ကျွမ်း**

မီးလောင်ကျွမ်းမှုသည် မင်္ဂလာဈေးသုံးလွှာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးပမာဏကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အဆင့် (၅) ဟု သတ်မှတ်ခဲ့ကာ နံနက် ၅နာရီ ၅ မိနစ်တွင် မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်သည့် အနေအထားသို့ရောက်ရှိခဲ့သည်။ နံနက် ၇နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားသော်လည်း မီးခိုးနှင့် မီးကြွင်းမီးကျန်များကို ညနေပိုင်းအထိ ဆက်လက်ငြိမ်းသတ်ခဲ့ရပြီး မီးသတ်ရန်အတွက် ကန်တော်ကြီးမှ ရေများကို ရေသယ်ယာဉ်များဖြင့် အခေါက်ပေါင်းများစွာ သယ်ယူပက်ဖျန်းခဲ့ရခြင်းဖြစ်သည်။

**ယာယီဈေးအမြန်ဖွင့်မည်**

အဆောက်အအုံ၌ အက်ကြောင်းများထကာ မီးခိုးမှိုင်းများ၊ ရေစီးကြောင်းများဖြင့် မြင်တွေ့ရသည်မှာ ကြေကွဲဖွယ်ကောင်းနေသည့် မင်္ဂလာဈေးသစ်ကြီးကို ပြန်လည်ဖွင့်လှစ်ရန် မလွယ်ကူတော့ကြောင်း၊ ပြန်လည်တည်ဆောက်ရေးများ ပြုလုပ်သွားနိုင်ရန်အတွက် အမြန်ဆုံးစည်းဝေးညှိနှိုင်းမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မီးသင့်ခဲ့ရသည့် ဆိုင်ခန်းများကို ရွှေမင်္ဂလာဈေးသစ်ကြီးအတွင်းရှိ ကားပါကင်တတိယထပ်၌ ယာယီဈေးအဖြစ် ဖွင့်လှစ်နိုင်ရန် အမြန်ဆုံးစတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်က ပြောကြားသည်။

မင်္ဂလာဈေး၌ ဆိုင်ခန်းပေါင်း ၅၀၀၀ ကျော်ရှိသည့်အနက်မှ ဆိုင်ခန်း ၁၆၃၆ခန်းမှာ မီးလောင်ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ယနေ့ညနေ ၄ နာရီတွင် သတင်းထုတ်ပြန်သည်။

**ငှားရမ်းခများဈေးတက်**

မင်္ဂလာဈေး၌ မီးသင့်ခဲ့ရသည့် ဆိုင်ပိုင်ရှင်များက ယာယီဖွင့်ခွင့်ပေးသည့် ရွှေမင်္ဂလာဈေးသစ်ကြီးတွင် ကြိုတင်အခန်းငှားရမ်းနေမှုများကို ဖြစ်စဉ်ဖြစ်ပွားရာနေရာ၌ပင် ကြားနေရသည်။

"အခန်းခတွေကမူလက ပထမထပ်တစ်ခန်းကို တစ်လငှားခ တစ်သိန်းကနေ အခုငှားမယ်ဆိုတော့ သုံးသိန်းခေါ်နေတယ်။ မြေညီထပ်ဆိုရင် ငါးသိန်းကနေ ၁၀ သိန်းအထိ ဈေးတွေခုန်တက်သွားတယ်။ ကျွန်မတို့ကတော့ ပေးမှရမှာပဲ။ ငှားလည်း ပြန်မငှားနိုင်တော့ဘူး။ အားလုံးပါသွားပြီ" ဟု အလှကုန်ရောင်းဝယ်သူ အမျိုးသမီးကပြောကြားခဲ့ပြီး မဲစနစ်ဖြင့် ပြန်လည်နေရာချပေးမည်ဆိုပါက လက်မခံနိုင်ကြောင်း၊ မျှတစွာ ဆောင်ရွက်ပေးစေလိုကြောင်း အဆိုပါအမျိုးသမီးက ဆိုသည်။

မီးလောင်ကျွမ်းရာသို့ မီးသတ်ယာဉ် ၅၈ စီး၊ ရေသယ်ယာဉ် ၂၇ စီး၊ အဆင့်မြင့်မီးသတ်ယာဉ် လေးစီး၊ ကွပ်ကဲမှုယာဉ် ၁၁ စီး၊ အထောက်အကူပြုယာဉ် ခုနစ်စီး၊ မိတ်ဖက်ယာဉ် ခြောက်စီးနှင့် ကြက်ခြေနီယာဉ် ၁၄စီး၊ မီးသတ်ရေသယ်ယာဉ် ၂၇စီး၊ လှေကားတင်ယာဉ် ခြောက်စီး စုစုပေါင်း မီးသတ်ယာဉ် အစီး ၁၄၀ ကျော်ဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၅၉၀ တို့နှင့်အတူ သန္နေတပ်ဖွဲ့ဝင် ၂၂၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၅၀ တို့က အမာခံ ငြိမ်းသတ်တာဝန်ယူခဲ့သည်။ မီးလောင်မှုဖြစ်စဉ်ကြောင့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အခြားနှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ဆိုင်ခန်းပေါင်း ၁၆၃၆ ခန်း မီးလောင်ကျွမ်းခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၃၆၀၆၀၂ သိန်း ရှိခဲ့သည်။

ဖြစ်ပွားရသည့် အကြောင်းအရင်းမှာ ဆိုင်အမှတ်(၄၅၁)ရှိ ဆိုင်ပိုင်ရှင် ဦးလှဝင်း၏ဆိုင်၌ ဦးအောင်ဘွားနှင့် ၎င်း၏ အလုပ်သမားများဖြစ်သည့် မင်းသိန်း(ခ) မှတ်ကြီး၊ အောင်အောင်၊ ညွန့်ဝင်းနှင့် ကိုချမ်းတို့က လိပ်ဆွဲတံခါး တပ်ဆင်ရန် ဆိုင်ပိုင်ရှင်အပ်နှံမှုအရ အလုပ်လုပ်ကိုင်ခဲ့ကြောင်း၊ သီတဂူ တရားပွဲပြီးချိန်မှ စတင်လုပ်ကိုင်ရန် မင်္ဂလာဈေး လျှပ်စစ်တာဝန်ခံအနေဖြင့် သတ်မှတ်ထားသော်လည်း လျှပ်စစ်တာဝန်ခံက လျှပ်စစ်မီးများ ဖွင့်ပေးခဲ့သဖြင့် ၎င်းတို့က ဝင်ရောက်လုပ်ကိုင်နေစဉ် ပေါ့ဆရာမှ ဝိုင်ယာရှော့ခ်ဖြစ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။ မီးလောင်ကျွမ်းသည့်အထပ်များမှာ စားသောက်ဆိုင်၊ အလှကုန်နှင့် ဆေးဝါးများကို လက်လီလက်ကား ရောင်းချပေးနေသည့်နေရာဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ပထမအကြိမ် မီးလောင်စဉ်ကလည်း ဆုံးရှုံးခဲ့ရသည့် ဆိုင်များဖြစ်ကြသည်။

**မီးအာမခံထားသူနည်းပါး**

"ပထမကတည်းက ဈေးပြန်ဆောက်ဖို့ ကျွန်တော်တို့ပြောခဲ့ပါသေးတယ်။ အပေါ်နှစ်ထပ် အသစ်ပြန်ဆောက်ပေးပေမယ့် ကျွန်တော်တို့တစ်တွေက မီးသုံးခွင့်မရှိပါဘူး။ လျှပ်စစ်ပစ္စည်းဆိုင်တွေကတော့ သုံးနေကြပါတယ်။ ကျန်တာမီးမရပါဘူး။ အချို့ဆိုင်ခန်းရှင်တွေက မီးအာမခံထားကြပါတယ်။ ဒါပေမယ့် မီးအာမခံဆိုတာက ကုန်ပစ္စည်းနဲ့ ရင်းနှီးမြှုပ်နှံမှုပေါ် မူတည်ပြီးထားရတာပါ။ နောက်ပြီး ကိုယ်အာမခံထားမယ့်နေရာကို မျက်မြင်လာစစ်ပါသေးတယ်။ ကုန်ပစ္စည်းတွေအတွက် အာမခံထားရတာဖြစ်လို့ ဝယ်တဲ့ invoice တွေ ပြရပါတယ်။ ဒါကြောင့် အာမခံကို ဆိုင်ခန်းရှင်တိုင်း မထားကြပါဘူး။ ကျွန်တော်တို့ အခုတစ်ခေါက် အာမခံထားတဲ့သူက ဈေးတစ်ဈေးလုံးရဲ့ ၂၀ ရာခိုင်နှုန်းတောင် ရှိပဲ့မလားမသိဘူး။ အားလုံးဆုံးရှုံးသွားရပါပြီ" ဟု အာမခံထားရှိသော်လည်း ၎င်းတကယ်တမ်းရင်းနှီးထားရသည့်ပမာဏ၏ ၁၀ ပုံ တစ်ပုံသာ ရရှိနိုင်ဖွယ်ရှိသည့် ကိုငယ်လေး(ဆေးဆိုင်)က ပြောကြားသည်။

**မျက်မြင်အခြေအနေမှတ်တမ်းယူ**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနမှ တာဝန်ရှိသူများနှင့် မင်္ဂလာဈေးသာယာရေးကော်မတီတို့က ဇန်နဝါရီ ၁၀ ရက် **(ယနေ့)**နံနက် ၉ နာရီတွင် ဆိုင်ခန်းများမီးလောင်ကျွမ်းမှု မျက်မြင်အခြေအနေများကို မှတ်တမ်းယူမည်ဖြစ်ရာ ဆိုင်ခန်းပိုင်ရှင်များအနေဖြင့် မိမိတို့ဆိုင်ခန်းများ၏ အခြေအနေများကို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

မင်္ဂလာဈေး၌ မီးလောင်မှုမဖြစ်မီညဦးပိုင်းက နှစ်သစ်ကူးတရားပွဲကျင်းပခဲ့ရာ သီတဂူဆရာတော် အရှင်ဉာဏိဿရက နှစ်သစ်ကူးတရား ဟောကြားပေးခဲ့သည့်အတွက် ဈေးသူဈေးသားအများစုလာရောက်တရားနာယူခဲ့ကြသည်။

တရားပွဲအပြီး သိမ်းဆည်းပြီးချိန်တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်၍ ဈေးသူဈေးသား အားလုံးနီးပါးမှာ မီးလောင်မှုကို အချိန်မီ သိရှိကြသော်လည်း ကြည့်၍သာနေခဲ့ရကြောင်း သိရသည်။



ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက မင်္ဂလာဈေးမီးလောင်နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးစားမီးငြိမ်းသတ်နေကြစဉ်။ ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)

# မင်္ဂလာဈေးမီးလောင်၍ အနီးရှိ ယုဇနပလာဇာ တစ်ရက်ပိတ်ရ



**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ဗညားဒလလမ်းနှင့် စက်ရုံလမ်းထောင့်ရှိ အဆင့်မြင့်မင်္ဂလာဈေးကြီးသည် ဇန်နဝါရီ ၉ ရက် နံနက် ၁ နာရီခွဲဝန်းကျင်က မီးလောင်ကျွမ်းခဲ့သဖြင့် မီးငြိမ်းသတ်မှုများ နံနက်နှင့် နေ့လယ်ပိုင်းအထိ ဆက်လက်ဆောင်ရွက်နေရခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများနှင့်ကြုံရပြီး ဈေးဝယ်သူများ အခက်အခဲရှိနိုင်သဖြင့် ဗညားဒလလမ်းမပေါ်ရှိ ယုဇနပလာဇာဈေးကြီးကိုလည်း အရေးပေါ်ပိတ်ထားခဲ့ကြောင်း သိရသည်။ **(ဓါပုံ)**

"မင်္ဂလာဈေးနဲ့ ယုဇနပလာဇာက အလွန်နီးကပ်ပါတယ်။ မင်္ဂလာဈေးက မီးညွန့်ကျသွားပေမယ့် လူတွေလည်း အများကြီး စုရုံးရောက်နေကြသလို ပလာဇာမှာလည်း ဝန်ထမ်းတွေနဲ့ ဆိုင်ပိုင်ရှင်တွေက လမ်းတွေပိတ်ထားတဲ့အတွက် ဆိုင်ဖွင့်ဖို့အခက်အခဲတွေ ရှိပါတယ်။ ဒါကြောင့် ယနေ့အတွက် ယုဇနပလာဇာကို ပိတ်လိုက်ရခြင်းဖြစ်ပါတယ်" ဟု ယုဇနပလာဇာ အုပ်ချုပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယုဇနပလာဇာရှိ တံခါးပေါက်များ၌ ယနေ့ရက်စွဲဖြင့် ယုဇနပလာဇာဈေးကြီးကို လုံခြုံရေးအရ ခေတ္တပိတ်ထားပါသည်ဟူသော စာတန်းများကိုကပ်ထားပြီး ဈေးသူဈေးသားအများစုသည် ဈေးပိတ်သည်ကို မသိသဖြင့် ရောက်ရှိလာနေကြောင်း သိရသည်။

ယုဇနပလာဇာဈေးသည် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ဖွင့်လှစ်သည့် ဈေးကြီးဖြစ်ပြီး ဈေးဆိုင်ခန်းများအားလုံး ပိတ်သိမ်းချိန်တွင် ပလာဇာတစ်ခုလုံး၌ လျှပ်စစ်ဓာတ်အားကို မိန်းချထားခြင်းဖြင့် ဝိုင်ယာရှော့ခ်ဖြစ်ခြင်းမှ စနစ်တကျ ကာကွယ်ထိန်းသိမ်းထားနိုင်သည့်အတွက် မီးလောင်ခြေနည်းပါးကြောင်း သိရသည်။

ထို့ပြင် ယုဇနပလာဇာရှိ ဆိုင်ခန်းများသည် ၂၀၁၀ ပြည့်နှစ် မင်္ဂလာဈေးမီးလောင်ချိန်နောက်ပိုင်းတွင် မီးအာမခံနှင့် အထွေထွေအာမခံများမှာထားရှိမှုမှာ ဆိုင်ခန်းများ၏ ထက်ဝက်ကျော်ခန့်ရှိကြောင်း ဆိုင်ပိုင်ရှင်များထံမှ သိရသည်။

ဆိုင်ခန်းများကို ဇန်နဝါရီ ၉ ရက် တစ်ရက်တည်းသာ ပိတ်မည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-မေဦးမိုး**

# အဆင့်မြင့်မင်္ဂလာဈေးမီးလောင်မှုကြောင့် ဆိုင်ခန်းပေါင်း ၁၆၀၀ ကျော်ဆုံးရှုံးခဲ့





ဓာတ်ပုံ- မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

မင်္ဂလာဈေး မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ သက်စွန့်ဆံဖျား ငြိမ်းသတ်နေစဉ်။
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့



ဓာတ်ပုံ - ဇော်မင်းလတ်



ဓာတ်ပုံ - ဇော်ကြီး(ပဏ္ဍိတ)

ဇန်နဝါရီ ၉ ရက် နံနက် ၁ နာရီ မိနစ် ၄၀ ခန့်မှစတင်၍ မင်္ဂလာဈေး မီးလောင်ခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နေစဉ်။



ဓာတ်ပုံ - တင်ဝင်းလေး (ကြည့်မြင်တိုင်)



ဓာတ်ပုံ- မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

## သွားကျန်းမာရေးသူနာပြုဒီပလိုမာ နှစ်နှစ်သင်တန်းဝင်ခွင့် စာမေးပွဲစစ်ဆေးရန် နေရာတိုးချဲ့ခြင်းနှင့် ရက်ပြောင်းလဲသတ်မှတ်

**နေပြည်တော် ဇန်နဝါရီ ၉**

ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ သွားကျန်းမာရေးသူနာပြုဒီပလိုမာ (Diploma in Dental Nursing ) နှစ်နှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်းကို မြန်မာ့အလင်းသတင်းစာ(မြန်မာ)တွင် ၂၂-၁၁-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ကြေးမုံသတင်းစာတွင် ၂၃-၁၁-၂၀၁၅ ရက်နေ့တွင်လည်းကောင်း လျှောက်လွှာခေါ်ယူခဲ့ရာ ရေးဖြေစာမေးပွဲစစ်ဆေးမည့်နေရာကို သူနာပြုသားဖွားသင်တန်းကျောင်း နေပြည်တော်၌ ၁၅-၁-၂၀၁၆ ရက်နေ့တွင် စစ်ဆေးရန် ကြော်ငြာခဲ့သည်။

ယခုအခါ စာမေးပွဲစစ်ဆေးခြင်းများအဆင်ပြေချောမွေ့နိုင်ရေးအတွက် ၁၆-၁-၂၀၁၆ ရက်နေ့သို့ပြောင်းလဲ၍ စစ်ဆေးမည်ဖြစ်ပြီး စာစစ်ဌာနကို သူနာပြုသားဖွားသင်တန်းကျောင်း နေပြည်တော်နှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်၌ တိုးချဲ့ကျင်းပစစ်ဆေးမည်ဖြစ်သဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှစ၍ သူနာပြုသင်တန်းကျောင်း နေပြည်တော်၌ စတင်ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်း ထပ်မံကြော်ငြာထားကြောင်း သိရသည်။

စုံစမ်းမေးမြန်းလိုပါက ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ သူနာပြုဌာနစိတ် ရုံးအမှတ်(၄) နေပြည်တော် ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉ လိုင်းခွဲ-၈၁၈၊ ၈၁၉ တို့ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပုသိမ်ကန်သာယာအပန်းဖြေကစားကွင်း ဝန်ထမ်းလိုင်းခန်း မီးလောင်မှုဖြစ်ပွား

**ပုသိမ် ဇန်နဝါရီ ၉**

ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက် ကန်သာယာအပန်းဖြေကစားကွင်း အတွင်းရှိ ဝန်ထမ်းလိုင်းခန်း၌ ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားကြောင်း သိရ သည်။

အဆိုပါသတင်းအရ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲဗလ ဦးမျိုးဝင်းဦးဆောင်သော မီးသတ်ဦးစီးဌာနမှ ပုသိမ်မြို့နယ် မီးသတ်ယာဉ်နှစ်စီး၊ နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ငဝန်ကျွန်းသာနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ကွပ်ကဲရေးယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၂၀၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ မီးသတ်ယာဉ်တစ်စီးနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီ မိနစ် ၅၀ တွင် လုံးဝမီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရာ၌ ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က ကန်သာယာအပန်းဖြေကစားကွင်းရှိ ဝန်ထမ်းများအနားယူနေသည့် ပေ (၁၅×၃၀) ဝန်ထမ်းလိုင်းခန်းနေအိမ်၌ မီးဖွင့်ထားသော လေးပေမီးချောင်း အပူလွန်ကဲရာမှ ဘေးထရံအကာသို့ ကူးစက်လောင်ကျွမ်းပြီး အနီးရှိ သွပ်မိုးပျဉ်ကာ နေအိမ် လေးလုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဝန်ထမ်းနေအိမ်လေးလုံးမှ အမျိုးသား ၂၀၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၂ ဦးတို့အား ကန်သာယာအပန်းဖြေ ကစားကွင်းအတွင်းရှိ လူနေအိမ်များ ၌ တာဝန်ရှိသူများက ထိန်းသိမ်း စောင့်ရှောက်ထားသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ကစားကွင်းတာဝန်ခံ ဦးဇော်ငွေးကို ပုသိမ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ပုသိမ်-လှကြည်**



## သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်ပြဿနာ

**ဆောင်းပါး**

**ကျော်ကျော်(မလှိုင်)**

ကမ္ဘာပေါ်၌ သက်ရှိနှင့် သက်မဲ့တို့ အပြန်အလှန် အမှီသဟဲပြုနေကြခြင်းကို ဂေဟစနစ်ဟု ခေါ်သည်။ လူသားတို့၏လူမှုစီးပွားဘဝ ကောင်းမွန်တိုးတက်ရေးနှင့် သာယာဝပြောရေးသည် ပတ်ဝန်းကျင်အပေါ်၌ အခြေခံနေသည်။

ယခုအခါ လူသားများ၏မဆင်မခြင်လုပ်ရပ်များကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ တဖြည်းဖြည်း ယိုယွင်းပျက်စီးလာလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးစေသည့် ပြဿနာများအနက် အဖြူရောင်ညစ်ညမ်းမှု (White Pollution) ဟု ခေါ်သည့် ကြွပ်ကြွပ်အိတ်(ခေါ်) ပလတ်စတစ်အိတ်ပြဿနာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကြွပ်ကြွပ်အိတ်ထုတ်လုပ်ရာတွင် အသုံးပြုနေသည့်ကော်စေ့သည် သဘာဝသယံဇာတဖြစ်သော ရေနံစိမ်းမှ ထုတ်ယူခြင်းဖြစ်သည့်အတွက် ကြွပ်ကြွပ်အိတ်များကို စည်းကမ်းမဲ့စွာ မဆင်မခြင် ထုတ်လုပ်သုံးစွဲခြင်းသည် သဘာဝသယံဇာတဖြစ်သည့် ရေနံစိမ်းများကို ဖြုန်းတီးရာရောက်သည်။ ကမ္ဘာပေါ်၌ နှစ်စဉ် ပလတ်စတစ်သုံးစွဲမှုပမာဏသည် တန်ချိန်သန်းပေါင်း ၂၇၅ သန်းရှိကြောင်း လေ့လာသိရှိရသည်။

ယခုအခါ မြောက်ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စွန့်ပစ်ထားသည့် တန်ချိန်ကိုးသန်းခန့်ရှိသော ပလတ်စတစ်အမှိုက်ထုကြီးမှာ သမုဒ္ဒရာအတွင်း စီးမျောနေပြီး ရေသတ္တဝါများနှင့် ပင်လယ်ကူးသင်္ဘောများအတွက် ဘေးအန္တရာယ်ဖြစ်စေသည်ဟု သိရှိရသည်။ ကြွပ်ကြွပ်အိတ်သည် တာရှည်ခံသည့် စွမ်းရည်ကြောင့် အဆိုပါ ပြဿနာစတင်ခဲ့ရခြင်းဖြစ်ပေသည်။ ကြွပ်ကြွပ်အိတ်များသည် ရေမြောင်းများမှတစ်ဆင့် မျောပါသွားပြီး ရေထွက်ပေါက်ပိတ်ဆို့ခြင်းကြောင့် ကြွက်၊ ခြင်၊ ယင် စသည်တို့မှတစ်ဆင့် ဘက်တီးရီးယားပိုးမွှားများနှင့် ရောဂါပိုးများပေါက်ပွားကာ လူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

ထို့အပြင် မိုးရွာချသည့်အခါ ရေမြောင်းများအတွင်း မျောပါသွားပြီး မြစ်ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာထဲသို့ရောက်ရှိသွားကာ ကမ္ဘာ့ရေထုကို ညစ်ညမ်းစေတဲ့အပြင် ရေသတ္တဝါများ၏ဂေဟစနစ်ကိုလည်း ပျက်စီးစေသည်။ ဥပမာ ကြွပ်ကြွပ်အိတ်သည် ဂျယ်လီငါးနှင့် အလွန်တူသောကြောင့် ပင်လယ်လိပ်များသည် ၎င်းတို့၏ အစာထင်မှတ်ကာ စားသုံးမိကြသဖြင့် သေဆုံးကြရပေသည်။ ကြွပ်ကြွပ်အိတ်များသည် မြေကြီးထဲ၌ နှစ်ပေါင်း ၅၀၀ မှ ၁၀၀၀ ခန့်ကြာမှသာ ပျက်စီးနိုင်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ထိခိုက်စေနိုင်ပြီး မြေကြီးထဲသို့ ရောက်ရှိသွားသော ကြွပ်ကြွပ်အိတ်များကြောင့် မြေဆီလွှာအတွင်းရှိ အပင်မျိုးစေ့များမှာ အညှောက်မထွက်နိုင်တော့ဘဲ သေကျေပျက်စီးကြရကြောင်း၊ ယင်းကြွပ်ကြွပ်အိတ်များကို မီးရှို့ဖျက်ဆီးပါကလည်း အီသိုင်းလင်းအောက်ဆိုက်နှင့် ဒြပ်ပေါင်းများထွက်ရှိသဖြင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေသည့်အပြင် ယင်းအငွေ့များကို ရှူရှိုက်မိသူတိုင်း၏ သွေးနှင့် ဆီးများထဲသို့ရောက်ရှိကာ ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။ ကြွပ်ကြွပ်အိတ်သည် ခဲဓာတ်နှင့် အဆိပ်ဓာတ်များ ပါရှိသည့်အတွက် ဓာတုဗေဒပစ္စည်းများနှင့် အရောင်ဆိုးဆေးများကြောင့် ပူလောင်သော စားစရာများကို ကြွပ်ကြွပ်အိတ်ထဲထည့်ကာ ထုပ်ပိုးသယ်ဆောင်ပါက အဆိပ်ဓာတ်များ စားစရာများထဲသို့ ရောက်ရှိသွားပြီး ကင်ဆာစသည့် ရောဂါများ ဖြစ်ပွားတတ်ကြောင်း ဆေးကျမ်းများ၌ ပါရှိသည်။

ယခုအခါ ကြွပ်ကြွပ်အိတ်နှင့် ပတ်သက်သော လက်ကမ်းစာစောင်များ၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်လာကြသကဲ့သို့ သတင်းစာနှင့် ဂျာနယ်များကလည်း ရေးသားဖော်ပြလာကြသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ထိန်းသိမ်းကာကွယ်ရန် သက်ရှိများ၏ ဂေဟစနစ်နှင့် လူတို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကြွပ်ကြွပ်အိတ်အသုံးပြုမှုကိုငြင်းပယ်ခြင်း၊ လျှော့ချခြင်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**လှိုက်လှဲ ဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ**

၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့်၊ **သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ ဒေါက်တာဦးစိုးသိန်းအား "မဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့် အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုး ဘာသာ သာသနာအကျိုးကို ဆထက်ထမ်းပိုး တိုး၍ ဆောင်ရွက်နိုင်ပါစေရန် ဆုမွန်ကောင်း တောင်းလျက်အထူးဂုဏ်ပြုအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)၊**
**သီဟသုဓမ္မသီဂီ ဒေါ်ခင်ခင်စိန်၊ (*SEIN YADANAR GEMS & JEWELLERY*) မိသားစု၊**

**ဝါဏိဇ္ဇဘွဲ့ရများအသင်းနှစ်ပတ်လည်အစည်းအဝေး**

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ (၁၇)ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ပင်မ) နီလာရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် B.Com, B.Act, B.B.A ဘွဲ့ရများတက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)

**လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ**

၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် **သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း (မန်နေးဂျင်းဒါရိုက်တာ၊ ရွှေမနအောင်ကုမ္ပဏီလီမိတက်)**အား မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အန်ကယ်ကြီး မိသားစုနှင့်ထပ်တူ အထူးပင်လှိုက်လှဲဝမ်းသာဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာ့အကျိုးကိုလည်း ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်ဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလျက် ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

မဏ္ဍိစန္ဒာအောင်ကုမ္ပဏီလီမိတက်

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်မြတ်နိုး ၁၂/ဥကတ(နိုင်)၁၈၉၄၁၄ ၏ ကားလိုင်စင်နံပါတ် B/08037/14 ကုန်ဆုံးရက် ၂၅-၄-၂၀၁၉ နှင့် နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၀၉၅၈၄၅**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံ/တောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊မြေကွက်အမှတ်(၁၇၁၉/ခ)၊မြေကွက်တည်နေရာအမှတ်(၁၇၁၉/ခ)၊ကျွန်းရွှေမြိုင်(၃)လမ်း၊ဒဂုံ/တောင်ဦးတင်မောင်အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဦးငြိမ်းမောင်ထံမှအရပ်ကတိစာချုပ်အဆက်အစပ်များဖြင့်ဝယ်ယူထားသူဦးဝင်းထိန်(၈/တတက(နိုင်)၀၇၁၉၄၁)မှမြေချပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ဝန်ခံချက်များတင်ပြပြီးပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂၊ မြေကွက်အမှတ် ၁၄/ခ၏ Portion မြေကွက်တည်နေရာအမှတ် ၈၀၅၊ မြဝတ်ရည်လမ်း၊ ဆ/ခရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအမည်ပေါက် အစိုးရမြေအား ဦးမင်းစိန် ၁၂/သဃက (နိုင်)၀၆၇၈၂၉ နှင့် အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် ၆၀ မြေငှားဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဗန်ကောက်မြို့တွင် မြန်မာအလုပ်သမားဇနီးမောင်နှံအား အငှားယာဉ်မောင်းက ခြိမ်းခြောက်ငွေညှစ်

ဗန်ကောက် ဇန်နဝါရီ ၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ပုထုန်ဌာနီလမ်း လန်စစ်ကားဂိတ်တွင် ဇန်နဝါရီ ၆ ရက် နံနက် ၅ နာရီခန့်က မြန်မာအလုပ်သမား ဇနီးမောင်နှံကို ထိုင်းအငှားယာဉ်မောင်းက အငှားယာဉ်ပေါ် အတင်းအကျပ်ခေါ်ဆောင်ပြီး ခြိမ်းခြောက်ငွေညှစ်ခဲ့ကြောင်း ဇနီးမောင်နှံကို သွားရောက်ကူညီခဲ့သော မြန်မာသံရုံး အလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ (MAT) မှ ဗန်ကောက်တာဝန်ခံ ကိုစိုင်းအေးက ပြောကြားသည်။

ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ပြန်လာသော ကိုညီညီဇော်နှင့် ဇနီးသည် မချောစုတို့ အလုပ်လုပ်ကိုင်ရာ စူစဝပ်(ဆွယ် ၄၀)ရပ်ကွက်သို့ပြန်ရန် လန်စစ်ကားဂိတ်တွင် အငှားယာဉ်စောင့်ဆိုင်းခဲ့ကြောင်း၊ ယင်းနောက်ဒေသခံထိုင်းနိုင်ငံသား အငှားယာဉ်မောင်းက ၎င်းအငှားယာဉ်ပေါ်စီးနင်းရန် အတင်းအကျပ်ခေါ်ဆောင်ခဲ့ရာ ယာဉ်မောင်းက လမ်းခုလပ်တွင် ဘတ်ငွေငါးထောင်တောင်းခံကြောင်း ၎င်းဇနီးမောင်နှံ၏ ပြောကြားချက်အရ သိရသည်။

"သူတို့မှာပါတဲ့ ငွေမလောက်လို့ ကားပေါ်ကနေ ဆင်းဖို့ တောင်းပန်တာကို ယာဉ်မောင်းက လော့ချပြီး တခြားနေရာကိုအတင်းမောင်းသွားတာ၊ ငွေညှစ်တဲ့အပြင် ခြိမ်းခြောက်တာကြောင့် လင်မယား နှစ်ယောက်က ဆင်းမယ့်နေရာရောက်တော့ အိမ်မှာ ပိုက်ဆံသွားယူမယ်ပြောလို့ ယာဉ်မောင်းက ကားပေါ်ကဆင်းခွင့်ပြုတာ၊ သူတို့လည်း အသိအိမ်မှာ ပုန်းနေရတယ်" ဟု မြန်မာအလုပ်သမားများအရေး အကူအညီပေးနေသော MAT အဖွဲ့မှ ဗန်ကောက်တာဝန်ခံ ကိုစိုင်းအေး က ရှင်းပြသည်။

အဆိုပါ အငှားယာဉ်မောင်းမှာ ဇနီးမောင်နှံ တိမ်းရှောင်ရာနေရာ အနီးသို့ ထိုင်းရဲများကို ခေါ်ဆောင်လာကာ ဖမ်းဆီးခိုင်းသည့်အပြင် အများအထင်လွဲမှားစေနိုင်သော စကားများကို ပြောဆိုခြင်း၊ မြန်မာနိုင်ငံသားများကို သိက္ခာချသော အပြုအမူ အပြောအဆိုများ လုပ်ဆောင်နေသောကြောင့် ငွေညှစ်ခံရသော ကိုညီညီဇော်က MAT သို့ အကူအညီ တောင်းခံခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ MATမှ တာဝန်ခံက အငှားယာဉ်မောင်းကို ရဲစခန်းသို့ အကူအညီတောင်း အကြောင်းကြားခေါ်ယူကာ စစ်ဆေးမေးမြန်းခဲ့ရာ အငှားယာဉ်မောင်းက မူးယစ်ဆေးဝါးသုံးစွဲထားခြင်း၊ မော်တော်ယာဉ် ငှားရမ်းခကို အဆမတန် တောင်းခံမှုများ ပေါ်ပေါက်သဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းက ဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း MAT ထံမှ သိရသည်။ မြန်မာအလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံတွင် အငှားယာဉ် ငှားရမ်းစီးနင်းရာတွင် သတိထားရန်လိုအပ်ပြီး မိမိစီးနင်းသော ကားနံပါတ်ကိုမှတ်ထားရန် လိုအပ်ကြောင်း အငှားယာဉ်မောင်း၏ငွေညှစ်ခံရသော ကိုညီညီဇော်က အကြံပြုပြောကြားသည်။

ထိုင်းနိုင်ငံအတွင်း လူကုန်ကူးခံရ၍ဖြစ်စေ၊ အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရ၍ဖြစ်စေ မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ (MAT)မှ အကူအညီများ ပေးအပ်လျက်ရှိကြောင်း MAT အဖွဲ့ဝင် ဗန်ကောက်မြို့နေ ကိုစောမောင်၏ သတင်းပေးပို့ချက်အရ သိရသည်။

**ကျော်စိုး(ပြန်/ဆက်)**

# ကောလင်းမြို့နယ်တွင် တရားမဝင်သစ်ခွဲစက် ဖမ်းဆီးရမိ

ကောလင်း ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် သော်ကြိုးဝိုင်းအတွင်းမှ တရားမဝင်သစ်စက်အား သစ်ခွဲသားများနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၇ ရက် နံနက်က မုံရွာမြို့ တိုင်းသစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ ကောလင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်၊ ကောလင်းရဲစခန်းမှ ရဲအုပ်တင်မိုးတို့ ပါဝင်သောအဖွဲ့သည် ကောလင်းမြို့နယ် သော်ကြိုးဝိုင်း အကွက်အမှတ် (၁၀) ကျွန်းစိုက်ခင်းအတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင် သစ်စက်လုပ်ကိုင်နေသော မောင်ထွန်းဆိုသူနှင့် ဇော်ဇော်ဇင်တို့အား ကျွန်းခွဲသား ဆိုက်စုံ ၂၆ ချောင်း ၀ ဒသမ ၀၆၃၄ တန်၊ အင်ခွဲသား ဆိုက်စုံ ခုနစ်ချောင်း ၀ ဒသမ ၀၃ တန်၊ JF ၂၂ ကောင် အင်ဂျင်ပါ သစ်စက်အုပ်စုံ၊ SWS အမျိုးအစား ချိန်းစောတစ်လုံးတို့ကို ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။ (ဓာတ်ပုံ)



သို့ဖြစ်၍ တရားမဝင် သစ်ခွဲစက်ပြုလုပ်သူ မောင်ထွန်း(၅၂ နှစ်) ညောင်ကိုင်းကျေးရွာ ကောလင်းမြို့နယ်နေသူနှင့် ဇော်ဇော်ဇင် (၃၂ နှစ်) ဥမှင်ကုန်းကျေးရွာ ကောလင်းမြို့နယ်နေသူတို့အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဖခင်အား သားဖြစ်သူက ဓားနှင့်ခုတ်သတ်

မင်းတုန်း ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ရှိ တောင်ယာတဲ၌ ဖခင်ဖြစ်သူက သားဖြစ်သူကို ဆိုဆုံးမသည့်ကိစ္စနှင့်ပတ်သက်၍ သားဖြစ်သူက ဖခင်ဖြစ်သူကို ဓားဖြင့်ခုတ်သတ်ခဲ့မှု ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သရက်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၈ ရက် နံနက် ၇ နာရီက မင်းတုန်းမြို့နယ် မိုးကောင်းကျေးရွာနေ ဒေါ်အေးတင် (၆၂နှစ်)သည် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးပိန် (၇၀ နှစ်) နှင့် သားဖြစ်သူ အောင်ငွေ (၂၈နှစ်)တို့ အလုပ်လုပ်ကိုင်သည့် တောင်ယာခင်းရှိတဲသို့ စားစရာများ သွားရောက်ပို့ဆောင်စဉ် ခင်ပွန်းဖြစ်သူ ဦးပိန်မှာ ယာခင်းရှိတဲ၌ ဒဏ်ရာများရရှိကာ သေဆုံးနေသည်ကိုတွေ့ရှိရပြီး သားဖြစ်သူ အောင်ငွေမှာ အဆိုပါတဲအနီး၌ အရိုးအသွားနှစ်ပေခန့် ဗျက်တစ်လက်မခန့်ရှိ ဓားဦးချွန်ကို ကိုင်ဆောင်လျက်တွေ့ရှိရ၍ မေးမြန်းခဲ့ရာ ၎င်းအား ဖခင်ဖြစ်သူက "မင်းမူးနေတာပဲ၊ အလုပ်မလုပ်ဘူး၊ စကားများနေတာပဲ" ဟု ပြောသဖြင့် ဓားဖြင့်ခုတ်သတ်ခဲ့ကြောင်း ပြောပြခဲ့သည်ဟု သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ငွေကို မင်းတုန်းမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ငွေကျပ် ၅၅ သိန်းတန်ဖိုးရှိ ကျွဲ ၁၁ ကောင်ဖမ်းမိ

ကောလင်း ဇန်နဝါရီ ၉

ကသာခရိုင် ကောလင်းမြို့နယ် အင်တပင်ကျေးရွာအနီးတွင် တရားမဝင်သယ်ဆောင်လာသည့် ကျွဲထီးကိုးကောင်၊ ကျွဲမနှစ်ကောင် စုစုပေါင်းကျွဲ ၁၁ ကောင်ကို ဇန်နဝါရီ ၈ ရက် ည ၆ နာရီက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွဲ ၁၁ ကောင်ကို ကောလင်းမြို့မရဲစခန်းမှ ဒုရဲအုပ်လှကျော်ဦးနှင့် တပ်ဖွဲ့ဝင်များက သတင်းအရ အင်တပင်ကျေးရွာအနီး စောင့်ဆိုင်းနေစဉ် ကျော်စိုးအောင်၊ ကံဝင်း၊ မောင်ချို၊ ကံထူးတို့လေးဦး သယ်ဆောင်မောင်းနှင်လာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ သယ်ဆောင်ခွင့် အထောက်အထားတစ်စုံတစ်ရာမပါရှိဘဲ တရားမဝင်သယ်ဆောင်မောင်းနှင်လာသည့် ကျွဲများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကောလင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ငွေကျပ် ၁၅ သိန်း လုယက်မှုဖြစ်ပွား

တောင်တွင်းကြီး ဇန်နဝါရီ ၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဇန်နဝါရီ ၈ ရက် နံနက်က ငွေကျပ် ၁၅ သိန်း လုယက်ထွက်ပြေးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့နယ် ရွှေအိုး(၂)ရပ်ကွက်နေ အသက်(၄၂ နှစ်) ရှိ မ---သည် တစ်ရပ်ကွက်တည်းနေ မ---- ထံမှ ငွေကျပ် ၁၅ သိန်းကို ချေးယူ၍ ရွှေအိုး(၂)ရပ်ကွက် မေတ္တာလမ်းအတိုင်း တောင်မှမြောက်သို့ စက်ဘီးခြင်းထဲသို့ ထည့်ယူစီးနင်းပြန်လာစဉ် မျက်နှာချင်းဆိုင် အနက်ရောင်ဆိုင်ကယ်ပေါ်တွင် အမျိုးသားနှစ်ဦး စီးနင်းလာပြီး ဘေးချင်းကပ်ရှောင်စဉ် ဆိုင်ကယ်နောက်မှ ထိုင်လာသူက မ-----၏ စက်ဘီးခြင်းထဲမှ ငွေကျပ် ၁၅ သိန်းကို နှိုက်ယူထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ပိုက်ဆံများ နှိုက်ယူသွားသူ အမည်မသိ အမျိုးသားနှစ်ဦးကို တောင်တွင်းကြီးမြို့မရဲစခန်းမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဗိုလ်ပြည့်(တောင်တွင်းကြီး)**


ကျေးဇူးတင်ရှိခြင်း

**ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ**

၂၀၁၅-၂၀၁၆ပညာသင်နှစ်ပဋ္ဌမအကြိမ် ပညာရေးစုံညီပွဲတော်အခမ်းအနားသို့ ကြွရောက်ဖွင့်လှစ်ပေးပါသော-ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း) (မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ဗန္ဓုလကုမ္ပဏီလီမိတက်-မန်နေးဂျင်းဒါရိုက်တာ)၊ ဧည့်သည်တော်များနှင့်မိဘများ၊ ကျောင်းကပွဲသို့ကြွရောက်၍ ငွေသားဆုများ ချီးမြှင့်ပေးပါသော မိဘများ၊ ဈေးရောင်းပွဲတော်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးပါသော ဆရာ/ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျေးဇူးအထူး တင်ရှိပါကြောင်း။

တည်ထောင်အုပ်ချုပ်သူ ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)နှင့်ဇနီး

အမှတ်၆၄/၆၅၊ ဘုရင့်နောင်လမ်းမကြီး၊ ၂၇ရပ်ကွက်(ပင်လုံဥယျာဉ်အိမ်ရာ)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ Ph: 580396, 09 2400261, 09 448541535



**၄၄ ကြိမ်မြောက် စိန့်မေရီဒိုင်အိုစီစင် မိန်းကလေး အထက်တန်းကျောင်း**
**(ယခု အ. ထ. က ၁ ပန်းဘဲတန်း) အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ**

စိန့်မေရီဒိုင်အိုစီစင် ကျောင်းတော်ကြီးတွင် ၁၉၄၆ ခုနှစ်မှ ၁၉၆၅ ခုနှစ် အတွင်း ပညာသင်ကြားပေးခဲ့သော ဆရာမကြီးများနှင့် အသက် ၇၅ နှစ် ကျော်သော ကျောင်းသား ကျောင်းသူဟောင်းများအား ဂါရဝပြုမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက် ဂါရဝပြုကြပါရန် ချစ်ခင်စွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၇ - ၁ - ၂၀၁၆ (တနင်္ဂနွေနေ့)
အချိန် - ၁၂ း ၀၀ နာရီတိတိ
နေရာ - Holy Trinity (Parish Hall၊ စိန့်မေရီဒိုင်အိုစီစင် ဘုရားဝင်းအတွင်း)
ဗိုလ်ချုပ်လမ်းနှင့် ရွှေတိဂုံဘုရား လမ်းထောင့်၊ ရန်ကုန်မြို့။

**ပွဲဖြစ်မြောက်ရေး ကော်မတီ**

အလှူငွေများအား အောက်ပါ ပုဂ္ဂိုလ်များထံတွင် ထည့်ဝင် ကုသိုလ် ယူနိုင်ပါသည်။
ဒေါ်ဘာဘရာ(၀၉ - ၇၃၂၅၇၉၉၇)၊ ဒေါ်ရှီစီတင်တင်လွမ်း(၀၉ - ၂၅၀၃၅၉၈၉၀)၊
ဒေါက်တာသိန်းမြင့်အောင်(၀၉ - ၄၂၁၀၂၀၃၄၄)၊ ဒေါ်ခင်စောဥမ္မာ (၀၉ - ၅၁၉၂၀၆၁)၊
ဒေါ်အဲလစ်အောင်(၀၁ - ၂၅၀၂၁၉)၊ ဒေါ်ခင်ဖြူဝင်း (၀၉ - ၅၀၆၄၇၄၉)၊ ဒေါ်ဟယ်လင်အောင် (၀၉ - ၄၂၃၇၂၇၃၄၇)၊
ဒေါ်ဘတ်တီတင် (၀၉ - ၂၅၄၃၅၀၈၉၃)၊ ဒေါ်ချယ်ရတီဖိုးလှ (၀၁ - ၅၀၃၂၂၈)၊
ဒေါ်နန်းအိအိဇာ (၀၁ - ၃၈၃၀၂၅)၊ ဒေါ်မာလာတင်(၀၁ - ၃၇၉၇၃၅)၊ ဒေါ်နွယ်နွယ်ဖိုး( ၀၁ - ၉၀၀၀၇၇၅)။



**လူ့ဘဝသည် ချမ်းသာနည်း၍ ဘေးဒုက္ခပေါ်များလှသည်**

စိတ်ကြိုက် ဆုရဆောင်းပါးများစာအုပ်ထွက်ပါပြီ၊
ဒေါက်တာခင်မောင်ညွန့်(လပြည့်ဝန်း)စီစဉ်သည်။

**တစ်အုပ်-ကျပ် ၁၀၀၀**

မန္တလေး နဂါးစာပေ၊ ထွန်းဦးစာပေ၊
စိတ်ကူးချိုချို၊ ညိုစာပေစသည့်
စာအုပ်ဆိုင်ကြီးများတွင် ရရှိနိုင်ပါသည်။

**ဖုန်း-၀၉-၆၈၀၃၈၅၂၊ ၀၉-၂၅၈၈၇၃၈၅၂**

# အဆင့်မြင့်မင်္ဂလာဈေးမီးလောင်မှု အမြန်ဆုံးမီးငြိမ်းသတ်နိုင်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ခဲ့

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် စက်ရုံလမ်းရှိ အဆင့်မြင့်မင်္ဂလာဈေး တတိယထပ်၌ ဇန်နဝါရီ ၉ ရက် နံနက် ၁ နာရီ မိနစ် ၄၀ ခန့်တွင် မီးစတင်လောင်ကျွမ်းရာ မီးလောင်ရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများသည် မီးလောင်မှုဖြစ်ပွားရာနေရာသို့ သွားရောက်၍ အမြန်ဆုံးမီးငြိမ်းသတ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါမီးလောင်မှုကို Level 5 အဆင့်သတ်မှတ်၍ တပ်မတော်သား ၁၈၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၃၅၀၊ ကြက်ခြေနီ ၁၅၃ ဦး၊ မီးသတ်တပ်ဖွဲ့ဝင်သန္ဓေ ၅၉၀၊ အရန် ၂၁၆ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ မီးသတ်ယာဉ်သုံးစီးအပါအဝင် မီးငြိမ်းသတ်ယာဉ် ၅၅ စီး၊ အမြင့်တက်လှေကားတင်မီးသတ်ယာဉ်လေးစီး၊ Water Tower နှစ်စီး၊ မြို့တော်စည်ပင်၊ မြန်မာ့သစ်လုပ်ငန်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ ရေသယ်ယာဉ် ၂၇ စီး၊ မိတ်ဖက်ယာဉ်ခြောက်စီး၊ အထောက်အကူပြုယာဉ်ခုနစ်စီး၊ ကွပ်ကဲမှုယာဉ် ၁၁ စီး၊ ကြက်ခြေနီတပ်ဖွဲ့သုံးယာဉ် ၁၉ စီး စုစုပေါင်းယာဉ် ၁၃၄ စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ လုံခြုံရေးဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ Level 5 ယာဉ်အုပ်စုဖြင့် လောင်စာများကို ခွဲထုတ်ငြိမ်းသတ်သည့်စနစ်ကို အသုံးပြုကာ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များကို စနစ်တကျ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုဖြစ်စဉ်အသေးစိတ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

နိုင်ငံခြားသားကစားသမားသုံးဦး စလုံးကို ပွဲထွက်လူစာရင်း၌ အသုံးပြုခဲ့သည့် ရခိုင်အသင်းသည် ပထမပိုင်းတွင် ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်ကစားပုံ အားနည်းခြင်းကြောင့် ဂိုးမရခဲ့ပေ။ ပထမပိုင်းတွင် ထောင့်ကန်ဘော အကြိမ်ရေများစွာ ကန်ခွင့်ရခဲ့သော်လည်း ရခိုင်အသင်းအသုံးမချနိုင်ခဲ့ပေ။ Southern အသင်း၏ ရံဖန်ရံခါ ထိုးဖောက်မှုများ ထိရောက်မှုရှိခဲ့ပြီး ၄၄ မိနစ်တွင် တိုက်စစ်မှူး ခိုင်ဇော်ထွန်းက ဂိုးစတင်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ရခိုင်အသင်း ချေပဂိုးရရှိရန် အားပိုထည့်လာပြီး ၅၂ မိနစ်တွင် ထောင့်ကန်ဘောမှ တစ်ဆင့် ဘရာဇီးတိုက်စစ်မှူး အန်ဒရေက သွင်းယူပေးခဲ့သည်။

ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာသော်လည်း နိုင်ငံခြားသားများပါသည့် ရခိုင်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ခြေစွမ်းပြနေသည့် တိုက်စစ်မှူး အန်ဒရေ၏ လှပသည့် အဝေးကန်ချက်ကြောင့် ရခိုင်အသင်း အနိုင်ဂိုးရသွားခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ဇေယျာရွှေမြေအသင်းက Horizon အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဇေယျာရွှေမြေအတွက် ၃၃ မိနစ်တွင် ဗစ်တာ၊ ၃၈ မိနစ်တွင် နန်းမင်းအောင်တို့က ဂိုးများသွင်းယူခဲ့ပြီး ၆၇ မိနစ်တွင် သူရမင်းနိုင်က Horizon အတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။

**ယနေ့ပွဲ**

**(တောင်ကြီးကွင်း)**

ရှမ်းယူနိုက်တက် - ဟံသာဝတီ

**(YUSC ကွင်း )**

ရန်ကုန် - မကွေး

**(ဗထူးကွင်း)**

ရတနာပုံ - ဧရာဝတီ

**(သုဝဏ္ဏကွင်း)**

ချင်းယူနိုက်တက် - ဇွဲကပင်



ရခိုင်အသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ - ဖိုးသော်ဇင်)

# MNL-2 ခြေစစ်ပွဲအောင်သုံးသင်းထွက်ပေါ်

ရဲရင့်ရှိုင်း

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် MNL-2 ခြေစစ်ပွဲများမှာ ယနေ့နံနက်ပိုင်းက ပြီးဆုံးသွားခဲ့ပြီး မဟာယူနိုက်တက်၊ United of Than Lyin နှင့် စီးတီးစတားအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ခြေစစ်ပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ပြီး အသင်းလေးသင်းယှဉ်ပြိုင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များတွင် ပထမနေ့၌ မဟာယူနိုက်တက်က သီဟဒီပကို နှစ်ဂိုး-တစ်ဂိုး၊ United of Than Lyin အသင်းက စီးတီးစတားအသင်းကို တစ်ဂိုး-ဂိုးမရှိ ၊ ဒုတိယနေ့၌ United of Than Lyin အသင်းက သီဟဒီပအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မဟာယူနိုက်တက်အသင်းက စီးတီးစတားအသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့သည်။ ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ကျင်းပသည့် နောက်ဆုံးနေ့ပွဲစဉ်များတွင် မဟာယူနိုက်တက်နှင့် United of Than Lyin အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့ပြီး စီးတီးစတားအသင်းက သီဟဒီပအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ခြေစစ်ပွဲ ပွဲစဉ်များအပြီးတွင် မဟာယူနိုက်တက်နှင့် United of Than Lyin အသင်းတို့ ခုနစ်မှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် မဟာယူနိုက်တက်က ပထမ၊ United of Than Lyin အသင်းက ဒုတိယ၊ စီးတီးစတားအသင်းက သုံးမှတ်ဖြင့် တတိယနေရာတို့ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ သီဟဒီပအသင်းမှာ ခြေစစ်ပွဲမအောင်မြင်သောကြောင့် အပျော်တမ်းလိဂ်ပြိုင်ပွဲ၌သာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။


ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်-နံနက်/ည)
▲ အလောင်းတော်ကဿပ၊ မုံရွာအနှံ့၊ စစ်ကိုင်း(သီးသန့်) ဆက်၍- မန္တလေး၊ ပြင်ဦးလွင်အနှံ့
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ
▲ မန္တလေး၊ ပြင်ဦးလွင်အနှံ့၊ ဂုတ်ထိပ်တံတား၊ ကျောက်စိမ်းဘုရား
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
▲ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်ခဲ၊ နွားလပို့တောင်-(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ (အကောက်တောင်)(ဇလွန်)(နေပြည်တော်)
အပတ်စဉ် သောကြာ
အပတ်စဉ်-စနေ
ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါပုံ 09-49282825 ကမာကြည် 09421029191



"ဆက်တိုက်သယ်ဆောင်မှုစနစ် အခြောက်လှန်းစက်များ"

Golden Thumb
Dryer & Machinery Manufacturing Enterprise



မြန်မာနည်းပညာကို ကိုယ်စားပြု၍ ကိုယ်ပိုင်နည်းပညာ၊ ကိုယ်ပိုင်ဒီဇိုင်း ဖြစ်ပါသည်။ တပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား အင်ဂျင်နီယာ အရာရှိ တစ်ဦးမှ လေ့လာ သုတေသန ပြုလုပ်၍ တီထွင်ထုတ်လုပ် ထားပါသည်။ နိုင်ငံတကာအဆင့်တွင် မြန်မာ့နည်းပညာ အစမ်းကဏ္ဍ ပါဝင် လာစေရန် ရည်ရွယ်ပါသည်။ မြန်မာ့လုပ်ငန်းရှင်များနှင့် လယ်သမားများ၏ လိုအပ်ချက်ကို မြန်မာ့နည်းပညာ ရှင်များသာ အသိဆုံးဖြစ်သည်။

လေအားသုံး ဆက်တိုက်သယ်ဆောင်မှုစနစ် အခြောက်လှန်းစက်များကို အောက်ပါသီးနှံနှင့် ပစ္စည်းများအတွက် ဒီဇိုင်းကွဲပြားစွာ ထုတ်လုပ်ထားပါသည်။ (စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နေကြာစေ့၊ ဝဥ၊ အခြား သီးနှံများ)နှင့် (ဂျုံခေါက်ဆွဲ၊ ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံ၊ ပဲကြာဆံ၊ ငါး၊ ပုဇွန်၊ ငှက်ပျော၊ လက်ဖက်၊ ကော်ဖီစေ့)နှင့် (ရာဘာ၊ ဝါ၊ ဝါစေ့၊ စက္ကူအထူ)နှင့် (ဆေးပင်၊ ဆေးရွက်၊ ဆေးဝါးကုန်ကြမ်းအမှုန့်၊ အစိုခံများ)နှင့်(သနပ်ခါး အစိုခံများ)

စပါးခွံ၊ ထင်း၊ လျှပ်စစ်နှင့် ဒီဇယ်အပူပေးကိရိယာများကို လိုအပ်သလို ထုတ်လုပ်တွဲဖက်ပေးပါမည်။

အခြောက်လှန်းမည့်ပစ္စည်းအပေါ် ထိတွေ့မှုနည်းပညာအပိုင်းတွင် လက်ရှိပြည်တွင်း ပြည်ပ ဈေးကွက်များတွင် ရှိသည့် အခြောက်လှန်းစက်များနှင့်မတူဘဲ ပိုမိုခေတ်မီထိရောက်မှုရှိ၍ ညီညာသော လေဖြန့်ခွဲမှုနှင့်အတူ အခြောက်လှန်းနှုန်း မြန်ဆန်ပြီး အခြောက်လှန်းပြီး ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်ကြောင်း သိရှိနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် ခေါက်ဆွဲအစိုကို ထုတ်လုပ်မှု ပြီးလျှင်ပြီးခြင်း အခြောက်လှန်းစက်ထဲသို့ တိုက်ရိုက်ထဲ့သွင်း အခြောက်လှန်းနိုင်ပါသည်။ တန်းနှင့် ဘမ်းများပေါ်တွင် လိုအပ်သလို လှန်းနိုင်ရန် ပုံစံထုတ်လုပ်ထားပြီးဖြစ်ပါသည်။ အမှုန့်၊ အရွက် နှင့် အပင် စသည့် ပစ္စည်းအမျိုးမျိုးတို့အား အခြောက်လှန်းနေစဉ် အချိန်အတွင်းတွင် မွှေစရာမလိုဘဲ အချိန်ကုန်သက်သာစွာဖြင့် အခြောက်လှန်းနိုင်ပါသည်။ အခြောက်လှန်းပြီးပစ္စည်းများတွင် ရေငွေ့ကပ်ခြင်းမရှိပါ။

စပါး၊ ပဲမျိုးစုံ၊ ပြောင်းနှင့်အလားတူ သီးနှံများကို အခြောက်လှန်းရာတွင် အထူးသဖြင့် သီးနှံများ အတွင်းအပြင် ရေငွေ့ပျံ့နှံ့ချိန်အပိုင်း (TEMPERING TIME) ၌ လေစီးကြောင်းဖြင့် လေ့ဟာနယ်ဖြစ်စေရန် ဖန်တီးမှုဖြင့် သီးနှံအတွင်းသားမှ ရေငွေ့များ လျှင်မြန်စွာထွက်နိုင်ပြီး အတွင်းသားမှာ မြင့်မားသည့် ရေငွေ့ဖိအားနှင့် အပူချိန်ဒဏ်ခံရခြင်းမှကင်းဝေးပြီး သီးနှံအရည်အသွေး ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။ တစ်နာရီလျှင်တန်ဝက်မှ တစ်ရက်လျှင်တန်တစ်ရာကျော်အထိ စွမ်းအား အမျိုးမျိုးရှိ အခြောက်လှန်းစက်များကို စွမ်းအင်အပိုမကုန်သည့် သယ်ပို့စနစ်ပါ ထည့်သွင်း၍ ထုတ်လုပ်ရောင်းချနိုင်မည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

No.40, First Floor, 165th St, Tamwe Township, Yangon. Ph: 09 787265712, 09 43113615



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဦးစောထူးဖော၏သား အထက-၁၊ အင်းစိန် နဝမတန်း H မှ မောင်စောဝေလယံထူးနှင့် မောင်စောဝေလီယံထူးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။



# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၂၄(A)နေ
ဦးယုနိုင် (ဥက္ကဋ္ဌ၊ United 9 Co; Ltd)-ဒေါ်စုစုကြည်တို့၏သားကြီး

**ဒေါက်တာသစ်မင်းဆွေ M.B.,B.S (YGN)**

**MPHM (Master Of Primary Health Care Management)**

**Mahidol University, Thailand**

နှင့်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ(၃)လမ်း၊ အမှတ် ၁၁၈ နေ
ဗိုလ်မှူးကြီးမင်းချစ်ဦး(ငြိမ်း)(ဒုတိယကျောင်းအုပ်ကြီး/ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊
ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-သုခမ္မသီဂီဒေါ်ညိုညိုဝေလွင်တို့၏သမီးကြီး

**မချစ်သဥ္ဇာဖူးဝေ**

**BBM, D.A, D.M.A, D.C.A, MBA, ACCA (Final)**

တို့၏ ၉-၁-၂၀၁၆ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ပေးပါသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း(ငြိမ်း)နှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဇနီး ဒေါ်နန်းဖြူဖြူအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနအသီးသီးမှ အရာရှိကြီးများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထဲရေးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အရာရှိများနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော နိုင်ငံကျော်အဆိုတော် ဒေါ်နှင်းရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော The Ace တေးဂီတဝိုင်း၊ မင်္ဂလာပန်းကြဲပေးပါသော မဝါဆိုမိုးဦးနှင့် မနီဖြိုးကြိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မခင်ကြေးမုံ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မရတနာဝင်း၊ မင်္ဂလာသတို့သားအရံ ဒေါက်တာသူဟိန်းဇော်နှင့် ဒေါက်တာညီညီလတ်၊ မင်္ဂလာသတို့သမီးအရံ မမိစန္ဒီမင်းဉာဏ်နှင့် မမြတ်နိုးအေး၊ မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဆရာမ ဒေါ်မြင့်မြင့်အေး၊ မိတ်ကပ် ဆံပင် ဖန်တီးဆင်မြန်းပေးပါသော ကျော်ကျော်လတ်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Thana Wedding Photography နှင့် Sweet Romance Wedding Services အဖွဲ့၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာပြင်ဆင်ပေးပါသော Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာသစ်မင်းဆွေ-မချစ်သဥ္ဇာဖူးဝေ**

**ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ ရာဇဝင်**

သံလမ်းတစ်လျှောက် ဥဩဆွဲသံနှင့်အတူ ဆိုက်ကပ်လာသည့် ရထားကြီးသည် အန္တရာယ်ကင်းစွာဖြင့် ခရီးသည်များကိုသယ်ဆောင်လျက် ရန်ကုန်ဘူတာကြီးသို့ ဝင်ရောက်လာသည်။ နှစ်ပေါင်း ၁၉၀ သက်တမ်းရှိပြီဖြစ်သည့် ရထားသံလမ်းကြောင်းများသည် ရန်ကုန်လမ်းပန်းဆက်သွယ်ရေးရာဇဝင်ကို ဖော်ကျူးနေသယောင်။ ရန်ကုန်ဘူတာကြီးသည် ရန်ကုန်မြို့၏ အချက်အချာ မြို့လယ်ကောင်တွင်တည်ရှိပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော ရန်ကုန်-ပြည် ရထားပြေးဆွဲမောင်းနှင်သည့် ၁၈၇၇ ခုနှစ် မှသည် ယနေ့အထိ ခရီးသည်များကို လိုရာပို့ဆောင်ပေးနိုင်သည့် သမိုင်းအမွေအနှစ်တစ်ခုဖြစ်သည်။

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

# ၇ ရထားကြီး ပျော်ပျော်စီးဖို့ ရန်ကုန်ဘူတာကြီး

ရန်ကုန်ဘူတာကြီး၏ သမိုင်းကိုလေ့လာကြည့်သည့်အခါ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအောက်ပိုင်းကို စတင်သိမ်းပိုက်ပြီးချိန်တွင် မြန်မာတို့၏ သယံဇာတများနှင့် စိုက်ပျိုးရေးထွက်ကုန်များကို ကုန်းလမ်း၊ ရေလမ်းတို့မှ သယ်ဆောင်ကာ စူးအက်တူးမြောင်းမှတစ်ဆင့် တင်ပို့ရန်အတွက် ရန်ကုန်သည် စီးပွားရေး မြို့တော်ကြီးဖြစ်လာခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးတွင် မြစ်ကြောင်းများမှ သင်္ဘောများဖြင့် သယ်ယူခြင်းထက် ပိုမိုဝင်ဆံ့သည့်အပြင် အင်္ဂလိပ်အစိုးရ၏ ကိုလိုနီစနစ်ချဲ့ထွင်ရန်အတွက် စစ်သည်များပို့ဆောင်ပေးရေးတို့ကို ပိုမိုဆောင်ရွက်နိုင်ရန် ရထားပို့ဆောင်ရေးကို စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။

ပထမဆုံးရထားလမ်းဖြစ်သည့် ရန်ကုန်-ပြည် ရထားလမ်းကို ၁၈၇၇ခုနှစ် မေလ ၁ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်ဘူတာမှ စတင်ထွက်ရှိခဲ့ခြင်းဖြစ်သည်။ ၁၈၇၉ခုနှစ်တွင် ရန်ကုန်-ပြည် ရထားလမ်းအတွက် ဘူတာပေါင်း ၁၈ ခုကို စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ မှတ်တမ်းများအရ မြန်မာ့မီးရထားသည် အလွန်ပင်ခေတ်မီခဲ့ပြီး ဗြိတိန်နိုင်ငံလုပ် ရေနွေးငွေ့စက်ခေါင်းဖြင့် ချိတ်ဆက်ပြေးဆွဲမှုများတွင် ကမ္ဘာ့ပထမဆုံး ဒါလင်တန်-စတော့တန် မီးရထားလမ်းထက် ၅၂ နှစ်သာ နောက်ကျခဲ့သည်။ ကမ္ဘာ့မီးရထားလမ်းများ၏ အဦးဆုံးကာလတွင် ပြေးဆွဲနိုင်ခဲ့ခြင်းဖြစ်သည့်အတွက် မီးရထားစတင်ပြေးဆွဲသည့် ဦးဆုံးဘူတာအဖြစ် ပေါ်ထွက်ခဲ့သည့် ရန်ကုန်ဘူတာကြီး သမိုင်းသည် အလွန်ပင်ရှေးကျသည့် ရန်ကုန်ကိုလိုနီသမိုင်းနှင့် ခွဲခြား၍ပင် မရနိုင်ချေ။

ထိုစဉ်က ရထားလုပ်ငန်းများကို ရန်ကုန်နှင့်ဧရာဝတီမြစ်ဝှမ်းအစိုးရမှ ပိုင်ဆိုင်ပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ရန်ကုန်ဘူတာကြီးနေရာမှာ ယခုအချိန်အထိ မြို့လယ်ကောင်အဖြစ် တည်ရှိနေသော ပန်းဆိုးတန်းလမ်းအပေါ်ဘလောက်နားတွင် တည်ရှိသည်။ ထိုခေတ်ရန်ကုန်ဘူတာကြီး၏ပုံစံကို ကိုလိုနီခေတ်လက်ရာ ဝိတိုရိယအဆောက်အအုံဒီဇိုင်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ထိုစဉ်ကတည်းက ရန်ကုန်ဘူတာယာဒ်ဝင်းကို စတင်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထိုစဉ်က အဆိုပါနေရာပတ်ဝန်းကျင်သည် ဖုန်းဆိုးမြေအဖြစ် မြက်ရိုင်းများ ထူထပ်စွာ ပေါက်ရောက်နေသည့်နေရာကြီးတစ်ခုဖြစ်သော်လည်း မြန်မာနိုင်ငံ၏ ပထမဆုံးသော ဘူတာဖြစ်သည့်အားလျော်စွာ ရန်ကုန်ဘူတာသည် ထိုခေတ်ထိုအခါက ခမ်းနားသည့်အဆောက်အအုံတစ်ခုအဖြစ် ရပ်တည်ခဲ့ပုံရပြီး မြန်မာအလုပ်သမားများနှင့် ကူလီလုပ်ကိုင်သူ လူမျိုးခြားများ၏ ဘူမိနက်သန်နေရာတစ်ခုလည်းဖြစ်ခဲ့သည်။

အင်္ဂလိပ်အစိုးရက တည်ဆောက်ခဲ့သည့် ရန်ကုန်ဘူတာကြီးကို ဖက်ဆစ်ဂျပန်တို့ ဝင်ရောက်လာခဲ့သည့် ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်တွင် များစွာအသုံးချခဲ့သေးသည်ကိုလည်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ ဖက်ဆစ်ဂျပန်တို့သည် မီးရထားခရီးကို အားကိုးကာ အချိန်တိုအတွင်းမှာပင် မြန်မာနိုင်ငံအရပ်ရပ်သို့ သွားလာမှု လွယ်ကူစေရန် ဆောင်ရွက်ခဲ့ပြီး ဖက်ဆစ်တို့လက်ထက် သေမင်းတမန်ရထားလမ်းသည် ယနေ့တိုင် ပြည်သူတို့၏ ရင်ထဲဝယ် မေ့ဖျောက်မရနိုင်သည့် အမည်းစက်ကြီးတစ်ခုအဖြစ် လေ့လာတွေ့ရှိရသည်။

ခေတ်ဦး မြန်မာ့မီးရထားသမိုင်းသည် အချိန်မှန်ကန်မှုအတွက် အလွန်ပင်ကျော်ကြားခဲ့ပြီး အချိန်နာရီ ကြည့်သူများက မီးရထားအဝင်အထွက်ကိုကြည့်ကာ အချိန်ကို သတ်မှတ်ကြရာ မိနစ်စွန်းပင်မလွဲခဲ့ကြောင်း သိရသည်။ မီးရထားဘူတာရုံများ အားလုံးနီးပါးပင် တူညီသည့် ကိုလိုနီခေတ် ဝိတိုရိယပုံစံ အဆောက်အအုံများအဖြစ် မြင်တွေ့ရပြီး ပျက်စီးသွားခဲ့သည့် မူလရန်ကုန်ဘူတာကြီးသည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

၁၉၄၃ခုနှစ် အင်္ဂလိပ်တို့ ပြန်လည်ဝင်ရောက်လာသည့်အခါ စစ်အတွင်းက ဗုံးဒဏ်သင့်ပျက်စီးခဲ့ရသော ရန်ကုန်ဘူတာကြီးကို အပြီးတိုင်ဖယ်ရှားရှင်းလင်းခဲ့သည်။

ယခုတွေ့မြင်ရသည့် ရန်ကုန်ဘူတာကြီးကိုမူ မြန်မာအင်ဂျင်နီယာကြီး ဦးလှသွင်က တာဝန်ယူဒီဇိုင်းရေးဆွဲပေးထားခြင်းဖြစ်ပြီး မြန်မာ့ဗိသုကာလက်ရာများဖြင့် ခံ့ညားထည်ဝါစွာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအဆောက်အအုံကြီးကို စတုရန်းမီတာ ၅၁၁၀ အကျယ်အဝန်း တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

များပြားလှသည့် ရထားသံလမ်းများကို သွယ်တန်းဆက်သွယ်လျက်၊ မြန်မာ့ဗိသုကာလက်ရာများဖြင့် လှပစွာမြင်တွေ့ရသည့် ဘူတာကြီးကို တည်ဆောက်ပြီးစီးသွားချိန်တွင် နယ်မြို့များမှ ပြည်သူများပါ လာရောက်လေ့လာကြည့်ရှုခဲ့ရသည်အထိ လွတ်လပ်ရေးရပြီး ဆယ်စုနှစ်ကာလများတွင် အလွန်နာမည်ကြီးခဲ့သေးကြောင်း ကြားသိရသည်။

ရန်ကုန်ဘူတာကြီးကို ပြန်လည်တည်ဆောက်ရန်အတွက် ၁၉၄၆ ခုနှစ် မေလ ၂ ရက်နေ့တွင် ပန္နက်ရိုက်ဖွင့်လှစ်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၄၇ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်ဘူတာကြီးသမိုင်းမှ သိရှိရသည်။ တည်ဆောက် သည့် အင်ဂျင်နီယာမှာ ကိုလိုနီခေတ် ရှေးဟောင်းမြန်မာမှုအဆောက်အအုံများစွာကို တည်ဆောက်ပေးခဲ့သည့် အင်ဂျင်နီယာကြီး ဦးတင်ဖြစ်သည်။

ဦးတင်၏ လက်ရာဖြင့် ပြီးပြည့်စုံသော ရန်ကုန်ဘူတာကြီးကို ၁၉၅၄ခုနှစ် မေလတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ထုထည်ကြီးမားကာ စုလစ်မွမ်းချွန်တို့ဖြင့် လှပလျက်ရှိသည့် ရန်ကုန်ဘူတာကြီး တည်ဆောက်ရေးလုပ်ငန်းအစုစုမှာ ထိုခေတ် ငွေကျပ် ၄ ဒသမ ၇၅ သန်းခန့် ကုန်ကျခဲ့ကြောင်း သိရသည်။ ရန်ကုန်ဘူတာကြီးကို ၁၉၅၄ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ထိုအချိန်မှစတင်ကာ မြို့ပတ်ရထားများနှင့် မြို့အသီးသီးသို့ ပြေးဆွဲခဲ့သည့် ရထားလမ်းများ တိုးချဲ့ပြေးဆွဲပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဘူတာကြီးသည် မြန်မာနိုင်ငံရှိ ဘူတာရုံများအနက် အကြီးဆုံးဘူတာရုံကြီးဖြစ်ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းများအားလုံး အခြေစိုက်ရာ နေရာတစ်ခုလည်းဖြစ်သည်။ မြန်မာ့ရထားပို့ဆောင်ရေးလုပ်ငန်းများတွင် ရထားလမ်းမိုင်ပေါင်း ၃၁၂၆ မိုင်ရှိသည့်အနက် ရထားလမ်းများစွာ ပေါင်းစုံ အခြေစိုက် ထွက်ခွာရာ ဘူတာစုရပ်ကြီးဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ ရန်ကုန်ဘူတာကြီးမှတစ်ဆင့် သွားလာနိုင်သည်။

၁၉၉၆ ခုနှစ်ကို မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ခဲ့ချိန်တွင် ရန်ကုန်ဘူတာကြီးကို သမိုင်းအဆောက်အအုံတစ်ခုအဖြစ် သတ်မှတ်ကာ စတင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှစတင်ကာ ရန်ကုန်ဘူတာကြီး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အမြို့မြို့အနယ်နယ်နှင့် မြို့ပတ်ရထားအစင်း ၂၀၀၊ အဆိုင်း ၃၀ကျော်တို့ဖြင့် နေ့စဉ် နယ်ဝေး၊ မြို့တွင်းခရီးသည် ၁၅၀၀၀၀ ကျော်ကို ဝန်ဆောင်မှုပေးအပ်လျက်ရှိကြောင်း သိရသည်။


ရန်ကုန်ဘူတာကြီး။


ရန်ကုန်ဘူတာကြီးရှိ ရထားစင်္ကြံအဆောက်အအုံ။

များပြားလှသည့် ရထားသံလမ်းများကို သွယ်တန်းဆက်သွယ်လျက်၊ မြန်မာ့ဗိသုကာလက်ရာများဖြင့် လှပစွာမြင်တွေ့ရသည့် ဘူတာကြီးကို တည်ဆောက်ပြီးစီးသွားချိန်တွင် နယ်မြို့များမှ ပြည်သူများပါ လာရောက်လေ့လာကြည့်ရှုခဲ့ရသည်အထိ လွတ်လပ်ရေးရပြီး ဆယ်စုနှစ်ကာလများတွင် အလွန်နာမည်ကြီးခဲ့



ခ ရီး သွ ား ဆော င် း ပါ း

# သီပေါ၊ ဘော်ကြိုနှင့် စိမ်းရိပ်ညိုသည့် ဒုဋ္ဌဝတီ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊
ဓာတ်ပုံ-မောင်ချစ်ကြည်

**ဒုဋ္ဌဝတီမြစ်ကမ်းနံဘေး၌ စိုက်ပျိုးထားသော စပါးစိုက်ခင်းများ၊ တောင်စောင်းများတွင် စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများဖြင့် သဘာဝပန်းချီကားချပ်အလား မြင်တွေ့ရစဉ်။**

နှင်းမှုန်များ ဝေ့ဆိုင်းနေသော ဆောင်းနံနက်ခင်း. . .။ တရိပ်ရိပ် ဖြတ်သန်းမောင်းနှင်နေသော ကားအရှိန်ကြောင့် အေးမြသောလေတို့က အဆက်မပြတ် တိုးဝင်လာသည်။ အေးလွန်းသဖြင့် ကားပြတင်းပေါက်များကို အလုံပိတ်ပြီး လိုက်ပါလာရင်း ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ သစ်ပင်များ၊ ရွာငယ်များနှင့် တောင်ကုန်းများကို နံနက်ခင်းနှင်းများအောက်တွင် မပီဝိုးတဝါးမြင်တွေ့ရသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) က ဆောင်းနှင်းဖြူများအောက်တွင် ငြိမ်သက်ဝပ်ဆင်းနေသည့်အလား။ ငွေနှင်းမှုန်ပဝါပါးကို ခြုံလွှမ်းထားသည့် ရှမ်းသမီးပျိုတစ်ဦးကဲ့သို့ပင်။

"ဘော်ကြိုဘုရားရောက်တော့မယ်" ဟု ကားမောင်းသူကပြောလိုက်သဖြင့် အတွေးပြတ်သွားသည်။ အပြင်ကိုကြည့်လိုက်ရာ ကားလမ်းဘေးဝဲယာတွင် နေအိမ်များကို တွေ့ရသဖြင့် ဘော်ကြိုရွာဖြစ်ကြောင်း သိရသည်။ နံနက် ၆ နာရီခန့်ရှိနေရာ ဘော်ကြိုရွာတွင် သွားလာနေကြသူများကို တွေ့မြင်ရသည်။ ဘော်ကြိုရွာကား ဘော်ကြိုဘုရားကြောင့် လူသိများသည်။ ဘော်ကြိုဘုရားက ရှမ်းပြည်နယ်တွင်သာမက မြန်မာနိုင်ငံတစ်ဝန်း ထင်ရှားသော စေတီများတွင် တစ်ဆူအပါအဝင်ဖြစ်ရာ ဘော်ကြိုဘုရားပွဲကား ကြိတ်ကြိတ်တိုးစည်ကားကြောင်း ငယ်စဉ်ကပင် ကြားသိခဲ့ရသည်။

ကားလမ်းဘေးရှိ ဘော်ကြိုဘုရား တည်ရှိရာသို့ ကားဖြင့်ဝင်ရောက်ခဲ့ရာ ကားရပ်ရာနေရာမှာ ကျယ်ကျယ်ဝန်းဝန်းရှိသဖြင့် ဘုရားဖူးကားများအတွက် ကားရပ်နားရန် အဆင်ပြေကြောင်း သတိပြုမိသည်။ ကျယ်ဝန်းသော ဘုရားပရိဝုဏ်၊ ခံ့ထည်သော စောင်းတန်းအတွင်းမှဖြတ်ပြီး ဘော်ကြိုဘုရားအတွင်းဝင်ရောက်ခဲ့ရာ ပြုပြင်မွမ်းမံထား၍လားမသိ။ ဆေးရောင်များ၊ ရွှေရောင်များမှာ သစ်လွင်တောက်ပလျက်ရှိကြောင်း ဖူးမြော်မြင်တွေ့ရ သည်။

ရင်ပြင်တော်ကျယ်ဝန်းသန့်ရှင်းပြီး ဂေါပကအဖွဲ့က စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားသည်မှာ သိသာနေသည်။ ရွှေရောင်ဝင်းပနေသော ဘော်ကြိုဘုရားကို ဦးချဖူးမြော်ပြီး ရင်ပြင်ပေါ်တွင် လက်ယာရစ်လှည့်လည်ဖူးမြော်ရာ နံနက်စောစော ဘုရားဖူးလာသူဒေသခံတိုင်းရင်းသားအချို့ကို တွေ့ရသည်။ တစ်ဖန်မိမိတို့ထက် စောစီးစွာရောက်ရှိနေသော ဘုရားဖူးယာဉ်တစ်စီးမှ ပြည်တွင်းဘုရားဖူးအဖွဲ့ တစ်ဖွဲ့ကိုလည်း မြင်ရသည်။ အနီရောင်နှင့်ရွှေရောင်တို့က မုခ်ဦး၊ တန်ဆောင်း၊ တံတိုင်းတို့တွင် လွှမ်းမိုးထားသည်ကို တွေ့ရသည်။ ရင်ပြင်တော်မှ ပြန်ထွက်ခဲ့ပြီး ဘေးမဲ့ရေကန်ဆီသို့ သွားရောက်၍ ငါးများကို အစာကျွေးရာ အုပ်စုလိုက်လုယက်စားသောက်သော ငါးမျိုးစုံကို တွေ့မြင်ရသည်။ အရောင်စုံငါးကြီးများကြောင့် ဘော်ကြိုဘုရားဖူးတိုင်းလိုလို ငါးစာကျွေးကြခြင်းဖြစ်မည်။ ဘေးမဲ့ကန်၏မျက်နှာချင်းဆိုင်ဘက်တွင် အမှတ်တရပစ္စည်းနှင့် ဒေသထွက်ကုန် မုန့်အရောင်းဆိုင်တန်းရှိသည်။ ရိုးရာဝတ်စုံများ၊ ခေါင်းစည်းနှင့်ပဝါများ၊ လက်ဖက်ခြောက်နှင့်ဒေသထွက်ကုန်မုန့်များရောင်းချလျက်ရှိရာ ဘုရားဖူးအချို့ ဝယ်ယူနေသည်ကို တွေ့ရသည်။

ကျွန်တော်တို့ ကားပေါ်ပြန်တက်ပြီး ဘော်ကြိုဘုရားမှပြန်ထွက်ခဲ့သည်။ အစီအစဉ်ကား သီပေါမြို့နှင့်အနီးဝန်းကျင်ကို နေ့ခင်းအချိန်တွင်ရသမျှလေ့လာရန်ဖြစ်ရာ ဘော်ကြိုဘုရားမှ သီပေါမြို့သို့ထွက်လာခဲ့ခြင်းဖြစ်သည်။ ဘော်ကြိုဘုရားက သီပေါမြို့နှင့် ခြောက်မိုင်ခန့်သာဝေးပြီး ကားလမ်းလည်းကောင်းမွန်သဖြင့် မိနစ်ပိုင်း အတွင်းရောက်ရှိသွားခဲ့သည်။ ငယ်စဉ်ကပင် စိတ်ဝင်စား ခဲ့သောသီပေါမြို့ကို ယခုဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိခဲ့ပြီ။

မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်းနှင့် အမည်တူ သီပေါမြို့ကို စိတ်ထဲစွဲစွဲထင်ထင်ရှိနေခဲ့သည်မှာ ကျောင်းသားအရွယ်ကတည်းကပင်ဖြစ်သည်။ ရှမ်းစော်ဘွားအချို့ နေထိုင်အုပ်ချုပ်ခဲ့ရာမြို့ဖြစ်ပြီး လက်ရှိအချိန်အထိ ရှေးဟောင်းစော်ဘွားအိမ်လည်း ရှိနေသေးကြောင်း သိရသည်။ ကျွန်တော်တို့ သီပေါမြို့ရှိ စော်ဘွားအိမ်သို့ရောက်ရှိခဲ့သည်။ သီပေါဟော်ဟုခေါ်ဆိုသည့် စော်ဘွားအိမ်မှာ သီပေါမြို့ မြောက်ဘက်ဇာတ်စုရပ် အရှေ့ဘက်တွင်တည်ရှိသဖြင့် ကားဖြင့်သွားခဲ့ရာ အချိန်အနည်းငယ်အတွင်း ရောက်ရှိလာသည်။

သီပေါဟော်က နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသော အုတ်တိုက်အဆောက်အအုံဖြစ်သည်ကို တွေ့ရသည်။ အိမ်ရှေ့ဘက်တွင် ဆင်ဝင်နှင့် လေသာဆောင်သဘောမျိုး တည်ဆောက်ထားပြီး အတွင်း၌ကြမ်းပြင်တွင်လျှာထိုးများ ခင်းထားသည်မှာ သန့်ရှင်းပြောင်လက်နေသည်။ သီပေါဟော်ကို ပြန်လည် ပြုပြင်ထိန်းသိမ်းထားသဖြင့် ယခုကဲ့သို့ခိုင်ခံ့ပြီး အမြင်တင့်တယ်စွာ တည်ရှိနေခြင်းဖြစ်မည်ဟု တွေးမိသည်။ နိုင်ငံခြားသားခရီးသွားအချို့လည်း သီပေါဟော်အတွင်း လိုက်လံကြည့်ရှုလေ့လာနေ ကြသည်ကိုတွေ့ရသည်။ သီပေါဟော်ကို လာရောက် လေ့လာသည့်ဧည့်သည်များအနေဖြင့် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ၊ ညနေ ၃ နာရီမှ ညနေ ၆ နာရီအတွင်း လေ့လာနိုင်ကြောင်း သိရသည်။ သီပေါမြို့သို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသွားဧည့်သည်များက သီပေါဟော်သို့ မဖြစ်မနေရောက်အောင်လာကာ လေ့လာကြသည်။ သီပေါဟော်မှပြန်ထွက်လာခဲ့ရာ မိမိတို့တိုင်းရင်းသားများမှာ ရှေးကတည်းကပင် ဂုဏ်သိက္ခာရှိစွာ နေထိုင်ခဲ့ကြသူများဖြစ်ကြောင်း တွေးနေမိသည်။

သီပေါဈေးဘက်သို့ရောက်ရှိခဲ့ရာ နံနက်ခင်းဖြစ်၍ စည်စည်ကားကားရှိနေသည်။ ဒေသခံတိုင်းရင်းသားများဖြစ်သည့် ရှမ်း၊ ပလောင်စသည့် တိုင်းရင်းသားဈေးရောင်းဈေးဝယ်များကိုတွေ့မြင်ရသည်။ ရှမ်းရိုးရာအဝတ်အထည်၊ အသုံးအဆောင်များ၊ ဒေသထွက်ကုန်များ၊ ဟင်းသီးဟင်းရွက်များကို ရောင်းချနေကြသည်။ အထူးသဖြင့် လက်ဖက်ခြောက်ကနာမည်ကြီးသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် သီပေါ၊ ကျောက်မဲနှင့် နမ့်ဆန်တို့ကား လက်ဖက်ခြောက်ကောင်းကောင်းထွက်ရာ ဒေသထွက်ကုန် လက်ဆောင်အဖြစ် လက်ဖက်ခြောက်များကိုဝယ်ခဲ့သည်။ မွှေးပျံ့နေသော လက်ဖက်ခြောက်ကား ရေနွေးကြမ်းကြိုက်သော မိမိအတွက်နှစ်သက်မှုရှိသလို မိတ်ဆွေများကိုလည်း လက်ဆောင်ပေးရာတွင် မျက်နှာပန်းလှသည်ဟု အတွေးကြောင့် ပီတိဖြစ်နေမိသည်ကအမှန်။

ကျွန်တော်တို့ သီပေါဈေးမှပြန်ထွက်ခဲ့ပြီး ဒုဋ္ဌဝတီမြစ်ဆိပ်သို့လာခဲ့သည်။ သီပေါမြို့က ဒုဋ္ဌဝတီမြစ်ကမ်းတွင်တည်ထားသောမြို့ဟုဆိုလျှင် မမှားနိုင်။ ဒုဋ္ဌဝတီမြစ်နှင့်သီပေါမြို့က ခွဲခြား၍မရ။ သီပေါမြို့က ရထား၊ ကားတို့ဖြင့် လာရောက်နိုင်သလို ရေလမ်းကြောင်းဖြင့်လည်း ခရီးဆန့်နိုင်သည်။ သီပေါမြို့သို့ လာရောက်လေ့လာသော ကမ္ဘာလှည့်ခရီးသွားများက ဒုဋ္ဌဝတီမြစ်ကြောင်းတစ်လျှောက် စက်လှေစီးကာလာကြသည်ဟုဆိုသဖြင့် မိမိတို့ စက်လှေစီးပြီး ဒုဋ္ဌဝတီမြစ်ကို စုန်ဆန်လေ့လာရန် ဆုံးဖြတ်ကာ စက်လှေတစ်စင်းပေါ်တက်ခဲ့သည်။

ဒေသခံကိုအောင်ဇော်က စီစဉ်ပေးသဖြင့် စက်လှေစီးရန်အဆင်ပြေခဲ့ခြင်းဖြစ်ရာ ကျေးဇူးတင်ရသည်။ မိမိတို့က လားရှိုးတွင် နှစ်ရက် တာဝန်ထမ်းဆောင်ပြီးနောက် အပြန်တွင် သီပေါသို့ခေတ္တဝင်ရောက် လေ့လာလိုသဖြင့် ကြိုတင်အကြောင်းကြားရာ ကိုအောင်ဇော်က စီစဉ်ပေးထားခြင်းဖြစ်သည်။ မိမိတို့က သီပေါတွင်အချိန်လေးနာရီခန့် လေ့လာခွင့်ရရှိနိုင်ရာ ရသမျှအချိန်ကိုလုပြီး သွားရောက်လိုသည့်နေရာများသို့ မြန်မြန်သွားကာ လေ့လာနေခြင်းဖြစ်သည်။ နောက်တစ်ကြိမ်ရောက်ရှိရန် အခွင့်အခါသင့်မှသာ ဖြစ်နိုင်တော့မည်။

စက်လှေအင်ဂျင်သံကြောင့် အတွေးပြတ်သွားသည်။ ဒုဋ္ဌဝတီမြစ်ရေပြင်ပေါ်တွင် အရှိန်ဖြင့်မောင်းနှင်နေသော စက်လှေကြောင့် ဝဲယာကမ်းစပ်ပေါ်မှ မြင်ကွင်းများက တဝဲလည်လည်ဖြစ်လျက်။ သစ်ပင်များ၊ နေအိမ်အချို့နှင့် ရွာငယ်အချို့တို့ကို လှမ်းမြင်ရသည်။ မြစ်အတွင်းရေဆင်းချိုးနေသော ဒေသခံရွာသားအချို့က မိမိတို့ကိုလက်ပြနှုတ်ဆက်သည်ကိုတွေ့ရသဖြင့် ပြန်လည်လက်ပြနှုတ်ဆက်ခဲ့သည်။ ဒုဋ္ဌဝတီမြစ်ကြောင်းကို စက်လှေဖြင့် လာရောက်လေ့လာသည့် ဧည့်သည်များက ပွင့်လင်း ရာသီတွင် နေ့စဉ်ရှိနေသည်ကို ဒေသခံတို့သိရှိထားသဖြင့် လှမ်း၍ လက်ပြနေခြင်းလည်းဖြစ်မည်။

ဒုဋ္ဌဝတီမြစ်က မကျဉ်းမကျယ်။ ရေစီးသော်လည်း ဝါးလုံးထိုးစီးခြင်းမဟုတ်သဖြင့် စက်လှေ၊ လှေတို့ဖြင့်သွားလာရအဆင်ပြေသည်။ ကြည်လင်နေသော ရေအလျင်၊ ကမ်းစပ်မှ စိမ်းစိုနေသောသစ်ပင်များ၊ အိမ်ငယ်များ၊ ခပ်ဝေးဝေးမှ ရှမ်းတောင်တန်း၊ တောင်စွယ်များကို ကြည့်ကာ စက်လှေစီးနေရသည်မှာ သီးခြားကမ္ဘာတစ်ခုအတွင်း ရောက်ရှိနေသည့်အလား စိတ်ထဲခံစားရသည်။ တိတ်ဆိတ်ခြင်း၊ အေးချမ်းခြင်းတို့က စိတ်ချမ်းမြေ့ခြင်းတို့ကိုဖြစ်ပေါ်စေခဲ့ပြီ။

"ကျွန်တော်တို့ချောင်းဆုံကို ရောက်တော့မယ်"ဟု စက်လှေမောင်းသူက ပြောသည်။ သီပေါမှဒုဋ္ဌဝတီမြစ်စတင်ဖြစ်ပေါ်ရာ ချောင်းဆုံသို့ တစ်နာရီခန့်စက်လှေမောင်းရသည်။ ပုံမှန်ဆိုလျှင် ကမ္ဘာလှည့်ခရီးသွားများက စက်လှေစီးရင်း ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ကာ ဓာတ်ပုံရိုက်ကြသည့်အတွက် စက်လှေကိုဖြည်းဖြည်းချင်းမောင်းနှင်ရာချောင်းဆုံသို့ တစ်နာရီခွဲ နှစ်နာရီခန့်ကြာတတ်သည်။ ဒုဋ္ဌဝတီမြစ်ကား အခြားမြစ်များနှင့်မတူ။ မြစ်ရေပြင်က အမှိုက်သရိုက်ကင်းစင်ကာ သန့်ရှင်းနေသည်ကို တွေ့ရသည်။ မြစ်ကမ်းတစ်လျှောက် သပ်ရပ်သန့်ရှင်းမှုရှိနေသည်ကလည်း ထူးခြားသည်။

ဒုဋ္ဌဝတီမြစ်စတင်ရာ ချောင်းဆုံသို့ ရောက်ခဲ့လေပြီ။ စက်လှေဆိုက်ပြီး ဆင်းသက်ကာ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုမိသည်။ ကျယ်ဝန်းသော မြစ်ရေပြင်က ကြည်လင်နေသလို သဘာဝပတ်ဝန်းကျင်ကလည်း သစ်ပင်စိမ်းစိမ်းများဖြင့် သာယာလှသည်။ ဆူညံသံများကင်းဝေးရာ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် သဘာဝအလှများ ပိုက်ထွေးကာ ဧည့်သည်များကို အမောပြေလန်းဆန်းစေအောင် ဧည့်ခံကြိုဆိုနေသည့်အလားထင်မှားစရာပင်ဖြစ်သည်။ ချောင်းဆုံရှိ သဘာဝရှုခင်းများကို ကင်မရာဖြင့် မှတ်တမ်းတင်မိသည်။ သာယာရှုမောဖွယ်ကောင်းသည့် သဘာဝအလှတရားများ၊ သဘာဝမြင်ကွင်းများပင်ဖြစ်သည်။ ချောင်းဆုံမြစ်ဆိပ်မှ နာရီဝက်ကျော်မျှ လမ်းလျှောက်သွားလျှင် ရှေးခေတ်ဘုန်းတော်ကြီးကျောင်းသို့ ရောက်ကြောင်း သိရသည်။ ထိုကျောင်းမှာ အင်္ဂလိပ်ခေတ်ကတည်းက တည်ရှိခဲ့သော လွန်ယွန်းဘုန်းကြီးကျောင်းဖြစ်ပြီး စိတ်ဝင်စားစရာကောင်းသည်။ သို့သော်လည်း မရောက်ဖြစ်ခဲ့တော့။ အနီးတွင် ဒေသခံတိုင်းရင်းသားများနေထိုင်သော ဆွန်လုံရွာရှိကြောင်းလည်း သိရသည်။

ချောင်းဆုံတွင် နာရီဝက်ခန့်နေပြီး စက်လှေဖြင့် သီပေါမြို့သို့ ပြန်လာခဲ့သည်။ ဒုဋ္ဌဝတီမြစ်ကားဒေသအကျိုးပြုမြစ်ဖြစ်ပြီး သီပေါမြို့နှင့် အနီးဝန်းကျင်တိုင်းရင်းသားရွာများကို အချိန်မရွေး ရေလမ်းခရီးဖြင့် သွားလာနိုင်အောင် ကူညီဖြည့်ဆည်းနေသည့် သဘာဝလက်ဆောင်ကောင်းတစ်ခုအဖြစ် တည်ရှိနေသည်ကို တွေ့မြင်သိရှိခဲ့ရသည်။ မြစ်ကြောင်းတစ်လျှောက် စုန်ဆန်ခုတ်မောင်းသွားလာနေသော ကုန်တင်၊ လူတင်စက်လှေများကို မပြတ်တမ်းတွေ့မြင်ရသည့်အပြင် စိုက်ပျိုးရေ၊ သောက်သုံးရေအဖြစ်လည်း ဒေသခံတိုင်းရင်းသားကျေးရွာများကို အကျိုးပြုနေသည့်မြစ်လည်းဖြစ်သည်။ မြစ်ကမ်းနံဘေးစိုက်ပျိုးထားသော စပါးစိုက်ခင်းများ၊ တောင်စောင်းများတွင် စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများက စိမ်းစိုလန်းဆန်းကာ သဘာဝပန်းချီကားတစ်ချပ်သဖွယ်။

စက်လှေက သီပေါမြို့သို့ ပြန်ရောက်ခဲ့သည်။ သီပေါမြို့အနီး ပလောင်ရွာများသို့ သွားရောက်လိုသော်လည်း အချိန်မရတော့။ ဒေသခံပလောင်တိုင်းရင်းသားတို့၏ လူမှုဘဝနေထိုင်ပုံများမှာ စိတ်ဝင်စားစရာကောင်းမည်က အမှန်ပင်။ အသင့်စောင့်နေသော ကားပေါ်ပြန်တက်ပြီး သီပေါမြို့မှ ပြန်ထွက်လာခဲ့သည်။ သီပေါမြို့နှင့် ဒုဋ္ဌဝတီမြစ်တို့ကား တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့ပြီ။ ဒုဋ္ဌဝတီမြစ်ကား စီးမြဲစီးနေဦးမည်။ စီးဆင်းနေဦးတော့ ဒုဋ္ဌဝတီ. . . .။



သီပေါမြို့နှင့်ဒုဋ္ဌဝတီမြစ်ကိုတွေ့ရစဉ်။

နိုင်ငံတကာရေးရာသတင်းဆောင်းပါး

# စိုးရိမ်ဖွယ်ရာပြဿနာဖြစ်လာနိုင်သည့် ဆော်ဒီ-အီရန် တင်းမာမှု

သုဓန



***ဆွန်နီမွတ်စလင်ဘာသာဝင် အများစုနေထိုင်သည့် ဆော်ဒီအာရေဗျနိုင်ငံနှင့် ရှီးယိုက်မွတ်စလင်ဘာသာဝင်များလွှမ်းမိုးသည့် အီရန်နိုင်ငံတို့သည် အရှေ့အလယ်ပိုင်းဒေသ၌ ဦးဆောင်နိုင်ငံနေရာရယူနိုင်ရေးအတွက် ဆယ်စုနှစ်ပေါင်းများစွာ အားပြိုင်နေသည့် မဟာပြိုင်ဘက်နိုင်ငံများ ဖြစ်ကြသည်။ အတိအကျဆိုရလျှင် ၁၉၇၉ ခုနှစ် တော်လှန်ရေးကာလကတည်းက အီရန်နှင့် ဆော်ဒီတို့သည် ရန်သူတော်များဖြစ်ခဲ့ကြသည်။ လွန်ခဲ့သည့်ရက်များက နှစ်နိုင်ငံတင်းမာမှုများထပ်မံမြင့်တက်လာခဲ့ပြီး သံတမန်အဆက်အသွယ်ပြတ်တောက်သွားခဲ့ကာ ကုန်သွယ်မှုနှင့် လေကြောင်းသွားလာမှုများပါ ရပ်သွားဖွယ်ရှိနေသည်။***

ယခုတစ်ကြိမ်ဖြစ်ပွားသည့် တင်းမာမှုမှာ ကွဲပြားခြားနားမှုရှိပြီး အတော်ပြင်းထန်သကဲ့သို့ နှစ်နိုင်ငံစလုံးက အရှေ့အလယ်ပိုင်းဒေသမှ ဆုတ်ခွာတော့မည့် အမေရိကန်၏ ဦးဆောင်မှုနေရာကို ရယူနိုင်ရေးအတွက် ပိုမိုအာရုံစိုက် အားပြိုင်နေခြင်းဖြစ်ကြောင်း အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ လေ့လာသူများက သုံးသပ်ကြသည်။

" ဒီတစ်ခါဖြစ်ပွားတဲ့ တင်းမာမှုက အရင်ကဖြစ်ရပ်တွေနဲ့ မတူသလို ပိုပြီးတော့လည်း ပြင်းထန်တယ်။ ဆော်ဒီနဲ့ အီရန်တို့ဟာ အရှေ့အလယ်ပိုင်းဒေသကနေ ထွက်ခွာမယ့် အမေရိကန်ရဲ့ ဦးဆောင်မှုနေရာကိုရယူနိုင်ဖို့ ပြင်ဆင်လှုပ်ရှားနေကြတာကိုလည်း တွေ့ရပါတယ်။ နှစ်နိုင်ငံစလုံးက အပြိုင်အဆိုင်အင်အားတိုးချဲ့ပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်အလှန် စောင့်ကြည့်နေခဲ့ကြတယ်။ နောက်ပြီး အီရန်နဲ့ဆော်ဒီတို့ဟာ ပဋိပက္ခအချို့မှာ နောက်ကွယ်ကနေ အားပေးအားမြှောက်ပြုခဲ့ဖူးသလို တိုက်ရိုက်ပါဝင် ပတ်သက်ခဲ့တာတွေလည်း ရှိခဲ့ဖူးတော့ အခုဖြစ်တဲ့တင်းမာမှုက ထိပ်တိုက်တွေ့ဆုံမှုကို ဦးတည်သွားစေနိုင်ပါတယ်" ဟု အရှေ့အလယ်ပိုင်းရေးရာကျွမ်းကျင်သူ ဂျိမ်းစ်ဖီးလစ်က ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံက ဇန်နဝါရီ ၂ ရက်တွင် ရှီးယိုက်ဘာသာရေးခေါင်းဆောင် ရှိတ်ခ်နီမာအယ်လ်နီမာနှင့် ဆော်ဒီထီးနန်းကို ဆန့်ကျင်သည့် ဆွန်နီဘာသာရေးအစွန်းရောက် အကြမ်းဖက်သမား ၄၆ ဦးကို ကွပ်မျက်ခဲ့သည်။ ကွပ်မျက်ခံရသူအများစုသည် ဆော်ဒီနိုင်ငံသား ဆွန်နီစစ်သွေးကြွများဖြစ်ပြီး အချို့က အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သူများဖြစ်ကြောင်း သတင်းမီဒီယာများတွင် ဖော်ပြထားသည်။ ရှီးယိုက်ဘာသာရေးခေါင်းဆောင်ကို ကွပ်မျက်မှုအတွက် အီရန်နိုင်ငံတွင် မကျေနပ်သည့် ဒေါသထွက်နေသောလူအုပ်ကြီးက တီဟီရန်မြို့တော်ရှိ ဆော်ဒီသံရုံးကို မီးရှို့တိုက်ခိုက်ခဲ့ကြသည်။ ထို့ပြင် မတ်ဟတ်မြို့ရှိ ကောင်စစ်ဝန်ရုံးကိုလည်း တိုက်ခိုက်ခဲ့ကြသည်။ ဆော်ဒီနိုင်ငံကလည်း အီရန်နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ချက်ချင်းဖြတ်တောက်လိုက်ပြီး ဆော်ဒီရှိ အီရန်သံအမတ်နှင့် သံရုံးဝန်ထမ်းများကို နိုင်ငံအတွင်းမှ ၄၈ နာရီအတွင်း ထွက်ခွာသွားရန် သတိပေး နှင်ထုတ်ခဲ့သည်။ ဇန်နဝါရီ ၄ ရက်တွင် ဆော်ဒီဦးဆောင်သော ဆွန်နီလွှမ်းမိုးသည့် ပင်လယ်ကွေ့နိုင်ငံများဖြစ်သော ကူဝိတ်၊ ယူအေအီး၊ ဘာရိန်းနိုင်ငံနှင့် အာရပ်နိုင်ငံဖြစ်သည့် ဆူဒန်နိုင်ငံတို့ကလည်း အီရန်နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ရပ်ဆိုင်းလိုက်ကြသည်။ ဆော်ဒီနှင့် အီရန်တို့သည် ဆီးရီးယားပြည်တွင်းစစ်နှင့် ယီမင်ပြည်တွင်းစစ်များတွင် နောက်ကွယ်မှ လက်နက်များ ထောက်ပံ့ပေးခြင်းဖြင့် တိုက်ခိုက်အားပြိုင်နေသည့် နိုင်ငံများဖြစ်ကြသည်။

ဆော်ဒီ-အီရန်တင်းမာမှု၊ ဆွန်နီ-ရှီးယိုက်အကွဲအပြဲနှင့် ဒေသတွင်းသံတမန် အဆက်အသွယ်ဖြတ်တောက်မှုတို့သည် အမေရိကန် ဦးဆောင်တိုက်ခိုက်နေသည့် အိုင်အက်စ်ဆန့်ကျင်တိုက်ခိုက်ရေးနှင့် အစ္စလာမ့်စ်အကြမ်းဖက်ဝါဒချေမှုန်းရေးတို့တွင် ဆုတ်ယုတ်မှုများ ရှိလာနိုင်သည်။ ထို့ပြင် အရှေ့အလယ်ပိုင်းဒေသမှ အမေရိကန်ထွက်ခွာသွားပြီးနောက် ယင်းဒေသတွင်း ပြဿနာအရှုပ်အထွေးများ ပိုမိုကျယ်ပြန့်လာနိုင်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

" အိုဘားမားအစိုးရက အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်ရဲ့ ပါဝင်ပတ်သက်မှု အခန်းကဏ္ဍကိုလျှော့ချပြီး အခြားတစ်နေရာမှာ အာရုံစိုက်ဖို့ရည်ရွယ်နေပါတယ်။ ဒါပေမယ့် ဒေသတွင်း မဟာပြိုင်ဘက်နှစ်နိုင်ငံဖြစ်တဲ့ ဆော်ဒီနဲ့ အီရန်တို့ရဲ့ တင်းမာမှုပြဿနာဟာ အမေရိကန်ရဲ့ အကျိုးစီးပွားကို သိသိသာသာ ခြိမ်းခြောက်လာနေပါပြီ။ အိုဘားမားရဲ့ အရေးကြီးတဲ့ နိုင်ငံခြားရေးမူဝါဒနှစ်ခုကငါးနှစ်ကြာနေပြီဖြစ်တဲ့ ဆီးရီးယားပြည်တွင်းစစ်ကို နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာနိုင်ဖို့ အဓိကကျတဲ့ အိုင်အက်စ်အကြမ်းဖက်သမားတွေကို တိုက်ခိုက်ချေမှုန်းသွားဖို့နဲ့ အီရန်နိုင်ငံနဲ့ နျူကလီးယားသဘောတူညီချက် ရရှိဖို့ဖြစ်ပါတယ်။ အီရန်နဲ့ နျူကလီးယားသဘောတူညီချက်ရရှိရေး ကြိုးစားတဲ့နေရာမှာ ဆော်ဒီ-အီရန်တင်းမာမှုကို အလေးမထားခဲ့ပါဘူး" ဟု ဝါရှင်တန်အင်စတီကျု၏ အနောက်တောင်အာရှမူဝါဒရေးရာမှ ပင်လယ်ကွေ့နှင့် စွမ်းအင်မူဝါဒအကြီးအကဲ ဆိုင်မွန်းဟန်ဒါဆင်က ပြောကြားသည်။

အီရန်နိုင်ငံရှိ ဆော်ဒီသံရုံးရှေ့တွင် ဆန္ဒပြမှုနှင့် မီးရှို့တိုက်ခိုက်မှုအတွင်း လူ ၄၀ ခန့်ကို အီရန်အစိုးရက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ယခုကဲ့သို့ လုပ်ဆောင်မှုသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း အီရန်သမ္မတ ဟက်ဆန် ရိုဟာနီက ပြောကြားသည်။ သို့သော် ရှီးယိုက်ဘာသာရေးခေါင်းဆောင် ရှိတ်ခ်နီမာအယ်လ်နီမာကို ကွပ်မျက်မှုနှင့်ပတ်သက်၍ အီရန်သမ္မတက ဆော်ဒီနိုင်ငံကို ပြစ်တင်ဝေဖန်ခဲ့သည်။ နီမာသည် ဆော်ဒီ ထီးနန်းအပေါ် ဆန့်ကျင်ဝေဖန်ခဲ့ပြီး ရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုမှုကြောင့် ၂၀၁၂ ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရသည်။ ၎င်းက ဆော်ဒီတွင် ၂၀၁၁-၂၀၁၂ ခုနှစ် အာရပ်နွေဦးလှုပ်ရှားမှုအတွင်း ဖြစ်ပွားခဲ့သည့် ဆန္ဒပြလှုပ်ရှားမှုများတွင် ဆန္ဒပြလှုပ်ရှားသူ ရှီးယိုက်ဘာသာဝင်များအား ဆော်ဒီအစိုးရကို အကြမ်းဖက်မှုထက် ဆိုးရွားသည့် စကားလုံးများဖြင့် ဆန့်ကျင်ရန် တိုက်တွန်းခဲ့သည်။ ဆော်ဒီအစိုးရက ရှီးယိုက်ဘာသာဝင်များကို ခွဲခြားဆက်ဆံမှုနှင့် ပတ်သက်၍လည်း ဝေဖန်ပြောဆိုခဲ့သူဖြစ်သည်။ နီမာသည် အကြမ်းဖက်တိုက်ခိုက်ရန် မည်သည့်အခါကမျှ ဟောပြောသူမဟုတ်ကြောင်း ၎င်း၏ နောက်လိုက်များက ပြောကြားကြသည်။ ရှီးယိုက်မွတ်စလင်ခေါင်းဆောင်များ အုပ်ချုပ်သည့် အီရန်နိုင်ငံက ဘာသာရေးခေါင်းဆောင်ကို ကွပ်မျက်သည့်အတွက် ဆော်ဒီနိုင်ငံအနေဖြင့် နောက်ဆက်တွဲအကျိုးဆက်များ ခံစားရလိမ့်မည်ဟု သတိပေးခဲ့သည်။

"နှစ်နိုင်ငံစလုံး တင်းမာနေတဲ့ လက်ရှိအခြေအနေကနေ အမြန်ဆုံးရပ်ဆိုင်းလိုက်စေချင်တယ်။ ဒီပြဿနာကြောင့် အရှေ့အလယ်ပိုင်းမှာ နောက်ထပ် ပဋိပက္ခတစ်ခုပေါ်လာတာပဲ အဖတ်တင်မယ်။ ဒေသတွင်း အားပြိုင်မှုတွေက တော်တော်များနေပြီ။ ဒေသတွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ကိုပဲ ကျွန်တော်တို့ လိုလားတယ်။ ဆော်ဒီရော အီရန်ပါ ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေပါ။ သူတို့တွေအချင်းချင်း တိုက်ခိုက်နေတာကို မလိုလားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ဒီဒေသတစ်ခုလုံးအတွက် မလိုလားအပ်ဆုံးကိစ္စလည်း ဖြစ်နေလို့ပါ" ဟု တူရကီဒုတိယဝန်ကြီးချုပ် နူမန်ကာတူလ်မတ်စ်က ပြောကြားသည်။

ဆော်ဒီနှင့် အီရန်ကြားဖြစ်ပွားသည့် တင်းမာမှုပြဿနာအရှိန်သည် ဒေသတွင်းနိုင်ငံများအထိ ကူးစက်ရိုက်ခတ်မှုရှိလာသည့်အတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများက စိုးရိမ်နေကြပြီး အခြေအနေကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုင်တွယ်ဖြေရှင်းကာ တင်းမာမှုများလျှော့ချကြရန် ဝိုင်းဝန်း ဖျောင်းဖျနားချနေကြသည်။ ရုရှား၊ တရုတ်၊ ဂျာမနီနှင့် အမေရိကန်နိုင်ငံတို့က တင်းမာမှုများလျှော့ချရန်နှင့် ထိပ်တိုက်တွေ့ဆုံနိုင်မည့်အရေးမှ ရှောင်ရှားကြရန် ဇန်နဝါရီ ၄ ရက်တွင် နှစ်ဖက်စလုံးကို တောင်းဆိုခဲ့ကြသည်။

သို့သော် ယခုဖြစ်ပွားသော ဆော်ဒီနှင့် အီရန်ကြား တင်းမာမှုသည် အမေရိကန်နိုင်ငံပင် ကြားဝင်ဖြေရှင်းပေးရန် လွယ်ကူလှသည့် အခြေအနေမဟုတ်သကဲ့သို့ ပြဿနာပေါင်းများစွာ ရှိနေသည့် အရှေ့အလယ်ပိုင်းဒေသ အရှုပ်အထွေးမှ ရုန်းထွက်ရန်ကြိုးစားနေသည့် အိုဘားမားအစိုးရ၏ နိုင်ငံခြားရေးမူဝါဒအတွက်ပါ အခက်အခဲဖြစ်လာဖွယ်ရှိနေသည်။ ထို့ပြင် ဆီးရီးယားပြည်တွင်းစစ်နှင့် ယီမင်ပြည်တွင်းစစ်များတွင် ဆန့်ကျင်ဘက်ရပ်တည်ချက်များဖြင့် နောက်ကွယ်မှ ပါဝင်ပတ်သက်ခဲ့ကြသည့် အီရန်နှင့် ဆော်ဒီတို့၏ ထိပ်တိုက်တွေ့ဆုံနိုင်မှုသည် အရှေ့အလယ်ပိုင်းဒေသအတွက်သာမက ကမ္ဘာ့အခြားဒေသများအတွက်ပါ စိုးရိမ်ဖွယ်ရာ ပြဿနာဖြစ်လာနိုင်သည်။

**" ယခုတစ်ကြိမ်ဖြစ်ပွားသည့် တင်းမာမှုမှာ ကွဲပြားခြားနားမှုရှိပြီး အတော်ပြင်းထန်သကဲ့သို့ နှစ်နိုင်ငံစလုံးက အရှေ့အလယ်ပိုင်းဒေသမှ ဆုတ်ခွာတော့မည့် အမေရိကန်၏ ဦးဆောင်မှုနေရာကို ရယူနိုင်ရေးအတွက် ပိုမိုအာရုံစိုက် အားပြိုင်နေခြင်းဖြစ်ကြောင်း အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ လေ့လာသူများက သုံးသပ်ကြသည် "**



မြန်မာ့ရိုးရာအားကစား

# တစ်နှစ်ကျော်ကြာ မကျင်းပနိုင်ခဲ့သည့် မြန်မာပြည်ချန်ပီယံလုပွဲ အထမြောက်ပြီ

## အကောင်းဆုံးပြင်ဆင်ထားသည့် ထွန်းထွန်းမင်းကို စောဂေါ်မူဒိုစိန်ခေါ်

**သတင်းဆောင်းပါး-**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

*မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင် ပရိသတ်ပြည်သူများ တစ်နှစ်ကျော်ကြာ မျှော်လင့်စောင့်စားခဲ့ရသည့် မြန်မာပြည် ချန်ပီယံရွှေခါးပတ်လုပွဲကြီးကို များမကြာမီ နှစ်သစ်ရဲ့ ဇန်နဝါရီ ၁၇ ရက်တွင် ကြည့်ရှုရတော့မည်ဖြစ် သည်။ လက်ရှိ ရွှေခါးပတ်ချန်ပီယံ ထွန်းထွန်းမင်း ၂၀၁၄ခုနှစ် ချန်ပီယံစဖြစ် ကတည်းက ပြည်တွင်း ပထမတန်းလက်ဝှေ့ကျော် နည်းပါးခဲ့ခြင်းကြောင့် မြန်မာပြည်ချန်ပီယံရွှေခါးပတ်စိန်ခေါ်ပွဲကြီးနှင့် ရိုးရာလက်ဝှေ့ချစ် ပရိသတ် များ အလှမ်းဝေးခဲ့သည်မှာ တစ်နှစ်ကျော်၊ နှစ်နှစ်နီးပါးရှိခဲ့ပြီ ဖြစ်သည်။ ယခုအခါ ပွဲစီစဉ်သူ၏ စိတ်ဆန္ဒရှိမှုနှင့် ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ၏ ပြင်းပြသည့် စိတ်ဆန္ဒတောင်းဆိုမှုကြောင့် ရွှေခါးပတ်ချန်ပီယံလုပွဲကြီး ယခုနှစ်ဦးကာလမှာပင် အထမြောက်ခဲ့ပြီဖြစ်သည်။*

လက်ရှိချန်ပီယံ ထွန်းထွန်းမင်း(မုဒုံသား)သည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ချန်ပီယံဟောင်း စောငမန်း (ရွှေဖူး)အား ချန်ပီယံရွှေခါးပတ်လုပွဲအဖြစ် စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ လေးချီမှာပင် အလဲထိုးဖြင့် အနိုင်ရပြီး ထွန်းထွန်းမင်း(မုဒုံသား) ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ကျော်တစ်ဦး ဖြစ်လာခဲ့သည်။ ထွန်းထွန်းမင်းသည် ရွှေခါးပတ်ချန်ပီယံ ဖြစ်ပြီးကတည်းက ပြည်တွင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများနှင့် ဝေးကွာခဲ့ပြီး ပြည်ပမွေ့ထိုင်းလက်ဝှေ့ကျော်များဖြင့်သာ တစ်နှစ်ကျော်ကျော် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ အမေရိကန်လက်ဝှေ့ကျော် ဆိုင်းရပ်စ်နှင့်ပင် တစ်နှစ်အတွင်း သုံးပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ကာ နှစ်ပွဲနိုင် တစ်ပွဲရှုံးဖြင့် ကမ္ဘောဇရွှေအောင်လံကို ဆွတ်ခူးခဲ့ပြီး အခြား ပြည်ပပွဲစဉ်တိုင်းကိုလည်း ချန်ပီယံပီပီ အလဲထိုးကာ ပွဲပြတ်အနိုင်ရထားသူဖြစ်သည်။

"ကျွန်တော် ရိုးရာလက်ဝှေ့ကို ၁၀ နှစ်သားလောက်ကတည်းက အဖေ့ရဲ့ သင်ပြမှုနဲ့ စင်ပေါ်တက် ယှဉ်ပြိုင်ထိုးသတ်ခဲ့တာပါ။ ၂၀၁၄ ခုနှစ်ကစပြီး ကျွန်တော်ဖြစ်ချင်ခဲ့တဲ့ မြန်မာပြည်ရဲ့ ရိုးရာလက်ဝှေ့ချန်ပီယံစဖြစ်ခဲ့ပါတယ်။ တစ်နှစ်ကျော်လောက် မြန်မာပြည်ချန်ပီယံရွှေခါးပတ်ကို ပိုက်ထားနိုင်ခဲ့တယ်ဆိုပေမယ့် ဒီနှစ် ၂၀၁၆ နှစ်ဦးပိုင်းမှာတော့ ဒီချန်ပီယံဆုအတွက် ကျွန်တော်ကြိုးစားကာကွယ်ရတော့မှာပါ။ ဒီပွဲအတွက် ပြင်ဆင်ချိန်လည်း တစ်လနီးပါးရတာမို့ လက်ရှိချန်ပီယံဆုကို ကာကွယ်ဖို့ အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားထားပါတယ်။ ဒါပေမယ့် တစ်ယောက်အထာတစ်ယောက်သိထားတဲ့ ပြည်တွင်းပွဲလည်း ဖြစ်တော့ ပြည်ပပွဲတွေလောက်တော့ မလွဲလောက်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် ချန်ပီယံအဖြစ် ဆက်လက်ရပ်တည်သွားနိုင်အောင်တော့ ကြိုးစားသွားမှာပါ"ဟု လက်ရှိချန်ပီယံ ထွန်းထွန်းမင်းက ပြောသည်။

ထွန်းထွန်းမင်းသည် လက်ရှိတွင် အသက် ၂၄ နှစ်ထဲရှိပြီး ကီလိုဝိတ်တန်းအနေဖြင့် ၇၉ ကီလိုရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပြည်တွင်း၊ ပြည်ပပွဲစဉ်ပေါင်း ၈၀ ကျော်တွင် ဆိုင်းရပ်စ်နှင့်တစ်ပွဲသာ ရှုံးနိမ့်ထားပြီး ကျန်ပွဲစဉ်များသည် အလဲထိုးအနိုင်များနှင့် သရေပွဲများသာ ပိုင်ဆိုင်ထားသော ပြည်တွင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ယခု လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ရန်အတွက် နံနက် နှစ်နာရီ၊ ညနေ သုံးနာရီ တစ်နေ့စုစုပေါင်း ငါးနာရီဝန်းကျင် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာပြည်ချန်ပီယံလုပွဲအဖြစ် ထွန်းထွန်းမင်းနှင့်အတူ ယှဉ်ပြိုင်ထိုးသတ်မည့် ပထမတန်းလက်ဝှေ့ကျော် စောဂေါ်မူဒို(သတ္တိကလပ်)သည်လည်း ယခုလက်ရှိတွင် မြန်မာပြည်ရွှေခါးပတ်ချန်ပီယံဟောင်း လုံးချော၏ ဦးဆောင်သင်ပြမှုဖြင့် လေ့ကျင့်လျက်ရှိသော ပထမတန်းလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဇာတိဖွားတစ်ဦးဖြစ်ပြီး အသက် ၁၂ နှစ်အရွယ်ကတည်းက ရိုးရာလက်ဝှေ့လောကထဲသို့ ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်ခဲ့သည့် ပထမတန်းလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ယခု ချန်ပီယံ ထွန်းထွန်းမင်းနှင့် ယှဉ်ပြိုင်မထိုးသတ်မီ ထွန်းထွန်းမင်း အလဲထိုးဖြင့် အနိုင်ယူခဲ့သည့် စောငမန်း(ရွှေဖူး)၊ ပထမတန်းလက်ဝှေ့ကျော် တူးတူး(နဂါးမာန်) စသည့် လက်ဝှေ့ကျော်များနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကာ အဆိုပါ နှစ်ပွဲ စလုံး သရေရလဒ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။



စောဂေါ်မူဒို(သတ္တိကလပ်)





ထွန်းထွန်းမင်း(မုဒုံသား)

**ရိုးရာလက်ဝှေ့ပရိသတ်တွေအနေနဲ့ ရိုးရာလက်ဝှေ့ပွဲတွေရဲ့ ဂန္ထဝင်ပွဲတွေကို ကြည့်ချင်ရင် ပြည်ပနဲ့ ယှဉ်ပြိုင်ထိုးသတ်တဲ့ပွဲတွေပဲ ကြည့်ခဲ့ရတယ်။ တချို့ပြည်ပပွဲတွေက ကြည့်ကောင်းမယ်၊ အကြိတ်အနယ်ရှိမယ်လို့ ထင်ရပေမယ့် ပရိသတ်ဆန္ဒမပြည့်ဝခဲ့ရတာတွေ အများကြီးပါ။ အဲဒါကြောင့် ရိုးရာလက်ဝှေ့ချစ် ပရိသတ်တွေရဲ့ လိုအပ်နေတဲ့ ကွက်လပ်ဆန္ဒလေးကို အခုလို အကြိတ်အနယ်ရှိမယ့် ပြည်တွင်းချန်ပီယံလုပွဲကြီး အစားထိုး ဖြည့်ဆည်းပေးဖို့ ရည်ရွယ်. . .**

မာဂုဏ် မြင့်ပြီး ကြံ့ခိုင်မှုအားကောင်းကာ အချို့လက်ဝှေ့ချစ်ပရိသတ်များက သံမဏိ လူသားဟုပင် ခေါ်ဝေါ်ကြသည်။

"ကျွန်တော် ဒီပွဲအတွက် အကောင်းဆုံးဖြစ်အောင်တော့ ပြင်ဆင်ထားပါတယ်။ အခုလို ယှဉ်ပြိုင်ထိုးသတ်နိုင်ဖို့ လုပ်ပေးတဲ့ပွဲစီစဉ်သူ ကိုအောင်နိုင်မိုးကို ကျေးဇူးတင်သလို လက်ခံထိုးပေးတဲ့ ထွန်းထွန်းမင်းကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီပွဲအတွက် ကျွန်တော်မျှော်မှန်းထားသလို ဖြစ်မလာရင်တောင် နောက်တစ်ကျော့ သူနဲ့ ပြန်နွှဲချင်ပါသေးတယ်။ မြန်မာပြည်ရဲ့ ချန်ပီယံလုပွဲလည်းဖြစ်တော့ ကျွန်တော်အစွမ်းကုန်ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ" ဟု သတ္တိကလပ်မှ ပထမတန်းလက်ဝှေ့ကျော် စောဂေါ်မူဒိုက ပြောသည်။

စောဂေါ်မူဒိုသည် ယခုအခါ အသက် ၂၃ နှစ်ရှိပြီး ဝိတ်တန်းအနေဖြင့် ၇၂ ကီလိုတန်း ရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၄၀ တွင် နိုင်ပွဲ ၂၀၊ သရေ ၁၇ ပွဲနှင့် သုံးပွဲအရှုံးရလဒ် ပိုင်ဆိုင်ထားသည့် ပထမတန်း ရိုးရာ လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ဝိတ်တန်းအားဖြင့် လက်ရှိချန်ပီယံနှင့် ကွာဟမှု အနည်းငယ်ရှိသော်လည်း ဝိတ်တန်းကိုဘေးမှာထား ရိုးရာလက်ဝှေ့ကျားဆိုသည့် စကားပုံနှင့်အညီ ရဲဝံ့စွာ ယှဉ်ပြိုင်ထိုးသတ်သွားမည့် လက်ဝှေ့သမားကောင်းတစ်ဦးအဖြစ် ခံယူထားသူဖြစ်သည်။

**မြန်မာပြည် ချန်ပီယံရွှေခါးပတ်လုပွဲကြီးကို ယခုလာမည့် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည် . . .**

"ဒီပွဲနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပြောရရင် အမှန်တကယ် ဝိတ်တန်းတူရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမယ့် မြန်မာပြည်မှာက လက်ရှိချန်ပီယံ ဝိတ်တန်းတူ၊ ထိုးရဲတဲ့လက်ဝှေ့သမားက မရှိဘူးဖြစ်နေတယ်။ ရှိတဲ့ ပထမတန်း လက်ဝှေ့ကျော်တွေကလည်း မထိုးဘူးဖြစ်နေတော့ ဂေါ်မူဒိုကလည်း စိတ်ဆန္ဒပြင်းပြနေတာနဲ့ ပွဲစီစဉ်သူကလည်း ပွဲပေးတာနဲ့ တိုက်ဆိုင်ပြီး ဒီပွဲယှဉ်ပြိုင် ထိုးသတ်ဖြစ်သွားတာပါ။ ရိုးရာလက်ဝှေ့မှာက ဝိတ်တန်းတစ်ခုတည်းလည်းကြည့်လို့မရဘူး။ အခြားမတူညီတဲ့အချက်လေးတွေလည်း ရှိပါသေးတယ်။ အဲဒီ အချက်ကလေးတွေကိုတော့ အကောင်းဆုံးအသုံးချနိုင်ရင် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပါတယ်"ဟု ရိုးရာလက်ဝှေ့လောက၏ သမ္ဘာရင့် သတ္တိကလပ်ပိုင်ရှင် ဦးဝင်းဇင်ဦးက ဆိုသည်။

အဆိုပါ မြန်မာပြည်ချန်ပီယံရွှေခါးပတ်လုပွဲကြီးကို ယခုလာမည့် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်ကာ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး နိုင်မိုးအင်တာတိတ်မန့်နှင့် မြန်မာမီဒီယာမန်းနေ့ချ်မန့်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ ရုံဝင်ကြေးအနေဖြင့် အထူးတန်း ငွေကျပ် ၃၀၀၀၀၊ ၂၀၀၀၀ နှင့် ရိုးရိုးတန်း ငွေကျပ် ၁၀၀၀၀ အဖြစ် သတ်မှတ်ထားကာ ကြိုတင်လက်မှတ် မှာယူသူများအနေဖြင့် ဖုန်း-၀၉-၇၈၁၉၉၉၂၀၄နှင့် ၀၉-၇၈၁၉၉၉၂၀၅ တို့သို့ ဆက်သွယ်နိုင်သည်။ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းများမှာ မျိုးဆက်သစ်လူသစ်တန်းများဖြစ်သည့် ကျော်စွာဝင်း (ယူနိုက်တက်)နှင့် ထွန်းမင်းနိုင်(ထွန်းထွန်းမင်း)၊ နိုင်လင်းထွန်း(နဂါးမာန်)နှင့် ရှမ်းညီ ( T & T)၊ သိန်းညီညီ (အလင်းရောင်)နှင့် စောသူရိန်(သတ္တိ)၊ ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်)နှင့် ထွန်းလွင်မိုး (နဂါးမာန်)၊ နေရှဘီ ( STL) နှင့် စိုးမောင်ဦး(ရတနာပုံ ကလပ်)၊ ရန်တိုင်းကျော်(အလင်းရောင်)နှင့် မျိုးမာန် သစ်(STL)၊ စောသဲဦး (STL)နှင့် ကျားဗဟန်း (အလင်းရောင်)၊ ရှမ်းကို (T&T)နှင့် ရဲတံခွန်(အဖြူရောင်သွေးသစ်) တို့ ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ပြီး အဓိက နောက်ဆုံးပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ထွန်းထွန်းမင်းနှင့် စောဂေါ်မူဒိုတို့ သူနိုင်ကိုယ်နိုင် အပြိုင်ကျဲကြမည်ဖြစ်သည်။

"ဒီပွဲ စီစဉ်ဖြစ်တဲ့ အဓိကအကြောင်းကတော့ ထွန်းထွန်းမင်းချန်ပီယံ စဖြစ်ကတည်းက ပြည်တွင်းစိန်ခေါ် ယှဉ်ပြိုင်ထိုးသတ်မယ့်သူမရှိခဲ့ဘူး။ ပြိုင်ဘက်ပေါ်လာတာကိုက အဓိကဖြစ်ပြီး အထူးကျေးဇူးတင်ရမှာပါ။ ရိုးရာလက်ဝှေ့ ပရိသတ်တွေအနေနဲ့ ရိုးရာလက်ဝှေ့ပွဲတွေရဲ့ ဂန္ထဝင်ပွဲတွေကိုကြည့်ချင်ရင် ပြည်ပနဲ့ ယှဉ်ပြိုင်ထိုးသတ်တဲ့ပွဲတွေပဲ ကြည့်ခဲ့ရတယ်။ တချို့ပြည်ပ ပွဲတွေက ကြည့်ကောင်းမယ်၊ အကြိတ်အနယ်ရှိမယ်လို့ ထင်ခဲ့ပေမယ့် ပရိသတ်ဆန္ဒ မပြည့်ဝခဲ့ရတာတွေ အများကြီးပါ။

"အဲဒါကြောင့် ရိုးရာလက်ဝှေ့ချစ် ပရိသတ်တွေရဲ့ လိုအပ်နေတဲ့ ကွက်လပ်ဆန္ဒလေးကို အခုလို အကြိတ်အနယ်ရှိမယ့် ပြည်တွင်းချန်ပီယံလုပွဲကြီး အစားထိုးဖြည့်ဆည်းပေးဖို့ ရည်ရွယ်ကျင်းပခဲ့တာ ဖြစ်ပါတယ်"ဟု ပွဲစီစဉ်သူ ကိုအောင်နိုင်မိုး(နိုင်မိုးအင်တာတိတ်မန့်)က ပြောသည်။

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပြဋ္ဌာန်း

*(၉-၁-၂၀၁၆)ရက်နေ့ထုတ် စာမျက်နှာ ၁၆ မှအဆက်*

(ဇ) **ကြိုတင်မမျှော်မှန်းနိုင်သောအခြေအနေ** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်အပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကြိုတင်၍သိမြင်နိုင်မှုနှင့် ရှောင်လွှဲနိုင်မှုမရှိသည့်အပြင် ဖြစ်ပေါ်လာသော အကျိုးဆက်ကို ကာကွယ်နိုင်မှု သို့မဟုတ် ထိန်းချုပ်မှုမပြုနိုင်ခြင်းကြောင့် ထိခိုက်မှု၊ ဆုံးရှုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ရသော အခြေအနေကို ဆိုသည်။

(ဈ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားအလိုက် ဦးစီးဌာနက ထုတ်ပေးသော စာတမ်းအမှတ်အသားကို ဆိုသည်။

(ည) **ခွင့်ပြုချက်** ဆိုသည်မှာ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူက ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာယီဝင်ရောက်ခွင့်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်မှ တစ်ဆင့်ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့်အတွက်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဋ) **အခကြေးငွေ** ဆိုသည်မှာ ဤဥပဒေအရ ကောက်ခံသည့် လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်အတွက် ဝန်ဆောင်ခနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများကို ဆိုသည်။

(ဌ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီကို ဆိုသည်။

(ဍ) **ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(တ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ထ) **ခရိုင်ဦးစီးဌာန** ဆိုသည်မှာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဒ) **မြို့နယ်ဦးစီးဌာန** ဆိုသည်မှာ မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဓ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဌာန** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်စေရန်အတွက် ပုဂ္ဂလိက ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေနှင့်အညီ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်၍ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်၊

(ဃ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ထိခိုက်စေနိုင်သည့်အကြောင်းများ လျော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊

(င) မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(စ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျချောမွေ့စွာ ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီးနှင့်<br>ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ<br>ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ<br>ဝန်ကြီးများ | အဖွဲ့ဝင် |
| (၁၂) | သက်ဆိုင်ရာ ကုန်းလမ်းသယ်ယူ<br>ပို့ဆောင်ရေးဆိုင်ရာ အဖွဲ့အစည်းမှ<br>ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၁၃) | ကုန်းလမ်းသယ်ယူပို့ဆောင်ရေး<br>လုပ်ငန်းနှင့်စပ်လျဉ်း၍<br>ကျွမ်းကျင်သူပညာရှင်များ | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု<br>ဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းနှင့်နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့်လွယ်ကူချောမွေ့ အဆင်ပြေရေးတို့အတွက် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့ အဆင်ပြေရေး၊ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များချမှတ်ပြီး ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များဖွဲ့စည်းပေးခြင်းနှင့် လိုအပ်သောလုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အမျိုးသားကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အောင်မြင်စွာ ဆောင်ရွက်ရန်အလို့ငှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီ၊ နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးတို့အတွက် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ကုန်စည်နှင့်ခရီးသည်များအား လိုအပ်သောနေရာဒေသသို့ လိုအပ်သော အချိန်ကာလအတွင်း လိုအပ်သော အရေအတွက် ရောက်ရှိစေရေး၊ သွားလာလွယ်ကူမှု အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်အပါအဝင် အများပြည်သူအကျိုးငှာ အခြားအရေးပေါ်ကိစ္စများတွင် အသုံးပြုရန် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများက တာဝန်ပေးအပ်လာသည့်အခါ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များကို တာဝန်ပေးအပ်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ ညှိနှိုင်းသတ်မှတ်ခြင်း၊ အထူးသဖြင့် မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်ဂိတ်များ၊ မော်တော်ယာဉ်အသင်းများ၊ ခရီးစဉ်များ၊ သွားလာမည့်ခရီးစဉ်အရေအတွက်၊ ကုန်စည်ဂိတ်များ၊ ကုန်တင်ကုန်ချပြုလုပ်ရန် နေရာများနှင့် ဒေသများ၊ ခရီးသည်နှင့် ကုန်စည် သယ်ဆောင်ခနှုန်းထားများ သတ်မှတ်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(ဇ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့အဆင်ပြေစေရေးနှင့် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ယင်းအဖွဲ့များ၏ ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဈ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွယ်ကူချောမွေ့အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန် ဒေသဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဒေသအတွင်းရှိ အခြားစာချုပ်ဝင်နိုင်ငံများနှင့်ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လမ်းညွှန်မှုပေးခြင်း၊

(ည) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ပေးခြင်း။

## အခန်း(၄)
## ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့်နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်သည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်။

၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်သည့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်။

*စာမျက်နှာ ၂၀ သို့*

*စာမျက်နှာ ၁၉ မှ*

**အခန်း (၅)**

**ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ**

၁၁။ အမျိုးသားကော်မတီသည် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့များကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်းဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဒေသရှိ ဦးစီးဌာနမှ တာဝန်ခံအရာရှိကို ယင်းဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်။

၁၂။ ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များသည် မိမိ၏ဆောင်ရွက်ချက်များကို သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတိုင်း အမျိုးသားကော်မတီသို့ အစီရင်ခံစာ တင်သွင်းရမည်။

**အခန်း (၆)**

**လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များ**

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသူသည် -

(က) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ကုန်စည်ပျက်စီးမှု၊ ပျောက်ဆုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုအတွက် လုံလောက်စွာ ပေးလျော်နိုင်စွမ်းရှိသူ ဖြစ်ရမည်။

( ခ ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသူဖြစ်ရမည်။

( ဂ ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်မှုအတွက် နာမည်ပျက် စာရင်းထည့်သွင်း ခံထားရသူ မဖြစ်စေရ။

(ဃ) ထောင်ဒဏ်ကျခံနေရသူ မဖြစ်စေရ။

( င ) သက်ဆိုင်ရာ တရားရုံးက လူမွဲအဖြစ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ မဖြစ်စေရ။

**အခန်း (၇)**

**ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း**

၁၄။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ လုပ်ငန်းအခြေအနေ၊ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အခြေအနေနှင့်လိုအပ်ပါက သင့်လျော်သော ခရိုင်နှင့်မြို့နယ် ဦးစီးဌာနတို့ကို လုပ်ငန်းလိုင်စင် ထုတ်ပေးပိုင်ခွင့်နှင့် စီမံခန့်ခွဲရေးအရ အရေးယူပိုင်ခွင့်တို့ကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူသည် ပုဒ်မ ၁၃ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် လုပ်ငန်းလိုင်စင်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသို့ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသို့ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှတစ်ဆင့် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏လမ်းညွှန်ချက်နှင့်အညီ -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည် ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့် သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်အလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၇။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည် ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့် သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်အလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၈။ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် ၎င်း၏ ဆန္ဒအရ လုပ်ငန်းလိုင်စင် သက်တမ်းကို တစ်နှစ်မှ သုံးနှစ်အထိ လျှောက်ထားနိုင်သည်။

၁၉။ လုပ်ငန်းလိုင်စင် ရရှိသူသည် -

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

( ခ ) သယ်ယူပို့ဆောင်မည့်ခရီးသည်အတွက် သူတစ်ပါးထိခိုက်မှုအာမခံကို လည်းကောင်း၊ ကုန်စည်အတွက် ကုန်းလမ်းကုန်ပစ္စည်း အာမခံကိုလည်းကောင်း တည်ဆဲဥပဒေနှင့်အညီ ထားရှိပြီးဖြစ်ရမည်။

( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကိုသော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရ အသုံးပြုသည့် မော်တော်ယာဉ်ကို သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သောကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကို သော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရအသုံးပြုသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်။

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ထားသည့် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနသို့လည်းကောင်း၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူ ပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေဦးစီးဌာန၏လမ်းညွှန်ချက်နှင့်အညီ -

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသူသို့ ပြန်လည် အကြောင်းကြားရမည်။

၂၂။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင် သက်တမ်း တိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့် ပေးရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်ထားသူသို့ ပြန်လည် အကြောင်းကြားရမည်။

၂၃။ ဦးစီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ် ဦးစီးဌာနကဖြစ်စေ မိမိ၏သဘောဆန္ဒအရ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရ -

(က) အရေးတကြီး သို့မဟုတ် အထူးလိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်ရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီမံထားရှိရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်ရန် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ထက်မပိုသော ကာလအတွက် အများဆုံး သုံးကြိမ်အထိ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။ ထိုသို့ ထုတ်ပေးခြင်းသည် လုပ်ငန်းလိုင်စင် ထုတ်ပေးရန် အကြောင်းဖြစ်သည်ဟု မမှတ်ယူရ၊

( ခ ) လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် နည်းလမ်းတကျ တင်သွင်းသည့် လျှောက်လွှာကို စိစစ်ရာ၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ရပ်တွင် ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ရန် ရက်ပေါင်း ၃၀ ထက်မပိုသော ကာလအတွက် တစ်ကြိမ်သာ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။

၂၄။ အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်လာပါက လုပ်ငန်းလိုင်စင် ရပ်စဲစေရမည်-

(က) လုပ်ငန်းလိုင်စင်ရရှိထားသူက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုမှု မရှိတော့ကြောင်း လျှောက်ထားခြင်း၊

( ခ ) လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးခြင်း။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနနှင့် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်နှင့် မြို့နယ်ဦးစီးဌာနတို့သည် လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အစီရင်ခံရမည်။

**အခန်း (၈)**

**နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း**

၂၆။ ပြည်တွင်းမှ နယ်စပ်ဖြတ်ကျော်၍ အခြားစာချုပ်ဝင် နိုင်ငံတစ်ခုခုသို့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူသည် -

(က) ပုဒ်မ ၁၃ ပါ လိုအပ်ချက်များနှင့် ကိုက်ညီသူ ဖြစ်ရမည်။

( ခ ) နိုင်ငံခြားသားနှင့်ဖက်စပ်လုပ်ငန်းလုပ်ကိုင်လျှင် မြန်မာနိုင်ငံသားသည် မတည်ငွေရင်း၏ ထက်ဝက်ကျော်ကို ပိုင်ဆိုင်ရမည့်အပြင် စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံခြားသားထက် ပိုမို၍ စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်။

( ဂ ) နိုင်ငံတော်၏ နယ်စပ်ကို ဖြတ်ကျော်၍ ခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်သည့် အတွေ့အကြုံရှိသူနှင့် လုပ်ငန်းကျွမ်းကျင်သူ ဖြစ်ရမည်။

(ဃ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် ပြည်တွင်းနှင့် အခြားစာချုပ်ဝင်နိုင်ငံ၏ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာရမည်။

၂၇။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၂၆ ပါသတ်မှတ်ချက်များနှင့် ညီညွတ်ပြီး နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၈။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၂၇ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

၂၉။ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူသည် ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာယီဝင်ရောက်ရန်ရှိလျှင်သော် လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ရန်ရှိလျှင်သော် လည်းကောင်း အောက်ပါကိစ္စများမှအပ ခွင့်ပြုချက်ရရှိရန် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) ကိုယ်ပိုင်ကိစ္စအတွက် သယ်ယူပို့ဆောင်ခြင်းဖြစ်ကြောင်း မိခင်စာချုပ်ဝင်နိုင်ငံက သက်သေခံလက်မှတ်ထုတ်ပေးထားခြင်း၊

( ခ ) စီးပွားရေးကိစ္စအတွက် ပြေးဆွဲခြင်း မဟုတ်သည့် မော်တော်ယာဉ်၊

( ဂ ) အသုဘ ပို့ဆောင်ခြင်း၊

(ဃ) လူနာတင်မော်တော်ယာဉ်၊ မီးသတ်ယာဉ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများမှ လည်းကောင်း အရေးပေါ်အကူအညီပေးခြင်းလုပ်ငန်းများ။

၃၀။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီသည် -

(က) ပုဒ်မ ၂၉ အရ လျှောက်ထားချက်ကို ဆောလျင်စွာ စိစစ်၍ မိမိနိုင်ငံအတွင်းရှိ နယ်စပ် စစ်ဆေးရေးစခန်းတွင် စစ်ဆေးခြင်းများ ပြုလုပ်ပြီး စာချုပ်ဝင်နိုင်ငံတစ်ခုအတွက် ခွင့်ပြုချက်ထုတ်ပေးနိုင်သည့် ခရီးသည်နှင့် ကုန်စည်သယ်ယူ ပို့ဆောင်သော ခွဲတမ်းခေါက်ရေ (Quota) မကျော်လွန်ပါက သတ်မှတ်ထားသည့်ပုံစံဖြင့် တစ်နှစ်ထက်မပိုသော ကာလအထိ စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ စစ်ဆေးနိုင်ရန် မိမိနိုင်ငံအတွင်း၌ နယ်စပ်စစ်ဆေးရေးစခန်း ဖွင့်လှစ်ထားရှိရမည်။ ထိုသို့ ဖွင့်လှစ်ထားသည့် နယ်စပ်စစ်ဆေးရေးစခန်းတွင် စစ်ဆေးရေးအဖွဲ့ တာဝန်ကျသူများက နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသည့် လူများ၊ ကုန်စည်များနှင့်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်ကို တစ်ပြိုင်နက်တည်း၊ တစ်ချိန်တည်း စစ်ဆေးစေရမည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ စစ်ဆေးရာတွင် နယ်နိမိတ်ချင်း ဆက်စပ်နေသော စာချုပ်ဝင်နိုင်ငံနှစ်နိုင်ငံ စစ်ဆေးရေးအဖွဲ့များက ပူးတွဲ၍ စစ်ဆေးစေရမည်။ ထိုသို့ စစ်ဆေးရာတွင် မိမိနိုင်ငံ၏ စစ်ဆေးရေးအဖွဲ့ဝင်များကို အခြားစာချုပ်ဝင်နိုင်ငံသို့ ထွက်ခွာခွင့်နှင့် အခြားစာချုပ်ဝင်နိုင်ငံ၏ စစ်ဆေးရေးအဖွဲ့ဝင်များကို ပြည်တွင်းသို့ ဝင်ခွင့်ပြုနိုင်သည်။

(ဃ) ခွင့်ပြုချက်ထုတ်ပေးနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ဝင်များဖြင့် စစ်ဆေးရာတွင် လွယ်ကူချောမွေ့အဆင်ပြေရေးနှင့် မလိုအပ်သော နှောင့်နှေးကြန့်ကြာမှုများ၊ အဟန့်အတားများ မရှိစေရေးတို့အတွက် ကြီးကြပ်ကွပ်ကဲရမည်။

*(ဆက်လက်ဖော်ပြပါမည်။)*

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရန်ကုန်မြို့ရှိ ဗဟိုကာကွယ်ဆေးအအေးခန်းမှ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကာကွယ်ဆေးအအေးခန်းများသို့ ကာကွယ်ဆေးများကို လစဉ်ဖြန့်ဖြူးပို့ဆောင်ရန်အတွက် မော်တော်ယာဉ်ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၈-၁-၂၀၁၆ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၂-၂၀၁၆ ရက် မွန်းလွဲ ၂း၀၀ နာရီ

**ဆက်သွယ်ရန်ဖုန်း**- ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

**ဖမ်းဆီးရမိသော သစ်စက်အင်ဂျင်နှင့် အခြားဆက်စပ်ပစ္စည်းများ ရောင်းချရန်**

## လေလံကြော်ငြာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ကြီး)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်ရှိ ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် သစ်စက်အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများအား သစ်တောဦးစီးဌာန၊ လင်းခေးခရိုင်၌ ၂၅-၁-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီတွင် လေလံတင်ရောင်းချမည့်ပစ္စည်းများကို လပ်ပုံ(၄)ပုံအတိုင်း သစ်စက်အင်ဂျင်နှင့် အခြားဆက်စပ်ပစ္စည်းများအား လက်ရှိမျက်မြင်အတိုင်း လေလံတင် ရောင်းချမည်ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ကြီး) အတွင်းသာ သယ်ယူရန်နှင့် ပြည်နယ်ကျော်သယ်ယူခွင့်မပြုကြောင်း စည်းကမ်းသတ်မှတ်ချက်ထား၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို လင်းခေးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် မိုးနဲမြို့နယ်၊ မြို့နယ်ဦးစီးဌာနမှူးရုံးတို့တွင် ၂၀-၁-၂၀၁၆ ရက်မှ ၂၃-၁-၂၀၁၆ရက်ထိ လျှောက်လွှာတစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။ လျှောက်လွှာပုံစံကို ၂၄-၁-၂၀၁၆ ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက လင်းခေးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၁-၈၇၀၈၉ နှင့် မိုးနဲမြို့နယ်၊ မြို့နယ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၈၁-၂၈၂၀၀၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

---

**ကွန်ပျူတာတက္ကသိုလ်(မုံရွာ)**
**အဌမအကြိမ်ဘွဲ့နှင်းသဘင်**

## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မုံရွာ) မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် B.C.Sc(Hons:)/B.C.Tech(Hons:)ဘွဲ့သင်တန်းနှင့် ၂၀၁၄-၂၀၁၅ပညာသင်နှစ် B.C.Sc/B.C.Tech ဘွဲ့သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများအတွက် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ၏ အဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ဖေယျာသီရိခန်းမ၌ ၆-၂-၂၀၁၆ ရက် (စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၇-၂-၂၀၁၆ ရက်(တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တွင် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် သုံးလအတွင်းရိုက်ကူးထားသော ၂လက်မ×၁လက်မခွဲအရွယ် ဓာတ်ပုံသုံးပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များက ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွက် ဘွဲ့လွန်ဘွဲ့ယူရန် လျှောက်ထားသူများသည် မူလဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal money order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင်"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟုဖော်ပြပြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ)သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ နေရပ်လိပ်စာ အပြည့်အစုံကိုတိကျစွာဖော်ပြရမည်။(ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ကျောင်းသားရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၈၆၃၀၀၈၄၇၈ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဒေါက်တာနုနုတင်**
**မော်ကွန်းထိန်း**
**ကွန်ပျူတာတက္ကသိုလ်(မုံရွာ)**

---

### ထားဝယ်သဇင်ပန်းလှလှ

သဇင်ပန်း/ဥ/တိုင်(ပွင့်နေသော၊ အသစ်စိုက်ပြီး/ တိုင်လွတ်) (၅၃၅)၊ သုမင်္ဂလာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ။

**ဖုန်း-၀၁-၅၆၀၅၆၇၊ ၀၉-၂၅၂၆၉၀၄၀၀**

---

### ပျောက်ဆုံးကြောင်း

ကျွန်မ မိချိုသဲ ၁၀/ကမရ(နိုင်)၀၇၃၂၈၁ ၏ Passport (No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးမင်း (၁၂/မရက(နိုင်) ၁၀၇၇၀၉) ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၅၁၁၂၉၀၀

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7364 Dagon Kyaw LT PU ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်သိန်း ၈/ခမန(နိုင်) ၁၂၁၀၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၇)အကြီးစား စက်ရုံ(မလွန်)မှ အရောင်းထိုင်းပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါအမှတ် |
|---|---|---|
| (က) | Lot(1) Tractor Group | HI-17/002 |
| (ခ) | Lot(2) Rice Thresher Group | HI-17/003 |
| (ဂ) | Lot(3) Trailer Group | HI-17/004 |
| (ဃ) | Lot(4) Other Product Group | HI-17/005 |

၂။ အထက်ဖော်ပြပါ ပစ္စည်းများအား Lot No.အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁၁-၁-၂၀၁၆ရက်မှ ၁၉-၁-၂၀၁၆ရက် မွန်းတည့် ၁၂း၀၀နာရီ

၄။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** - အမှတ် ၁၇ အကြီးစားစက်ရုံ(မလွန်) စီမံကိန်းဌာန

၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန်** - ၁၉-၁-၂၀၁၆ရက် ၁၂း၀၀နာရီ

၆။ **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်) စီမံကိန်းဌာန

၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၉-၁-၂၀၁၆ရက် ၁၃း၀၀နာရီ

၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၆၂၂၁၂၈၃၊ ၀၉-၂၅၆၂၂၁၂၉၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)**
**ဖုန်း-၀၉-၂၅၆၂၂၁၂၈၃၊ ၀၉-၂၅၆၂၂၁၂၉၁**
**စက်မှုဝန်ကြီးဌာန**

---

**စက်မှုဝန်ကြီးဌာန**
**အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း**
**အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)မှ Unserviceable စက်နှင့်စက်ကိရိယာပစ္စည်း၊ Local Manufacturing Parts ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါအမှတ် |
|---|---|---|
| (က) | Lot (1) Unserviceable စက်နှင့်စက်ကိရိယာပစ္စည်းများ | HI-12/046 |
| (ခ) | Lot (2) Local Manufacuring Parts Group(1) | HI-12/047 |
| (ဂ) | Lot (3) Local Manufacuring Parts Group(2) | HI-12/048 |
| (ဃ) | Lot (4) Local Manufacuring Parts Group(3) | HI-12/049 |
| (င) | Lot (5) Local Manufacuring Parts Group(4) | HI-12/050 |

၂။ အထက်ဖော်ပြပါ ပစ္စည်းများအား Lot No. အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံ ထုတ်ယူရမည့်ရက်** -၁၁-၁-၂၀၁၆ရက်မှ ၂၁-၁-၂၀၁၆ရက် ၁၂း၀၀နာရီ

၄။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** -အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန

၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန်** -၂၁-၁-၂၀၁၆ရက်၊ ၁၂း၀၀နာရီ

၆။ **တင်ဒါတင်သွင်းရမည့်နေရာ** -အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို) စီမံကိန်းဌာန

၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** -၂၁-၁-၂၀၁၆ရက်၊ ၁၃း၀၀နာရီ

၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)**
**ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇**
**စက်မှုဝန်ကြီးဌာန**

---

**အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာကြီးတွင်**
**အချိန်ပြည့်တာဝန်ထမ်းဆောင်ရန်အတွက် ဆရာဝန်နှင့် သူနာပြုများ**

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း (၂)၊ ဘောဂဝတီရပ်ကွက်ရှိ အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာကြီးတွင် သက်ကြီး၊ အဘိုး အဘွားများကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်အတွက် အထွေထွေရောဂါကုဆရာဝန်များနှင့် သူနာပြုများခန့်ထားရန် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်။

(၁) အမျိုးသား ဆရာဝန် (၁)ဦး
(၂) အမျိုးသမီးဆရာဝန် (၂)ဦး
(၃) အမျိုးသမီးသူနာပြု (၂)ဦး

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံ အသေးစိတ်နှင့်အတူ ဆရာဝန်လျှောက်လွှာတွင်

(၁) ဘွဲ့လက်မှတ်မိတ္တူ
(၂) ဆ/မလက်မှတ်မိတ္တူတင်ပြရပါမည်။
(၃) သူနာပြုလျှောက်လွှာနှင့်အတူ B.N.Sc(Nurse)/Dip(Nurse) လက်မှတ်မိတ္တူ
(၄) လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရပါမည်။
(၅) ပရဟိတစိတ်အခြေခံနှင့် စိတ်ဝင်စားသူ၊ ပရဟိတလုပ်ငန်းများတွင် ပါဝင်ခဲ့ဖူးသူများကို ဦးစားပေးပါမည်။
(၆) မျှော်မှန်းလစာကို လျှောက်လွှာတွင် ရေးသားဖော်ပြရန်
(၇) ခန့်ထားမည့်ဆရာဝန်များကိုရိပ်သာကြီးမှ (၂၀×၄၀)ပေ တိုက်ခန်းနှင့် အသုံးပြုရန် အိမ်စီးကားနှင့် စားစရိတ်ငြိမ်းစီစဉ်ပေးပါမည်။
(၈) အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ပေးနိုင်ရန်ဟူသော အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာကြီး၏ ရည်ရွယ်ချက်ကိုအကောင်းဆုံး ထောက်ပံ့ပေးနိုင်မည့်သူဖြစ်ရပါမည်။
(၉) လျှောက်လွှာများကို အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာကြီး၏ ရုံးအဖွဲ့တွင် ဖေဖော်ဝါရီ ၁၅ ရက် နောက်ဆုံးထားပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

**စုံစမ်းရန်လိပ်စာ**

**အမှတ် ၀၀၇/၀၀၈၊ ပဒုမ္မာလမ်း၊ ပေါင်းလောင်း(၂)၊ ဘောဂဝတီရပ်ကွက်၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၆၇-၂၇၀၉၀၊ Fax: ၀၆၇-၂၇၀၈၀၊**
**Email:ayenyeinchanthar.pma@gmail.com**

---

## CLAIMS DAY NOTICE
## M.V NOCC PAMPLONA VOY:NO(4)

Consignees of cargo carried by M.V NOCC PAMPLONA VOY:NO(4) are here by notified that the vessel will arrive on about 11-1-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

### ပတ်စ်ပို့ပျောက်

ကျွန်မ မနန်းဘောက် ၁/ဝမန (နိုင်) ၀၀၃၆၅၉ ၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၁၀၁၆၆၀**

---

### အမည်ဖြည့်စွက်

မြစ်ကြီးနားမြို့၊ နည်းပညာတက္ကသိုလ်မှ ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် (B.Tech) ဖြင့်အောင်မြင်ပြီးသူ မောင်အောင်ထွန်း ၁/မကန(ပြု)၀၀၀၃၅၁ အား မောင်အောင်ထွန်း(ခ)မောင်နေနေထွန်းဟု ဖြည့်စွက်ခေါ်ပါရန်။

---

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အထည်ထုတ်ကုန်ပစ္စည်းများကိုဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည် ဖြစ်ပါသည်-

၂။ **ရောင်းချမည့်ပစ္စည်းများ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုးပန်းရိုက်ပိတ်များ၊ ကျား-မဝတ်ချုပ်ထည်များ၊ သင်္ဖန်းဒွိစုံအမျိုးမျိုး၊ အသင့်ချုပ်ပြီး နိုင်ငံတော်အလံအရွယ်အစား အမျိုးမျိုးနှင့် အခြားချုပ်ထည်များ

၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၁၄-၁-၂၀၁၆ရက် (ကြာသပတေးနေ့)

၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၁၀နာရီ

၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆၊ ၀၁-၆၆၀၄၁၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၁-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၄-၁-၂၀၁၆ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)

၁။ စမ်းချောင်း၊ ကျွန်းတောလမ်းမကြီး၊ ပေ(၁၂ ၁/၂×၅၀)၊ မြေညီ(ထပ်ခိုး)ပါ၊ MBR(1)၊ BR(1), A/C(2),ရေပူရေအေး၊ ကြွေပြားပြည့်၊ ပြင်ဆင်ပြီး။ သိန်း(၉၉၀)

၂။ စမ်းချောင်း၊ မြေနီကုန်း၊ ပေ(၂၅×၅၀)၊ ဒုထပ်၊ ကျွန်းပါကေး၊ MBR(1),BR(1)၊ ကြိုးဖုန်း၊ ဓာတ်လှေကားပါ၊ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းသစ်။ သိန်း(၁၄၇၀)

**ဖုန်း-၀၉-၄၂၀၁၂၈၈၇၅၊ ၀၉-၄၄၉၀၀၂၈၆၅**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ဃ/၅၉၀၅၃ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ Khine Myae Thitsar က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

---

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်နေ ကျွန်တော် ဦးမျိုးမြင့်စိုး ၅/မမန(နိုင်) ၀၅၆၀၈၅ ၏ဇနီး ဒေါ်စန်းစန်းဝေ ၅/မမန(နိုင်) ၀၂၉၁၀၄ သည် နေအိမ်မှ အကြိမ်ကြိမ်သူ့သဘောဖြင့်သူထွက်သွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင်မိသားစုနှင့် ကျန်ရှိပစ္စည်းများသည် ၎င်းနှင့်လုံးဝမသက်ဆိုင်တော့ပါ။

**ဦးမျိုးမြင့်စိုး**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ အာဇာနည်လမ်း၊ မင်္ဂလာတောင်တော်ဦးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက **ဆရာတော်ဘဒ္ဒန္တသုဇန** အား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် သာသနာတော်ဆိုင်ရာ **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်** ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်စွာဖြင့် ထပ်ဆင့်ဂုဏ်ပြုပူဇော်အပ်ပါသည်ဘုရား။

ကျေးဇူးတော်ရှင် မင်္ဂလာတောင်တော်ဦးကျောင်းတိုက်ဆရာတော်ကြီး ကျန်းမာချမ်းသာစွာဖြင့် သာသနာ့တာဝန်များကို လွယ်ကူစွာဆောင်ရွက်နိုင်ပါစေဘုရား။

**တပည့် - ဦးတိလောကသာရ (ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန်ကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့)**
**တပည့် -စန္ဒာသူရိယ [သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ (မော်ဘီ) ဗဟိုဌာနချုပ်]**
**ဦးစိန်စိုးလွင်-ဒေါ်ခင်စန်းရီ**
**ဦးအောင်မိုးဟိန်း (LOVE & RAIN Floral Service and Gift Shop)**
**မင်္ဂလာတောင်တော်ဦးကျောင်းတိုက် အကျိုးတော်ဆောင်အဖွဲ့နှင့်ဝေယျာဝစ္စအဖွဲ့**

# လိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် **ဦးမြင့်စိုးထွန်း** (မန်နေဂျင်းဒါရိုက်တာ) ရွှေဂေဟာကုမ္ပဏီအား **သုဓမ္မမဏိဇောတရဘွဲ့တံဆိပ်တော်**ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ရှေ့ဆက်၍သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး ဘာသာသာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးလှိုင်တင့်ဇော်- ဒေါ်ရှိန်ဝင့်ဝင့်နိုင်**
**ကျားဆီစက်(ဟသ်ာတ)**

# လိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် **ဦးမြင့်စိုးထွန်း** (မန်နေဂျင်းဒါရိုက်တာ) ရွှေဂေဟာကုမ္ပဏီ အား **သုဓမ္မမဏိဇောတရဘွဲ့တံဆိပ်တော်**ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် လိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ရှေ့ဆက်၍ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး ဘာသာသာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးတင်အောင်ဝင်း- ဒေါ်သီသီလှိုင်**
**AUNG AUTO**






**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၇၈/၅၀၃၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**က·ည·န၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၆၂၈၉၈ Honda C90 H Custom, MC ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်ကျော် ၉/မရမ (နိုင်) ၀၁၉၈၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**မိတ္ထီလာကောလိပ်၊ ဒီဂရီ၊ တက္ကသိုလ်(နေ့-အဝေးသင်)**
**ရက္ခဗေဒကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်မြောက်**
## အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ (ဖိတ်ကြားလွှာ)

ပူဇော်ပွဲ နေ့ရက် ၆-၂-၂၀၁၆ရက် (စနေနေ့) အချိန် နံနက် ၁၀:၀၀နာရီ၊ နေရာ မိတ္ထီလာတက္ကသိုလ်ဓမ္မာရုံ၊ မိတ်ဆုံစားပွဲနေ့ရက် ၆-၂-၂၀၁၆ရက်(စနေနေ့) အချိန် ညနေ ၅:၀၀နာရီ၊ နေရာ တော်ဝင်နန်းခန်းမ၊ ဆက်သွယ်လှူဒါန်းရန် ငွေစာရင်းအမှတ် ဖုန်း-၀၉-၂၁၂၂၀၀၀၄၃၇၈၊ မတင်တင်အေး ဖုန်း-၀၉-၇၉၂၉၄၁၀၇၀၊ မတင်တင်ဝင်း ဖုန်း-၀၉-၇၉၅၉၄၉၆၉၃(ကမ္ဘောဇဘဏ်(၂)မိတ္ထီလာ)
ဆက်သွယ်ရန် ဦးအောင်ကျော်ဦး ဖုန်း-၀၉-၇၈၇၈၉၀၄၄၈၊ ကိုအောင်ကိုလတ် ဖုန်း-၀၉-၇၉၉၁၁၀၇၁၁၊ ကိုထွန်းအောင် ဖုန်း-၀၉-၇၉၁၇၄၉၉၅၀၊ ကိုစောမင်းထွန်း ဖုန်း-၀၉-၇၉၇၇၆၈၁၁၆၊ ကိုအောင်သိုက်စိုး ဖုန်း-၀၉-၇၉၀၁၅၈၄၆၇

## နဝမအကြိမ် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေး သင်တန်းသားများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် အမျိုးသားအဆင့်မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းကို ၂၀၁၆ ခုနှစ် မတ် ၁ ရက်မှစတင်၍ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် အောက်ပါအချက်အလက်များနှင့် အကျုံးဝင်သူမသန်စွမ်းလူငယ်များ မည်သူမဆို ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**သင်တန်းလျှောက်ထားခြင်းဆိုင်ရာအချက်အလက်များ**

- အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- ဘဝတူ မသန်စွမ်းသူများအရေး တက်ကြွစွာ သယ်ပိုးဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ကူးစက်ရောဂါကင်းရှင်းသူဖြစ်ရမည်။ (ဥပမာ-တီဘီ)
- မိမိ၏နိစ္စဓူဝကိစ္စများကို ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- သင်တန်းကာလမှာ သုံးပတ်ကြာမြင့်မည်ဖြစ်ပါသည်။
- သင်တန်းမှ ပံ့ပိုးပေးမည့်အစီအစဉ်များ
- အသွားအပြန် ခရီးစရိတ်၊ စားသောက်စရိတ်၊ နေထိုင်စရိတ်နှင့် သင်တန်းစရိတ်များကို အဖွဲ့မှ အကုန်ကျခံပေးမည်။

**မှတ်ချက်။** ။ သင်တန်းလျှောက်လွှာများအား နှစ်ပတ်လည် လက်ခံပေးနေပါသည်။ နဝမအကြိမ် (၉ကြိမ်) မြောက်အတွက် လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်မှာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၄:၃၀နာရီဖြစ်ပါသည်။ (ထိုအချိန်နေ့ရက်ကျော်လွန်၍ ရောက်ရှိလာသော သင်တန်းလျှောက်လွှာများအား ယခုနဝမအကြိမ် သင်တန်းအတွက် လက်ခံမည် မဟုတ်ပါ။)

**သင်တန်းလျှောက်လွှာရယူရန်နှင့် အသေးစိတ်အချက်အလက်များစုံစမ်းရန်**
**အမှတ် ၁၇/၁၉၊ သာယာအေးလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရဲရန်အောင်မှတ်တိုင်အနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၁၃၃၃၃၇၅၊ ၀၉-၂၅၂၆၈၉၅၃၈၊ ၀၉-၄၅၀၀၄၈၀၈၅၊ ၀၉-၄၅၀၀၆၇၂၄၇**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇ခ/၆၄၂၂ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်သိန်း ၁၀/သဖရ(နိုင်) ၀၀၂၈၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိုးညှင်း)**

**ယူနိုက်တက်ပွီးရှင်းမျက်စိဆေးရုံကြီး** အား အမှတ်(၂၆၃-၂၆၅)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်လိုက်ပါပြီ။



ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အပတ်စဉ် တနင်္လာနေ့ နေ့လည် (၁း၀၀) နာရီမှ ညနေ (၇း၃၀) နာရီထိ မျက်စိအထူးကုဆရာဝန်ကြီးများကိုယ်တိုင် အခမဲ့ စမ်းသပ်ပေးပါမည်။

ငွေကြေးမတတ်နိုင်သူများအား အခမဲ့ ခွဲစိတ်ကုသပေးပါမည်။

နီးစပ်ရာဆိုင်ခွဲများတွင် ဖုန်းဖြင့်ဖြစ်စေ လူကိုယ်တိုင်ဖြစ်စေ စာရင်းပေးသွင်းနိုင်ပါပြီ။

မှတ်ချက်။ ။ရန်ကုန်ဆိုင်ခွဲများတွင်သာ ဆောင်ရွက်ပေးပါမည်။

ဆိုင်(၁) - အမှတ်(၂၆၃)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁-၃၈၉၉၃၉၊ ၀၁-၃၈၄၈၃၈၊ ၀၁-၂၅၂၇၁၈

ဆိုင်(၂) - အမှတ်(၂၆၂)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁-၂၄၀၇၈၅

ဆိုင်(၃) - အမှတ်(၆၆/၆၈)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ ရန်ကုန် -အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။ ရန်ကုန်မြို့။ ဖုန်း၀၁-၅၃၂၃၁၇၊ ၀၁-၂၃၀၄၂၉၄

ဆိုင်(၄) - အမှတ်(၃၈/E)၊ လေးထောင့်ကန်လမ်းမ၊ သဃ်န်းကျွန်းဈေးရှေ့ ဇဝန၊ ရန်ကုန်မြို့။ ဖုန်း၀၁-၅၆၅၉၂၂







## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးမြို့၊ ယုဇနရပ်ကွက်၊ အကွက်အမှတ်(၁၆-က/၄)၊ ဦးပိုင်(၁၆)၊ မြေဧရိယာ ၀ဒသမ ၁၄၆၈ဧကရှိ နေအိမ် မြေငှားဂရန်ကို ဦးအော်ခဲလအောင်-ဒေါ်ဘောမ်နမ်(ခ)ဒေါ်ဂလောဘောမ်နမ်နှစ်ဦးအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၃၈V (၁၉၉၆-၁၉၉၇)အရ ၈-၇-၂၀၁၁ရက်အထိ (၁၅)နှစ်မြေငှားဂရန် ထုတ်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါ မြေငှားဂရန်သည် ပျောက်ဆုံးသွားသဖြင့် မြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုရန် ဒေါ်ဘောမ်နမ်(ခ)ဒေါ်ဂလောဘောမ်နမ် ၁/မကန(နိုင်) ၀၂၂၆၄၇မှ တင်ပြတောင်းခံလျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန် မိတ္တူကူးယူခွင့် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမှုရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း၊သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟု တင်ပြသော မြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H-7162၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9026၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဒေါ်ဇင်မာထွန်းနှင့် အများသိစေရန်

ကျွန်တော်၏ဇနီး ဒေါ်ဇင်မာထွန်း ၁/မကန(နိုင်)၁၃၄၀၃၆သည် ၄-၁၂-၂၀၁၅ ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်တော်နှင့် မည်သို့မျှ မသက်ဆိုင်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မေးမြန်းစုံစမ်းခြင်းသည်းခံပါ။**

**ဦးအောင်မျိုးဝင်း ၉/ပဥလ(နိုင်)၀၂၈၅၃၉**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အိမ်အမှတ်(၃၂)၊ ပဥ္စင်းဖလမ်း၊ အုန်းတပင်ရပ်ကွက်၊ စစ်တွေမြို့နေ (ဘ)ဦးစံမောင်ထွန်း ၁၁/စတန(နိုင်)၀၂၅၄၉၁ (မိခင်)ဒေါ်မသာနု ၁၁/စတန(နိုင်) ၀၄၀၀၂၅ ၏သား တာချေ(ခေါ်)ငြိမ်းကျော်ကျော် အသက်(၂၂)နှစ်သည် မိဘများအား အရှက်ရအောင်ပြုလုပ်ပြီး မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝလုံးဝတာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးစံမောင်ထွန်း-ဒေါ်မသာနု**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် (ဒ-၃)၊ ဦးပိုင်အမှတ် ၁၀၀၊ ၁၀၁၊ ၃၇×၃၈လမ်းကြား၊ ၆၃×၆၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဆုံးကွမ်း၁၃/ကခန(နိုင်)၀၃၂၄၅၃၊ ဒေါ်ဆုံးချစ်(ခ) ဟေမာထွန်း ၁၃/ကမန(နိုင်) ၀၆၃၃၆၇တို့မှ အမှုတွဲအမှတ်(၂၆၀၉/၂၀၀၇-၂၀၀၈)ဖြင့် လျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ဂရန်မူရင်း ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံမိတ္တူကူးယူ ထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသော မိတ္တူမှန်သည်ပျက်ပြယ်သည်ဟူသော မင်္ဂလာမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေစာအုပ် ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ လူနေရပ်ကွက်အမှတ် (ဝါဆို)၊ မြေကွက်အမှတ် ၂၈၄၊ အကျယ်(၂၅ပေ×ပေ၅၀)၊ ဧရိယာစတုရန်းပေ ၁၂၅၀ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ဒေါပုံမြို့နယ်၊ မဏ္ဍိုင်လမ်း၊ အမှတ် ၄၈ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန် အမည်ပေါက်ပိုင်ရှင်ဦးမင်းအောင်ထံမှ မြေဂရန်အခွင့်အရေးနှင့်တကွ အဆောက်အအုံ အရောင်းအဝယ်စာချုပ်ဖြင့် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၃၅၈/၉၉(၁၇-၂-၁၉၉၉)အရ တရားဝင်ဝယ်ယူ၍ လက်ရောက်လွှဲပြောင်းရယူခဲ့ပြီး ပြန်လည်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုပြောဆိုသော ဦးအောင်မြင့် ၁၂/ကတတ(နိုင်)၀၁၃၂၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့အဝက်ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက တိကျခိုင်မာသော အထောက်အထားစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်နီသန်း B.Com, R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၇၆)**
**အမှတ် ၁၇၄(ပထမထပ်)၊ ၄၉လမ်း၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၃၀၅၀၀၈၂၊ ၀၉-၈၆၁၃၆၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄၄/အသံအနံ့စက်မှုဇုန်)၊ မြေကွက်အမှတ်(၃၄၃+၃၄၄)၊ စက်မှု(၄)လမ်း၊ မြေအကျယ်(ပေ၈၀× ပေ ၆၀) မြေပေါ်ရှိ အကျိုးခံစားခွင့်များကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍အဆိုပြုရောင်းချသူ ဦးခင်မောင်တိုး ၁၂/လသန (နိုင်)၀၁၄၁၅၈(ဦးကျော်ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြရည်နန္ဒာအောင်၁၂/ဗဟန (နိုင်)၀၉၇၀၉၄က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)**
LL.B, LL.M, D.B.L
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်** G-1၊ **ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးမြသီတာ ၁၀/မလမ(နိုင်)၁၈၈၈၈၈ ၏ Passport(No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၄၂၄၅၃၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၇ လမ်း၊ အမှတ် (၁၄၈) လေးလွှာနေ ဒေါ်တင်တင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၅၁လမ်း၊ အမှတ်(၈၈/၉၀)ဟု ခေါ်တွင်သည့် မြေစာရင်းဌာနအခေါ် မြေတိုင်းရပ်ကွက်(၁၀အိုင်၂)၊ မြေကွက် အမှတ် ၆၂၊ အကျယ်အဝန်း (၂၅ပေ×ပေ၆၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် သုံးထပ်တိုက် ပထမထပ် (ခေါင်းရင်း/တောင်ဘက်)အခန်းအား ကျွန်ုပ်တို့အမှုသည် ဒေါ်တင်တင်ထွေး (ကေတီဒီအေ-၀၀၁၂၄၉) ၁၂/ကတတ(နိုင်) ၀၀၆၄၇၈ မှ မူလပိုင်ရှင် ဦးစိန်လင်း ၁၂/ပဇတ(နိုင်) ၀၀၃၂၀၇ထံမှ (၁၈-၂-၂၀၀၀)ပြည့်နှစ်တွင် တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ထိုစဉ်ကပင် လက်ရောက်ရယူနေထိုင်ခဲ့ပါသည်။

၂။ အထက်ပါအဆောက်အအုံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ရုံးချုပ်)၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ (၁၈-၁၂-၂၀၀၅)ရက်တွင် အန္တရာယ်ရှိ အဆောက်အအုံ (DB) အဖြစ် သတ်မှတ်ပြီး (၁၈-၁၂-၂၀၀၅)ရက်ထုတ် ကြေးမုံသတင်းစာ၌ ကြေညာခဲ့ပါသည်။ သို့ပါ၍ ၄၇ လမ်း နေအိမ်သို့ ကျွန်ုပ်၏အမှုသည်မှ ခေတ္တပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။

၃။ အဆိုပါ (DB) အဆောက်အအုံကို တိုက်အသစ်ပြန်လည်ဆောက်လုပ်ရန် အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ မူလနေထိုင်သူများနှင့် ကန်ထရိုက်တာတို့အား အစည်းအဝေးဖိတ်ကြားခဲ့ပြီး တိုက်အသစ်ပြန်လည်ဆောက်လုပ်ရန်ကိစ္စ၊ အဆောက်အအုံဆောက်လုပ်ပြီးစီးပါက တိုက်ခန်းအသစ်များ ပြန်လည်ပေးအပ်ရန်ကိစ္စ ကန်ထရိုက်တာသို့ တိုက်ခန်းဖိုးကျသင့်ငွေ ပေးသွင်းရန်ကိစ္စတို့ကို ညှိနှိုင်းခဲ့ပြီး မူလနေထိုင်သူ ဒေါ်တင်တင်ထွေး၊ တိုက်ပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ သုံးဦးလက်မှတ်ရေးထိုးသည့် သဘောတူကတိစာချုပ်ကို ၂၂-၂-၂၀၁၃ ရက်တွင် အဆိုပါဌာန၌ ပြုလုပ်ခဲ့ပါသည်။ယင်းစာချုပ်၌ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဌာနခွဲမှူး (အင်ဂျင်နီယာ)နှင့် ဒုတိယဌာနမှူး(အင်ဂျင်နီယာ)တို့က သက်သေအဖြစ်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

၄။ ယခုအခါ ကန်ထရိုက်တာသို့ပေးသွင်းရမည့် အဆောက်အအုံဆောက်လုပ်ခများကိုလည်း ကျွန်ုပ်တို့၏အမှုသည် ဒေါ်တင်တင်ထွေးမှ အပြေအကျေပေးသွင်းပြီးဖြစ်ပါသည်။ အဆောက်အအုံအသစ်မှာလည်း ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆောက်အအုံဆောက်လုပ်ပြီးစီးသည့်အခါ မူလနေထိုင်သူ ဒေါ်တင်တင်ထွေးက တိုက်အသစ်၏ ပထမထပ်တွင် ပြန်လည်ရယူခံစားရမည်ဖြစ်ပါကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

၅။ အထက်စာပိုဒ်(၁)ပါ ဒေါ်တင်တင်ထွေးပိုင် ယခင်တိုက်ခန်းအဟောင်းကိုသော်လည်းကောင်း၊ ယခုရရှိခံစားရမည့် တိုက်ခန်းအသစ်ကိုသော်လည်းကောင်း ဒေါ်တင်တင်ထွေးက မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကြိုတင်ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းများ လုံးဝမရှိပါကြောင်းနှင့် DB မှုအရ ပြန်လည်ရရှိခံစားရမည့် တိုက်ခန်းအသစ်သည် ကျွန်ုပ်တို့အမှုသည် ဒေါ်တင်တင်ထွေး တစ်ဦးတည်းသာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၆။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ မမှန်မကန် အထောက်အထားများတင်ပြ၍ ဆောင်ရွက်ခဲ့မှုများရှိခဲ့ပါက တရားဥပဒေနှင့်အညီဆောင်ရွက်ရန် ကျွန်ုပ်တို့အမှုသည်မှ ညွှန်ကြားထားပြီးဖြစ်ပါသဖြင့် မမှန်မကန်ဆောင်ရွက်သူ မည်သူ့ကိုမဆို ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မြင့်မြင့်အေး** | **ဒေါ်တင်တင်ဆွေ** | **ဒေါ်သဇင်နွယ်** |
| **B.A (Law),LL.B** | **LL.B, D.B.L, D.I.L** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၂၄၃/၉၀)** | **(စဉ်-၃၂၂၈၉)** | **(စဉ်-၃၁၈၅၁)** |

**အမှတ် (၁၇၈)၊ ပထမထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ၊ သတင်းအတတ်ပညာ၊ လုပ်ငန်းသုံးအင်္ဂလိပ်စာ)။

(၂) **သိပ္ပံဘွဲ့များ** (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ၊ ဇီဝဓာတုဗေဒ၊ ဇီဝနည်းပညာ၊ စာရင်းအင်း၊ ကုန်ထုတ်ဓာတုဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ မိုးလေဝသ၊ ဇလဗေဒ)။

(၃) **ဥပဒေဘွဲ့**

(၄) **နိုင်ငံခြားဘာသာဘွဲ့များ** ဝိဇ္ဇာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း)။

(၅) **အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာဘွဲ့များ** ဝိဇ္ဇာဘွဲ့(ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်)။

(၆) **စီးပွားရေးဆိုင်ရာဘွဲ့များ** ဝိဇ္ဇာဘွဲ့(ဘောဂဗေဒ၊ စာရင်းအင်းပညာ၊ ဝါဏိဇ္ဇ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု)။

(၇) **ကွန်ပျူတာဆိုင်ရာဘွဲ့များ** (ကွန်ပျူတာသိပ္ပံ၊ ကွန်ပျူတာနည်းပညာ)။

(၈) **စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့**

(င) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(စ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဆ) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ်ထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိလည်းကောင်း လျှောက်ထား နိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ် ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှလေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ် အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

မော်လမြိုင်တက္ကသိုလ်

ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးခြင်းနှင့် ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်းများအတွက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မော်လမြိုင်တက္ကသိုလ်၏(၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းနှင့် ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်း လုပ်ကိုင်လိုသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာ တင်သွင်းလိုသူများသည် တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၉-၁-၂၀၁၆ ရက် ၁၀ နာရီ နောက်ဆုံးထားလျက် တင်ဒါရွေးချယ်ရေးအဖွဲ့သို့ တင်သွင်းရမည်။

၃။ တင်ဒါတင်သွင်းသူသည် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ မိမိနယ်မြေအတွင်း နေထိုင်သူဖြစ်ကြောင်းနှင့် ဓာတ်ပုံလုပ်ငန်းနှင့်ဗီဒီယိုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း ထောက်ခံချက်ပါရှိရမည်။

၄။ အသေးစိတ်အချက်အလက်များကို တယ်လီဖုန်း-၀၅၇-၂၄၆၂၃၊ ၀၅၇-၂၄၆၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါကြီးကြပ်မှုကော်မတီ**
**မော်လမြိုင်တက္ကသိုလ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၉၇၉၇၃ Honda Click 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်းဦး ၉/အမရ(နိုင်)၁၀၁၀၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မိုးစန္ဒာလမ်း၊ အမှတ် ၄၉နေ ဦးမျိုးမင်းသူ ၁၂/အလန(နိုင်)၀၀၂၆၁၀သည် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀စီ/၅၁၊ မြေကွက်အမှတ် ၄၅၆ဒီ/၃/၁၆I³၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၆၂ဟုခေါ်တွင်သော One-62 Condo (A) ၏ ဒုတိယထပ်ရှိ အခန်းအမှတ် (A-6)ကို ၂-၁-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ ၌ အများသိစေရန် ခေါင်းစဉ်ဖြင့် ကြေညာသူ ဒေါ်ချိုချိုစိန် ၁၂/ရကန(နိုင်)၀၀၂၉၁၈ထံ ၃-၁၀-၂၀၁၄ ရက်တွင် ကွန်ဒိုတိုက်ခန်းအပျောက် အရောင်းအဝယ် သဘောတူကတိစာချုပ်ပြုလုပ်ပြီးရောင်းချခဲ့ခြင်းမရှိပါ။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ချိုချိုစိန်(သို့) ၎င်း၏လွှဲအပ်ခြင်းခံရသူအနေဖြင့် ရောင်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါကဥပဒေနှင့်အညီ တရားစွဲဆောင်ရွက်ပေးရန် ဦးမျိုးမင်းသူက ကျွန်ုပ်အားညွှန်ကြားထားကြောင်း အသိပေးကြေညာပါသည်။

**ဦးမြပဟန် B.A(Law), LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၀၁)**
**အမှတ် ၅၅၊ အခန်း ၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဦးစောမင်းလွင် ၇/ပတန (နိုင်) ၁၁၁၂၈၂ သိစေရန်

သင်သည် ကျွန်ုပ်တို့ Good Brothers' Co., Ltd ၏ Kubota ဌာန၌ (၁၇-၂-၂၀၁၄)ရက်နေ့မှစ၍ Junior Operator ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး Good Brothers' Co., Ltd မှ သင့်ဘဝတိုးတက်ရေး၊ အရည်အသွေးများမြင့်တက်လာစေရန်နှင့် ကုမ္ပဏီအကျိုးသယ်ပိုးနိုင်ရန် ရည်ရွယ်၍(၄-၅-၂၀၁၅)ရက်နေ့တွင် ထိုင်းနိုင်ငံ SKA သင်တန်းကျောင်းသို့ ကုမ္ပဏီစရိတ်ဖြင့် ပညာတော်သင် စေလွှတ်ခဲ့ပါသည်။

သင်မှလည်း ကုမ္ပဏီအကျိုးသယ်ပိုးနိုင်ရန်အတွက် (၄. ၅. ၂၀၁၅)ရက်နေ့မှ (၄. ၅. ၂၀၁၉)ရက်နေ့အထိ (၄)နှစ်ထိ ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိစာချုပ် ချုပ်ဆိုထားပါသည်။

ယခုအခါ (၁၉. ၁၁-၂၀၁၅)ရက်နေ့မှစ၍ ကုမ္ပဏီသို့ အကြောင်းမဲ့ လာရောက်ခြင်းမရှိတော့ဘဲ သင်တာဝန်ယူထမ်းဆောင်စဉ်က လုပ်ငန်းတာဝန်များ၊ စာရင်းဇယားများ၊ ဝန်ခံကတိစာချုပ်ပါအချက်များ ရှင်းလင်းခြင်းမရှိပါသောကြောင့် ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ရှင်းလင်းရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်သိန်းထွန်း (LL.B,C.B.L)
အထက်တန်းရှေ့နေ (စဉ်-၃၈၂၄၂)
အမှတ်-၂၂၊ သီရိမွန်လုံးချင်းအိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၈၂၁၄၇၊ ၆၈၂၁၅၇ လိုင်းခွဲ - ၈၁၇၊ ၈၃၃

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြော်ငြာခြင်း

ဦးကံညွှန့် ၁၂/ဥကတ(နိုင်)၁၂၅၆၉၀မှ ဦးအောင်ဇေယျာဇော် ၁၂/ဥကမ(နိုင်)၁၇၈၈၉၉ အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၈၄၁၀/၂၀၁၄ အား လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် မလိုအပ်ပါသဖြင့် ၆-၁-၂၀၁၆ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း။

**ဦးကံညွှန့်**
**၁၂/ဥကတ(နိုင်)၁၂၅၆၉၀**
**ဖုန်း-၀၉-၇၉၉၅၈၅၉၅၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ စိန်မေတ္တာလမ်း၊ အမှတ်(၂၆)၊ မြေအကျယ် (ပေ ၂၀× ပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ထွေးတင် ၁၂/ကတတ(နိုင်)၀၁၂၃၆၁ ထံမှ ကျွန်မ ဒေါ်ချိုချိုသန်း ၁၂/ဗဟန(နိုင်)၀၃၃၂၁၀ နှင့် ဒေါ်ဘောဘီသန်း ၁၂/ဗဟန (နိုင်)၀၃၂၅၃၄ တို့က ရောင်းဖိုးငွေအပြီးပေးချေပြီး လက်ရောက်လွှဲပြောင်းဝယ်ယူ ပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုသန်း ၁၂/ဗဟန(နိုင်)၀၃၃၂၁၀၊**
**ဒေါ်ဘောဘီသန်း ၁၂/ဗဟန(နိုင်)၀၃၂၅၃၄**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်လှလှ (သထုံ)**

**အသက်(၈၇)နှစ်**

ဒေါက်တာသန်းထွဋ်ဦး (ဒု-ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ပညာရေးသုတေသန) နှင့် ဒေါက်တာခင်မျိုးနောင်(ပါမောက္ခ၊ ဌာနမှူး၊ ဓာတုဗေဒဌာန၊ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်လှလှ(သထုံ)သည် ၄-၁-၂၀၁၆ ရက်(တနင်္လာနေ့) နံနက် ၅း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ(ဌာနမှူး)နှင့်ဆရာ၊ဆရာမများ**
**ဓာတုဗေဒဌာန**
**ဟသ္သာတတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲရပါကြောင်း

**ဦးမော်ကြည် B.Ag**

**အသက်(၇၄)နှစ်**

သူငယ်ချင်း ဦးမော်ကြည် (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ငြိမ်း)သည် ၅-၁-၂၀၁၆ရက်တွင် မြင်းခြံမြို့၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းခြင်းဖြစ်ရပါကြောင်း။

**၁၉၇၀ ဘွဲ့ရ B.Ag သူငယ်ချင်းများ**

## ဒေါ်ထိပ်တင်စိန်

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့နေ (ဦးမြပဟန်-ဒေါ်အေးအေးကြီး)(ရန်ကုန်ရပ်ရှင်)တို့၏သမီး၊ (ဦးသန်းတင်၊ အငြိမ်းစားအဖွဲ့မှူး၊ ပညာရေးဝန်ကြီးဌာန-ဒေါ်သန်းတင်)တို့၏ သမီးချွေးမ၊ ဦးတင်မျိုးဇင်၏ ချစ်လှစွာသောဇနီး၊ မခိုင်သဇင်ဦး၊ ကိုသီဟမျိုးဇင်၊ မအောင်ကြင်းမျိုးဇင်၊ ကိုစည်သူမျိုးဇင်တို့၏ ချစ်လှစွာသောမိခင်၊ မဖူးပွင့်နေခြည်အောင်၏အဘွား၊ ဦးထိပ်တင်ဝင်း(ခေတ္တ-USA)၊ ဒေါ်ထိပ်တင်မြ(ခေတ္တ-USA)၊ (ဒေါ်ထိပ်တင်အေး)၊ ဒေါ်ထိပ်တင်ထွေး၊ (ဦးထိပ်တင်ငွေ)၊ ဒေါ်ထိပ်တင်လှ(ခေတ္တ-USA)တို့၏ညီမသည် ၈-၁-၂၀၁၆ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် လှိုင်သာယာမြို့နယ်၊ FMI CITY ဂန္ဓမာ၂လမ်း၊ အမှတ်(၇၆/ဘီ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**မငြိမ့်သဥ္ဇာအောင်(ခ)ကျူ့ကျူ့ M.A(English)**

**(E-39), Basic Diplomatic Skills - 34 Batch**

**အသက်(၂၅)နှစ်**

BDS - 34 ညနေပိုင်း သင်တန်းသူ မငြိမ့်သဥ္ဇာအောင်(E-39)သည် ၄-၁-၂၀၁၆ရက် (လွတ်လပ်ရေးနေ့) (တနင်္လာနေ့) နံနက် ၃း၃၀နာရီတွင် (ခုတင်-၅၀၀)ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ငြိမ့် ကောင်းမွန်ရာသုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။ **Basic Diplomatic Skills - 34 Batch မှ**

**နံနက်ပိုင်း၊ ညနေပိုင်းသင်တန်းဆင်း ညီအစ်ကိုမောင်နှမများ**

အိမ်၊ ခြံ၊ မြေ
ရောင်း၊ ဝယ်၊ ငှား
* သီလဝါ
* ကျောက်တန်း
* သန်လျင်
PH; 09-420185599
09-420185577

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ FGI (မေတ္တာညွှန့်)၊ မြေကွက်အမှတ် (၁၃၁၂)၊ ဧရိယာ ၀ ဒသမ ၀၃၄ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးငွေဝင်း၊ ဒေါ်လှဲလှဲထွန်းဖြစ်ပါသည်။အဆိုပါ မြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ်(၈၀၉၇/၂၀၁၅)တင်ပြ၍ ဦးမျိုးလှ ၁၂/တမန(နိုင်)၀၀၀၅၃၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀-EZ²)၊ မြေကွက်အမှတ် (V Class ၄၄)၊ မြေကွက်တည်နေရာ အမှတ်(၁၄၀)၊ ၁၅လမ်း၊ လမ်းမတော်မြို့နယ် အော်စိန်ဝှက်(ခ) မောင်တင်စိန်အမည်ပေါက် နှစ်(၆၀)ဂရန် (သက်ကုန်) မြေအား ဦးကျော်မြင့်မှ ဦးအော်စိန်ဝှက်(ခ) ဒေါက်တာစိန်ဝှက် (ခ) ဦးတင်ရှိန် အပေါ် ကတိပဋိညာဉ်အရ တရားဝင်မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးစေလိုမှုစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင် တရားမအယူခံမှုအမှတ် ၇၄/၂၀၁၅၏ ၂၈-၅-၂၀၁၅ရက်စွဲပါ စီရင်ချက် ဒီကရီအရ လမ်းမတော်မြို့နယ် တရားရုံး၏ ၂၀-၁၀-၂၀၁၅ ရက်စွဲပါစာအမှတ် ၆၇၉/၁၃-၁/လမတ/၂၀၁၅ဖြင့် ဘိလစ်ခန့်အပ်ခြင်းခံရသူ ဒေါ်မြင့်မြင့်လွင် (ဘိလစ်) ၁၂/ကတတ(နိုင်)၀၁၁၅၀၈မှ ဖော်ပြပါတရားရုံးအထောက်အထားများနှင့် ယင်းမြေ၏ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

**Royal Thazin**

ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးမှ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြုပြီး ပါတိတ်အမျိုးမျိုး၊ အသင့်ချုပ်ပြီး အဝတ်အထည်များဖြစ်သော အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ် Cotton လီနင်၊ ရှန်ပွင့်၊ ချည်ကွက်၊ ရုပ်အင်္ကျီအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို လည်းကောင်း၊

**PAPA**

အထက်ပါအမည်အမှတ်အသားကိုအသုံးပြုပြီး ဆန်ပြုတ်အမျိုးမျိုး၊မုန့်အမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ယနေ့မှ ၁၀ ရက်အတွင်း အထောက်အထား မူရင်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC), HGP,R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၉၇၅၀၁၇၀၄၄**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တကောသလ္လ (မြိတ်)**

**(မဟာဂန္ထဝါစကပဏ္ဍိတ)**

**ပဓာနနာယကဆရာတော်**

**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ်ကြီး၌ သီတင်းသုံးတော်မူသော ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလ္လ (မြိတ်) (မဟာဂန္ထဝါစကပဏ္ဍိတ)သည် (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ရက်) ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် အထက်ပါကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။)

**ဈာပနကော်မတီ**

## ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး မိုးကုတ်ယောဂီ**

**ဒေါ်ခင်ခင်အေး (မော်လမြိုင်)**

**အသက်(၉၃)နှစ်**

၂၈-၁၂-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်အေး အသက်(၉၃)နှစ် စတင်မကျန်းမာသည့် အချိန်မှစ၍ ပြုစုစောင့်ရှောက်ပေးခဲ့ကြသော အာရှတော်ဝင်ဆေးရုံကြီးမှ သမားတော်ကြီး ပါမောက္ခဒေါက်တာသီဝတင်၊ ခုတင် ၅၀၀ အထူးကုဆေးရုံကြီး အဆုတ်နှင့်ရင်ခေါင်းဆေးပညာဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာအေးဝင်းဆက်၊ ဒေါက်တာတိုးစန္ဒာ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဒု-ဆေးရုံအုပ်ကြီး၊ အခန်း ၁၇၊ ၁၈မှ သမားတော်ကြီး ပါမောက္ခဒေါက်တာခင်စောသန်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာသင်းသင်းနွဲ့၊ အခန်း ၁၁၊ ၁၂ မှ သမားတော်ကြီး ပါမောက္ခဒေါက်တာဇော်သန်းထွန်း၊ အထူးကြပ်မတ်ကုသဆောင်မှ ပါမောက္ခဒေါက်တာကြည်ကြည်စန်း၊ ရောဂါဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်မြတ်မွန်နှင့်တကွ အရေးပေါ်ဌာနအပါအဝင် သက်ဆိုင်ရာဌာနအားလုံးတို့မှ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်ဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး၊ မိသားစုဆရာဝန် ဒေါက်တာအေးငြိမ်းကို၊ ကွယ်လွန်ပြီးသောအခါ နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ရပ်နီးရပ်ဝေးမှ ဖုန်း၊ လူမှုကွန်ရက်များဖြင့် သတင်းမေးမြန်းအားပေးခဲ့ကြသူများ၊ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ အနီးကပ်ပံ့ပိုးကူညီဆောင်ရွက်သူများ၊ လွမ်းသူ့ပန်းခြင်းများပေးပို့ခဲ့သော မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ ဇင်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဂျီ၊ အက်(စ်)၊ ရှားမား(ခ)ဦးဂျီရှန်ကာ (B.A,B.L)**

**(မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေးဗဟိုအဖွဲ့ချုပ်၏ ဥက္ကဋ္ဌဟောင်း)**

**(YAMONA INTERNATIONAL Co.,LTD၏ မန်နေဂျင်းဒါရိုက်တာ)**

**အသက်(၇၆)နှစ်**

၄-၁-၂၀၁၆ ရက် (တနင်္လာနေ့) အိန္ဒိယစံတော်ချိန် ၅း၄၅ နာရီတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၊ Asian Heart Institute ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့**
**သျှရီကာလီမယ်တော်ဘုရားကျောင်း**
**ကုန်းဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စိန်ဖူးတော်၊ ပြာသာဒ်၊ တံတိုင်း၊ ရေကန်ဒါယိကာမကြီး**

**ဒေါ်မာမာအေး**

**မိုးကုတ်မြို့**

**အသက်(၅၉)နှစ်**

ဦးထွန်းထွန်းဝင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံဌာန)၊ ထွေ/အုပ်ရုံးချုပ်၊ နေပြည်တော်-ဒေါ်အေးသန္တာကျော်တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီးသည် ၆-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

- **ဒေါ်နုနုဝင်း (ဗယ်လင်တိုင်းမိသားစု)**
- **ဦးကျော်ငြိမ်း-ဒေါ်နန်းခမ်းဆောင်**
- **ဦးမြင့်ဦး-ဒေါ်နန်းသောင်း**
- **ဦးထွန်းနေဦး-ဒေါ်ခင်ခင်ချို**
- **ဦးစည်သူမောင်-ဒေါ်နန်းကြာဖြူ**
- **ဦးစိုးထွန်းနိုင်-ဒေါ်သစ္စာငယ်**
- **ဦးလောတာ-ဒေါ်ဆွေဆွေမြင့်**
- **ဦးအိုက်ကျော်-ဒေါ်နန်းမြရင်**
- **ဦးခင်မောင်ကျော်-ဒေါ်စုစုမင်း**
- **ဒေါ်ရွှေစင်ခက်**
- **ဦးအောင်ဖြိုးရှိန်(မြန်မာ့အလင်း)၊ ဦးအောင်သန်းစိုး(သားညီ)**
- **ဦးဝင်းအောင်ဇော်၊ ဇောင်းညီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်မြင့်စိုး**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ် ၂၅၊ သစ္စာဥယျာဉ်လုံးချင်းအိမ်ရာနေ ဒေါ်သဇင်(ခ)ဒေါ်ခိုင်မြတ်ဝေ၏ခင်ပွန်း ဦးအောင်မြင့်စိုးသည် ၇-၁-၂၀၁၆ရက် နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**ဣန္ဒြိတံ ကုမ္ပဏီလီမိတက်**



မင်္ဂလာဈေးမီးလောင်နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များ သက်စွန့်ဆံဖျား ကြိုးပမ်းမီးငြိမ်းသတ်နေစဉ်။ ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)

**မီးသင့်ခဲ့ရသည့် ဆိုင်ခန်းများကို ရွှေမင်္ဂလာဈေးသစ်ကြီး အတွင်း ယာယီဈေးအဖြစ် ဖွင့်လှစ်နိုင်ရန် အမြန်ဆုံးဆောင်ရွက်ပေးမည်။**

**ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်**

..................

**ရွှေမင်္ဂလာ ဈေးသစ်ကြီးတွင် ကြိုတင် အခန်းငှားနေမှုများ ဖြစ်ပွားနေရာ တစ်ခန်းကို တစ်လ ငှားခ တစ်သိန်းကနေ သုံးသိန်းခေါ်နေ၊ မြေညီထပ်ဆို ငါးသိန်းကနေ ဆယ်သိန်းအထိ ဈေးတွေခုန်တက်။**

**အလှကုန်ရောင်းဝယ်သူ အမျိုးသမီးတစ်ဦး**

..................

**အချို့ဆိုင်ခန်းရှင်တွေက မီးအာမခံထားကြတယ်၊ မီးအာမခံဆိုတာက ကုန်ပစ္စည်းနဲ့ ရင်းနှီးမြှုပ်နှံမှုပေါ်မူတည်ပြီး ထားရတာပါ။**

**ကိုငယ်လေး(ဆေးဆိုင်)**

# ဒုတိယအကြိမ် မီးတောက်များ ဝါးမျိုခံရတဲ့နေ့

သတင်းဆောင်းပါး-ခင်ရတနာ

ရန်ကုန် ဇန်နဝါရီ ၉

**များပြားလှသည့် လူအုပ်ကြီး၏ စိုးထိတ်မှုများကိုကျော်ဖြတ်ကာ အလျှံတညီးညီးတောက်လောင်နေသည့် မီးညွှန့်များရှိရာသို့ ကျွန်မတိုးဝင်သွားမိသည်။ ဝေဟင်ထက်သို့ လွင့်ပျံနေသည့် မီးညွှန့်များကြားဝယ် မီးသတ်သမားတို့က သက်စွန့်ဆံဖျား မီးငြိမ်းသတ်နိုင်ရန် ကြိုးပမ်းနေကြသည်။ ဆိုင်ပိုင်ရှင်အချို့၏ ငိုကြွေးသံများ၊ ကြက်ခြေနီအချို့၏ တားမြစ်သံများနှင့် မီးသတ်ကားတို့၏ ဩဥဆွဲသံများက ရပ်ကြည့်နေကြသည့် လူထု၏ရင်ကို တိုက်ရိုက်ထိမှန်ပုံရသည်။ အားလုံးသောမျက်နှာတွင် စိုးရိမ်မကင်းမှုများကို နံနက်ခင်းရောင်ခြည်ဦးအောက်တွင် မြင်တွေ့ရသည်။ ဤသို့လျှင် ဇန်နဝါရီ ၉ ရက် လင်းအားကြီးချိန်မှစကာ မီးလောင်ကျွမ်းမှုအဆင့်သတ်မှတ်ချက်(၅)ဖြင့် မင်္ဂလာဈေးသစ်ကြီး ဒုတိယအကြိမ် မီးလောင်ကျွမ်းခဲ့လေသည်။**

### ဇွဲသတ္တိနှင့်စွမ်းစွမ်းတမံ

မီးသတ်ယာဉ်အချို့နှင့် ရေသယ်ယာဉ်များက မီးညွှန့်တလူလူတက်နေသည့် စတုတ္ထထပ်သို့ ရေပက်ဖျန်းရန်နှင့် ရေအကူပေးရန် တာစူနေကြပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ ဇွဲသတ္တိနှင့် စွမ်းစွမ်းတမံဆောင်ရွက်ချက်တို့ကို အံ့မခန်းမြင်တွေ့ရသည်။ စောင့်ကြည့်နေသူများပင် မီးအပူရှိန်ကို ခံစားနေကြရချိန်တွင် ၎င်းတို့ကတော့ ဆောင်းရာသီနံနက်ခင်း ချွေးနှင့်ရေတို့ဖြင့် ရွှဲရွှဲစိုနေသည့် မီးသတ်ဝတ်စုံများကို ဝတ်ဆင်ကာ မီးညွှန့်ကျိုးပြီး မီးခိုးများငြိမ်သက်သွားသည်အထိ ကြိုးစားငြိမ်းသတ်ကြသည်။ နံနက် ၁၁ နာရီခွဲအထိ မီးငြိမ်းသတ်ဆဲ၊ မီးခိုးများကလည်း ထွက်ဆဲ၊ ပရိသတ်ကြီးကလည်း စောင့်ကြည့်ဆဲပင်။

"ကျွန်မတို့ဆိုင်ကိုစလောင်တာ နံနက် ၃ နာရီခွဲလောက်မှာပါ။ အပေါ်ကို လောင်နေပြီဆိုကတည်းက စာမျက်နှာ ၁၀ ကော်လံ ၁ ◆



မင်္ဂလာဈေးကြီးအတွင်းရှိ မီးလောင်နေသည့်ဆိုင်ခန်းကို မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး မီးငြိမ်းသတ်နေစဉ်။ ဓာတ်ပုံ-မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

## MNL ပြိုင်ပွဲတွင် ရခိုင်နှင့် ဇေယျာရွှေမြေတို့ ပွဲဦးထွက်နိုင်

သတင်း-ညီမြတ်သော်တာ

ရန်ကုန် ဇန်နဝါရီ ၉

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁) ပထမနေ့ပွဲစဉ်များကို ယနေ့စတင်ကျင်းပရာ ရခိုင်အသင်းနှင့် ဇေယျာရွှေမြေအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက Southern အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ တန်းတက် Southern အသင်း၏ ပထမပိုင်းတွင် သွင်းယူသည့်ဂိုးကြောင့် ရခိုင်အသင်းခြေသာသော်လည်း နောက်မှလိုက်ကစားခဲ့ရပြီး ဘရာဇီးတိုက်စစ်မှူးအန်ဒရေ၏ ဂိုးနှစ်ဂိုးကြောင့်သာ ပွဲဦးထွက်မျက်နှာပန်းလှခဲ့ခြင်းဖြစ်သည်။ MNL ကလပ်အသင်းများထဲတွင် တစ်သင်းတည်းသော ပြည်တွင်းကစားသမားများဖြင့်သာ တည်ဆောက်ထားသည့် Southern အသင်းမှာ ရှုံးကန်ခဲ့ရပြီး ပွဲဦးထွက်ရှုံးပွဲကြောင့် လာမည့်ပွဲစဉ်များတွင် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။ ၂၀၁၅ ရာသီက ရုန်းကန်ခဲ့ရသည့် ရခိုင်အသင်းမှာ ယခုရာသီတွင် အဖွင့်ပွဲ၌ပင် ရလဒ်ကောင်းခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၁၄ ကော်လံ ၁ ❐

## မိုးအနည်းငယ် ဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၉

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။ (မိုး/ဇလ)






မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS